# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်း ဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၇)၊ အမှတ်(၀၄၀)




## ဒိုက်ဦးမှ ဖျက်ကြီးကျေးရွာအထိ ဓာတ်အားလိုင်း ၁၀ မိုင်နှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထား

ပြည်သူ့လွှတ်တော်အစည်းအဝေး

စာ » ၆



## မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းအား ပြဋ္ဌာန်းရန် လွှတ်တော်၏ အဆုံးအဖြတ် ဆက်လက် ရယူ ဆောင်ရွက်သွားမည်

အမျိုးသားလွှတ်တော်အစည်းအဝေး

စာ » ၇

# NCA လက်မှတ်ရေးထိုးနိုင်ရေး နိုင်ငံတော်အစိုးရထံ UNFC အဆိုပြုထားသည့် အချက်ကိုးချက်အနက် သဘောတူရန် ကျန်ရှိနေသည့် အချက်များကို သတ္တမအကြိမ် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး



ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ် အစည်းအဝေးကျင်းပစဉ်

**ရန်ကုန် နိုဝင်ဘာ ၈**

ငြိမ်းချမ်းရေးကော်မရှင် (PC)နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ငြိမ်းချမ်းရေးဖြစ်စဉ်များသည် တိုးတက်မှုရှိလာကြောင်း၊ ယင်းသို့ တိုးတက်လာသည့် ဖြစ်စဉ်များအပေါ် ယနေ့ တက်ရောက်လာကြသော နှစ်ဖက်ခေါင်းဆောင်များက ကဏ္ဍအလိုက် ဝိုင်းဝန်းပံ့ပိုးကာ

*စာမျက်နှာ ၃ ကော်လံ ၁*

## ငြိမ်းချမ်းရေး ဂီတပွဲတော် Level-3 ပွဲစဉ် ၂ ပြိုင်ပွဲအား ရန်ကုန် အမျိုးသားဇာတ်ရုံ၌ နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေး သီချင်းဆိုပြိုင်ပွဲကို Level-1 ပဏာမအသံစစ်ဆေးခြင်းကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၁၁ မြို့၌ ကျင်းပခဲ့ပြီး Level-2 ပြိုင်ပွဲများအား မန္တလေးမြို့နှင့် နေပြည်တော်တို့၌ ကျင်းပခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-3 ပြိုင်ပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ပွဲစဉ် ၂ ပြိုင်ပွဲအား နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မလေးကျွန်းဆွယ်အနီးတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေ

**နေပြည်တော် နိုဝင်ဘာ ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်မှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မလေးကျွန်းဆွယ်အနီးတွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေကြောင်း သိရသည်။

မြန်မာ့အလင်း




မြန်မာ့အလင်း

# နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ နိုင်ငံတော်ကိုယ်စားပြု ပြည်ပ ခရီးစဉ်များ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Asia- Pacific Economic Cooperation - APEC) အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမည့် အထူးအစည်းအဝေးသို့ တက်ရောက်မည် ဖြစ်ပါသည်။ ဤအစည်းအဝေးကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါသည်။ အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (APEC) ၌ ပစိဖိတ်ဝန်းကျင်နိုင်ငံ ၂၁ နိုင်ငံ ပါဝင်ပါသည်။ အဆိုပါ ၂၁ နိုင်ငံ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံ အများစုပါဝင်သကဲ့သို့ အမေရိကန်ပြည်ထောင်စု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံကဲ့သို့သော ကမ္ဘာ့နိုင်ငံကြီးများပါဝင်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နိုဝင်ဘာလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေး အပါအဝင် ဆက်စပ်အစည်းအဝေးများသို့လည်း တက်ရောက်မည်ဖြစ်ပါသည်။ ယခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးသည် အာဆီယံအဖွဲ့ထူထောင်ခြင်း နှစ် (၅၀) နှစ်ပတ်လည်နှင့်လည်း တိုက်ဆိုင်နေ၍ အာဆီယံပြည်သူအားလုံးအတွက် ဤပေါင်းစည်းခြင်း ရွှေရတုအခမ်းအနားသည် မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော အခမ်းအနားတစ်ရပ်ပင် ဖြစ်ပါသည်။ အာဆီယံအဖွဲ့သည် ၂၀၀၉ ခုနှစ်မှစ၍ အဖွဲ့ထိပ်သီးအစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပလျက်ရှိပါသည်။ ယခုကျင်းပမည့် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသည် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် တတိယအကြိမ်မြောက် လက်ခံကျင်းပသည့် ထိပ်သီးအစည်းအဝေးဖြစ်ပါသည်။

(၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ပင်မအာဘော်သည် ကမ္ဘာကြီးနှင့် လက်တွဲလျက် အပြောင်းအလဲအတွက် မိတ်ဖက်ထူထောင်ခြင်း (Partnership for change, engaging the world )ဖြစ်ပါသည်။ အာဆီယံ ၁၀ နိုင်ငံ၏ တစ်ခုတည်းသောအဖွဲ့အဖြစ် စုစည်းရပ်တည်မှုသည် တစ်နိုင်ငံချင်းစီ၏ အင်အားတို့ကို ကိန်းဂဏန်းသဘောအရ ပေါင်းလိုက်သည်ထက် ပိုမိုနက်ရှိုင်းခိုင်မာသည်ဟူသော အာဆီယံအဖွဲ့၏ ခံယူချက်ကို ဤ(၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ပင်မအာဘော်က ထင်ဟပ်လျက်ရှိပါသည်။ အာဆီယံထိပ်သီးအစည်းအဝေးနှင့်အတူ အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေးကို ကျင်းပမည် ဖြစ်သကဲ့သို့ အရှေ့အာရှ ထိပ်သီးအစည်းအဝေး (East Asia Summit) ကိုလည်း ကျင်းပမည်ဖြစ်ပါသည်။ အရှေ့အာရှထိပ်သီးအစည်းအဝေး၌ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံ ၁၈နိုင်ငံ တက်ရောက်မည်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဤခရီးစဉ်များသည် မြန်မာနိုင်ငံ၏ ကမ္ဘာ့နိုင်ငံများအလယ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေမှုကို မီးမောင်းထိုးပြသမည်သာမက ပိုမိုအရှိန်အဝါ တောက်ပစေမည်ဟု ယုံကြည်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

၉ -၁၁-၂၀၁၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **အာဆီယံပစ္စုပ္ပန်နှင့် အနာဂတ် ပူးပေါင်းဆက်နွှယ်မှုနှင့် စီးပွားရေး စကြံလမ်းမများ(မြန်မာ)**
၉း၄၀ - **အာဆီယံအသိုက်အဝန်းအလွန်** AEC
၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်
၁၃း၃၀ - ဆေးရောင်စုံရုပ်ရှင် **သမီးရှင်** (ပထမပိုင်း)

ရန်အောင်၊ ဒွေး၊ မျိုးသန္တာထွန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

**ညပိုင်း**

၁၆း၃၅ - **သာယာအေးချမ်းခြင်းနှင့်အတူ ကြည်နူးရင်ခုန်စရာ ဆုံမှတ်ကမ္ဘာ**
၁၇း၀၅ - NHK Program **ဂျပန်၏ အလုပ်စွယ်စုံကျမ်း** (အရေးပေါ်သူနာပြု)
၁၈း၃၅ - **မျက်မှောက်ရေးရာအဖြာဖြာ**
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသန အဆိုပြုလွှာ ရေးဆွဲနည်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် SEARCA (Southeast Asian Regional Center for Graduate study and Research in Agriculture) တို့ ပူးပေါင်းပြီး စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသန အဆိုပြုလွှာရေးဆွဲနည်း အလုပ်ရုံဆွေးနွေးပွဲ (Trainings- Workshop on Development Fundable Research Projects Proposals for Agricultural and Rural Development) ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ နိုဝင်ဘာ ၆ ရက်က ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က အမှာစကားပြောကြားသည်။




အဆိုပါ ဆွေးနွေးပွဲပြုလုပ်ရခြင်းကြောင့် နိုင်ငံတကာမှ အတွေ့အကြုံရှိသော ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိမည်ဖြစ်ပြီး ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ရရှိခဲ့သော အတွေ့အကြုံဗဟုသုတများကို အခြေခံ၍ မိမိတို့တက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် သုတေသနစီမံကိန်းအဆိုပြုလွှာများရေးဆွဲရာတွင် စနစ်ကျနစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်များ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသားစုစုပေါင်း ၄၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး**
**ဓာတ်ပုံ-မေမိုးသဲ**

**ထင်သာမြင်သာပြုပြင်စရာ**

# သာစည်မြို့ပေါ်၌ ခွေးလေ ခွေးလွင့်များ ပေါ်များနေသဖြင့် သက်ဆိုင်ရာက ဖယ်ရှားပေးရန် မြို့လူထု လိုလားနေ

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ မြို့ပေါ်လမ်းမကြီးများပေါ်နှင့် ရပ်ကွက်များအတွင်းရှိ လမ်းကြားများတွင် ပိုင်ရှင်မဲ့ ခွေးလေခွေးလွင့်များ အုပ်စုဖွဲ့၍ သွားလာနေကြသောကြောင့် ဆိုင်ကယ်စီးနင်းမောင်းနှင်သူများမှာ မကြာခဏ ခွေးအုပ်စုကို ရှောင်ရင်းမှ တိမ်းမှောက်မှုဖြစ်ခဲ့ကြပြီး တချို့မှာ လက်ကျိုးခြင်း၊ ပေါင်ကျိုးခြင်း ဒဏ်ရာများ ရရှိခဲ့ကြသည့်အပြင် တချို့မှာ ထိပ်ပေါက်၊ ခေါင်းကွဲ ဒဏ်ရာများအထိ ရရှိနေကြောင်း သိရသည်။

သာစည်မြို့ပေါ်၌ ခွေးလေ ခွေးလွင့်များ ပေါ်များနေသည်မှာ နှစ်ကြာပြီဖြစ်ပြီး ပို၍တိုးပွားလာနေခြင်းဖြစ်ကြောင်း၊ ယင်းခွေးလေ ခွေးလွင့်များ အကိုက်ခံရပါက ခွေးရူးပြန်ရောဂါ ရရှိနိုင်သည့်အတွက် ခွေးရူးပြန်ကာကွယ်ဆေးကို ဈေးကြီးပေးပြီး ရက်ပတ်စေ့ အောင်ထိုးနှံနေရသည့်အတွက် ငွေကုန်ကြေးကျများကြောင်း၊ အချိန်မီကာကွယ်ဆေးများ မထိုးနိုင်ပါက အသက်ပါဆုံးရှုံးနိုင်သည့်အတွက် သက်ဆိုင်ရာက ယင်းခွေးလေ ခွေးလွင့်များကို ဖယ်ရှားပေးရန် မြို့လူထုက လိုလားနေကြောင်းဖြင့် ဆိုင်ကယ်မှောက်၍ ဒဏ်ရာရရှိခဲ့သူ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးဝင်းကိုက ပြောသည်။



**မောင်ကို(သာစည်)**

## အဆင့်မြင့် ကွန်ပျူတာ သင်တန်းဖွင့်

**ပဲခူး နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၆ ရက်က အဆင့်မြင့်ကွန်ပျူတာသင်တန်း(၂/၂၀၁၇) ဖွင့်လှစ်ကျင်းပခဲ့ရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်ဦးက အမှာစကားပြောကြားခဲ့သည်။ ယင်းသင်တန်းကို ပြည်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း ၂၂ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ရွှေတောင်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၈-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၄၅/၇၅၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၅၀/၇၆၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၉၅/၈၀၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၆၅/၇၅၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ · ၀ |
| ဥရောပ | တစ်ယူရို | ၁၅၈၆ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ · ၅ |
| ထိုင်း | တစ်ဘတ် | ၄၁ · ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၁၃ |
| တရုတ် | တစ်ယွမ် | ၂၀၅ · ၉၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ · ၃၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော်  နိုဝင်ဘာ  ၈**

ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ (Defence & Security 2017) သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ထိုင်းဘုရင့် တပ်မတော်ပူးတွဲစစ်ဦးစီးချုပ် Gen. Ponpipaat Benyasri နှင့် ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Jukr Boon-Long ၊ ထိုင်းဘုရင့် တပ်မတော်ရေတပ်စစ်သံမှူးနှင့် လေတပ်စစ်သံမှူးတို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။** သတင်းစဉ်

# နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua အား လည်းကောင်း၊ နံနက် ၁၁ နာရီ တွင် ဖင်လန်နိုင်ငံ သံအမတ်ကြီး H.E.Ms. Riikka Latu အား လည်းကောင်း **(ယာပုံ)**၊ မွန်းတည့် ၁၂ နာရီတွင် ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolay Listopadov အား လည်းကောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်သင်တန်းများ ပံ့ပိုးကူညီပေးနိုင်ရေးနှင့် ဖွံ့ဖြိုးမှုအကူအညီပေးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့တွင်းလမ်း တိုးချဲ့မည့်နေရာနှင့် ရေနုတ်မြောင်းများအား ပြည်နယ်ဝန်ကြီးချုပ် စစ်ဆေး

**တောင်ကြီး  နိုဝင်ဘာ  ၈**

တောင်ကြီးမြို့ စူဠာမုနိအတက်လမ်း အနောက်ဘက်ရှိ ရွှေရင်အေးလမ်းအား တိုးချဲ့ပြုပြင်ဆောင်ရွက်မည့်နေရာသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် အဖွဲ့သည် နိုဝင်ဘာ ၈ ရက် နံနက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ယင်းနောက် စဝ်စံထွန်း ဈေးအနောက်ဘက်ရှိ ရေစီးရေလာကောင်းမွန်ရေးအတွက် မြန်မာနိုင်ငံတွင် ပထမဦးဆုံး Pre-cast (ကြိုတင်သွင်းလောင်းထားသည့် ကွန်ကရစ်) ရေနုတ်မြောင်းနှင့် ပလက်ဖောင်းအဖုံး တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘုရားဖြူရပ်ကွက်ရှိ လေယာဉ်ကွင်းလမ်းဟောင်းကို ဘုရားဖြူရပ်ကွက်မှ မင်္ဂလာဦးရပ်ကွက်အထိ ပေ ၂၀၀ ကျော် ကျောက်လမ်းကို ကတ္တရာလမ်းအဖြစ် ပြန်လည်ဖောက်လုပ်ပြုပြင်ရန်အတွက် သွားရောက်ကြည့်ရှုပြီး မင်္ဂလာဦးရပ်ကွက် မင်္ဂလာလမ်းဘေးရှိ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြုပြင်နေသော Pre- cast (ကြိုတင်သွင်းလောင်းထားသည့် ကွန်ကရစ်)များကို ရေနုတ်မြောင်းအတွင်း ကရိန်းဝန်ချီစက်ဖြင့် ရေမြောင်းအတွင်းချ၍ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**၁ရှေ့စုံးမှ**

နိုင်ငံတော်တိုးတက်ရေးနှင့် နိုင်ငံတစ်ဝန်း မီးတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ လိုအပ်နေသော ငြိမ်းချမ်းရေးကို ပူးပေါင်းလုပ်ဆောင်ပေးစေလိုကြောင်း၊ အားလုံးစည်းစည်းလုံးလုံးဖြင့် ငြိမ်းချမ်းရေးပန်းတိုင်ခရီးအတွက် ယခုအစည်းအဝေးမှ နှစ်ဖက်ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးအဖြေရှာကာ ငြိမ်းချမ်းရေးပန်းတိုင်ဖြစ်သော NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ရေးကို ကြိုးစားပေးစေလိုကြောင်း ပြောကြားသည်။

**လက်မှတ်ထိုးနိုင်ရေး ဆန္ဒပြု**

ထို့နောက် တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့အကြား NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးလာသည်မှာ ၁၅ လအတွင်း ရှစ်ကြိမ်ခန့်ရှိလာပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် တွေ့ဆုံဆွေးနွေးမှုတွင် မပြီးပြတ်ခဲ့ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် တပ်ပိုင်းဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ တပ်နေရာချထားမှုများ၊ ကြားကာလဆောင်ရွက်ချက်ကိစ္စများ၊ နိုင်ငံခြားသားပါဝင်မှု အခန်းကဏ္ဍကိစ္စများနှင့် ပတ်သက်သည့် JMC လုပ်ငန်းကိစ္စများကို ပြေပြေလည်လည်ဖြစ်စေရန် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် JMC ကော်မတီမှ အဖွဲ့ဝင်များ ပါဝင်တက်ရောက်သည့်အတွက် JMC လုပ်ငန်းဆိုင်ရာနှင့် ပတ်သက်သော မကျေလည်မှုများ၊ မရှင်းလင်းသည့် မေးခွန်းများအား EAOs များဘက်မှ မေးမြန်းခဲ့လျှင်လည်း ကျေလည်သည်အထိ ပြန်လည်ရှင်းလင်း ဖြေကြားသွားမည်ဖြစ်ကြောင်း၊ အချို့သော လုပ်ငန်းများသည် NCA လက်မှတ်ရေးထိုးပြီးသော အဖွဲ့များနှင့် ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ကြားကာလအစီအစဉ် လုပ်ငန်းများတွင်လည်း NCA လက်မှတ်ရေးထိုးပြီးသော အဖွဲ့များနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်နေရာချထားရေး အစီအစဉ်မှာလည်း ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ယင်းအခြေအနေများကို ရှေ့ဆက်၍ မည်သို့မည်ပုံ ဆောင်ရွက်သွားမည်ဆိုသည်ကို နှစ်ဖက်ချမှတ်ထားသည့် မူဝါဒများရှိသည့်အတွက် ပြေပြေလည်လည် ဆွေးနွေးရှင်းလင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တပ်ပိုင်းဆိုင်ရာJMCလုပ်ငန်းများတွင် မသိသေးသော အချက်များကို ရှင်းလင်းသွားမည်ဖြစ်ပြီး နိုင်ငံတော်၏ ငြိမ်းချမ်းရေးမဟာဗျူဟာဖြစ်သော NCA စာချုပ်အား အတူတကွ လက်မှတ်ထိုးနိုင်ရေး ဆန္ဒပြုကြောင်း ပြောကြားသည်။

**အဖြေရှာဆွေးနွေး**

ဆက်လက်၍ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) အဖွဲ့ခေါင်းဆောင် ခူဦးရယ်က အဆိုပြုချက် အချက်ကိုးချက်တွင် ဆွေးနွေးရန် အဓိကကျန်ရှိနေသေးသော အဆိုပြုချက် အချက်နံပါတ် ၅ ပါ စစ်ဘက်ဆိုင်ရာကိစ္စရပ်များအား အကျယ်ချဲ့ကာ အသေးစိတ်ဆွေးနွေးနိုင်ရန် ယနေ့ ဆွေးနွေးပွဲတွင် DPN အဖွဲ့ အနေဖြင့် တာဝန်ရှိသူများ ပါဝင်ပါကြောင်း၊ အဆိုပြုချက် အချက်ရှစ်ချက်၏ အချက် နံပါတ် ၅ တွင် ပါဝင်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စများနှင့် နီးနွှယ်သော အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ PC နှင့် DPN တို့ တွေ့ဆုံဆွေးနွေးလာကြသည်မှာ ယခုအကြိမ်တွင် ခုနစ်ကြိမ်ထက်မနည်း ရှိလာပြီ ဖြစ်သောကြောင့် တစ်ဖက်နှင့်တစ်ဖက် သဘောထားအမြင်များကို နားလည်မှုရှိနေကြပြီဟု ယူဆရကြောင်း၊ နားမလည်နိုင်သေးသည့် အချက်များ မရှိနိုင်တော့ဟု မှတ်ယူမိကြောင်း၊ သို့သော် နားလည်ရုံဖြင့်မဟုတ်ဘဲ အခြေခံအားဖြင့် မည်သို့ သဘောတူညီချက် ရရှိနိုင်မည်ဆိုသည်ကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ၁၅ လဆိုသော အချိန်သည် အလွန်ကြာညောင်းလှသည့် ကာလဖြစ်ပြီး ဆွေးနွေးနေသော အချက်သည် ရှစ်ချက်သာလျှင် ရှိကြောင်း၊ ယခု သဘောတူညှိနှိုင်းမှုရရှိရေး ဆွေးနွေးပွဲအား နောက်ဆုံးအကြိမ် ဆွေးနွေးသည့် အစည်းအဝေး ဖြစ်ရန်မှာ နှစ်ဖက်တွေ့ဆုံဆွေးနွေးကြသော ခေါင်းဆောင်များ၏ လက်ထဲတွင်သာရှိကြောင်း၊ အဖြေရှာဆွေးနွေးသည့်အခါတွင်လည်း တူညီသော သဘောထားများအား တက်လှမ်းကာ ဆုံးဖြတ်ချက်ချ၍ အဖြေရှာနိုင်စေလိုကြောင်း ပြောကြားသည်။

**ခေါင်းစဉ်အလိုက် ဆွေးနွေး**

ယနေ့ အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA ) လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက်ကိုးချက်အနက် သဘောတူရန်ကျန်ရှိနေသည့် အချက်များနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ NCA လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စများနှင့် အထွေထွေကိစ္စရပ်များကို ခေါင်းစဉ်အလိုက် ဆွေးနွေးကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ဦးနိုင်ငံလင်းနှင့် ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)မှ အရပ်သားကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ Re.v စောမက်သရူးအေးနှင့် အဖွဲ့ဝင်များ၊ DPN မှ အဖွဲ့ခေါင်းဆောင် ခူဦးရယ်၊ ဒုတိယအဖွဲ့ခေါင်းဆောင် နိုင်အောင်မငေးနှင့် အဖွဲ့ဝင်များ၊ လေ့လာသူများအဖြစ် NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့မှ ပဒိုစောကွယ်ထူးဝင်း၊ ရဲဘော်သံခဲတို့ အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၊ အကျိုးဆောင်အဖွဲ့များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးမှ ဆွေးနွေးရန်ကျန်ရှိနေသော အချက်များအား နိုဝင်ဘာ ၉ ရက် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

# ရခိုင်ပြည်နယ်တွင်း တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ရေးဆွေးနွေး

**နေပြည်တော်  နိုဝင်ဘာ ၈**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ တူနယ်တီးနပ်စ်အား ယနေ့နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဖြစ်စဉ်၊ ရခိုင်ပြည်နယ်တွင်း တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ထိပ်သီး အစည်းအဝေး ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်း တက်ရောက်ခဲ့




**နေပြည်တော်  နိုဝင်ဘာ ၈**

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းသည် လာအိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုဝင်ဘာ ၆ ရက်က ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၄)ကြိမ်မြောက် ထိပ်သီး အစည်းအဝေး (4th ASEANSAI Summit) သို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ အရှေ့တောင်အာရှနိုင်ငံများမှ စာရင်းစစ်ချုပ်များနှင့် ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး Strategic Planning Committee၊ Rules and Procedures Committee၊ Knowledge Sharing Committee၊ Training Committee၊ Head of Administration Function နှင့် Head of Secretariat Function တို့၏ ၂၀၁၅-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို ရှင်းလင်းတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ၊ Rules and Procedures ပြင်ဆင်မှုနှင့် ၂၀၁၈-၂၀၂၂ ခုနှစ် မဟာဗျူဟာစီမံချက် စသည်တို့ကို အတည်ပြုခြင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ကော်မတီအသီးသီး၏ လုပ်ငန်းစီမံချက်များနှင့် ဘတ်ဂျက်များ၊ အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ဘတ်ဂျက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အတည်ပြုချက်ရယူခဲ့ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် လာအိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်စာရင်းစစ်ရုံး ဥက္ကဋ္ဌအား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ စာရင်းစစ်ချုပ်အား လည်းကောင်း၊ ၂၀၁၈-၂၀၂၃ သက်တမ်းအတွက် အတွင်းရေးမှူးရုံးအဖြစ် အင်ဒိုနီးရှားနိုင်ငံစာရင်းစစ်ချုပ်ရုံးအား လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွက် ဘဏ္ဍာရေးရှင်းတမ်းစစ်ဆေးမည့် စာရင်းစစ်အဖြစ် ထိုင်းနိုင်ငံ စာရင်းစစ်ချုပ်ရုံးအား လည်းကောင်း ခန့်အပ်မှုတို့ကို အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ ကင်းထောက် အမျိုးသမီးအဖွဲ့၏ နှစ် ၆၀ ပြည့် ကင်းထောက်ပွဲတော်သို့ မြန်မာ ကင်းထောက် အမျိုးသမီးကိုယ်စားလှယ်များ တက်ရောက်မည်

**ရန်ကုန်  နိုဝင်ဘာ ၈**

မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့ချုပ်မှ မြန်မာကင်းထောက် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နိုဝင်ဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် “GGAT 60th Anniversary Camp of Thailand 2017” တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာကင်းထောက် အမျိုးသမီး ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့၏ နှစ် ၆၀ ပြည့် ကင်းထောက်ပွဲတော်အခမ်းအနားသို့ တက်ရောက်ပြီး ကမ္ဘာ့ကင်းထောက် အမျိုးသမီးများနှင့် နိုင်ငံတကာ ကင်းထောက်အတတ်ပညာများ၊ ယဉ်ကျေးမှုများ၊ ကင်းထောက်ဆိုင်ရာ လှုပ်ရှားမှုများ စသည့်အတွေ့အကြုံများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာကင်းထောက် အမျိုးသမီး ကိုယ်စားလှယ်အဖြစ် အဖွဲ့ချုပ်မှ တာဝန်ခံသင်တန်းနည်းပြနှစ်ဦးနှင့်အတူ အခြေခံပညာကျောင်းများမှ ဆရာမ ငါးဦး၊ ကျောင်းသူ ၂၆ ဦး၊ တက္ကသိုလ်များမှ ကျောင်းသူ ၂၁ ဦး အပါအဝင် စုစုပေါင်း ၅၄ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း (ကမာရွတ်)**

# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော်  နိုဝင်ဘာ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနား၊ ခန္တီး၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များ၌ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ဇမ္ဗူသီရိမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သရုပ်ပြ

**နေပြည်တော်  နိုဝင်ဘာ ၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ MAPCO ကုမ္ပဏီနှင့် ကိုရီးယားနိုင်ငံ (YANMAR) ကုမ္ပဏီတို့ပူးပေါင်း၍ ရိတ်သိမ်းခြွေလှေ့စက်များ၊ ထွန်စက်များဖြင့် ရှင်းလင်းမိတ်ဆက်လက်တွေ့သရုပ်ပြခြင်းကို တဲကြီးကုန်းအုပ်စု (KOICA) ကျွိုက်ကာ စိုက်ကွင်းရှိ တောင်သူ ဦးကျော်မြင့်၏ စိုက်ခင်း၌ ကျင်းပခဲ့သည်။

ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သရုပ်ပြခြင်းအခမ်းအနားသို့ နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်အောင်နှင့် နေပြည်တော်ရှစ်မြို့နယ်ရှိ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများ၊ YANMAR ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် စိုက်ပျိုးတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**



# ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော်  နိုဝင်ဘာ ၈**

ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ မိုးရွာသွန်းမှု**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေ မှ ကိုးပေခန့်နှင့်မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# လောကကြေးမုံ စာကြည့်တိုက်အတွက် ဆယ်မားအူလ်အွန်ဒုန်အဖွဲ့က စာအုပ်များလှူဒါန်း

**ကျောက်ဖြူ  နိုဝင်ဘာ ၈**

ကျောက်ဖြူမြို့နယ် လိပ်ခမော်ကျေးရွာအုပ်စု မလက္ခုန်းကျေးရွာ လောကကြေးမုံ စာကြည့်တိုက်အတွက် တောင်ကိုရီးယားနိုင်ငံ နိုင်ငံတကာ ဆက်ဆံရေးအေဂျင်စီ (Konica) နှင့် မြန်မာနိုင်ငံအစိုးရတို့၏ ပူးပေါင်းကူညီမှုဖြင့် ဆယ်မားအူလ်အွန်ဒုန် မလက္ခုန်း စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့က စာအုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၇ ရက် နံနက်က ကျင်းပခဲ့သည်။

အခမ်းအနားကို မြို့နယ်ဦးစီးမှူး ဦးအောင်သန်းနိုင်က ကျေးလက်နေပြည်သူလူထုအား အသိပညာ၊ ဗဟုသုတများပေးလျက်ရှိသော ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် မိမိတို့ဌာနမှလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ လောက ကြေးမုံစာကြည့်တိုက်မှူး ဦးမောင်သန်းဖြူက စာငှား၊ စာဖတ် ဆောင်ရွက်နေမှုကို ပြောကြားခဲ့ပြီး ဆယ်မားအူလ်အွန်ဒုန် မလက္ခုန်းဥက္ကဋ္ဌ ဦးစိုးသွင်ကပညာရပ်မျိုးစုံ ငွေကျပ်လေးသိန်းတန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဆရာ ဆရာမများ ရာထူးတိုး/ပြောင်း ဆောင်ရွက်ရန် ရွေးချယ်ရေးတန်းစီဇယား သတ်မှတ်ခြင်း မူများ ဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၈

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ဆရာ ဆရာမများ ရာထူးတိုး/ပြောင်း ဆောင်ရွက်ရန်အတွက် ရွေးချယ်ရေး တန်းစီ ဇယားသတ်မှတ်ခြင်း 'မူ'များ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၃၃ ခုတွင် ဆရာ ဆရာမ ၂၁၂၆၅ ဦးနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၃၅၄၃၃ ဦးရှိကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းများစွာ ပညာရေး ခေတ်နောက်ကျလာခဲ့ရာမှ လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်နေချိန်တွင် ဆရာ ဆရာမများအနေဖြင့် အင်္ဂလိပ်စာကျွမ်းကျင်မှု၊ ICT ကျွမ်းကျင်မှုများ မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ ကိုယ်တိုင်အရည်အသွေးမြင့်မားရေးအတွက် စာများများဖတ်၍ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးသားခြင်းနှင့် အကျိုးရှိထိရောက်သော သုတေသနလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုပါကြောင်း။

ကျောင်းသား ကျောင်းသူများအား အလွတ်ကျက်မှတ်မှုကို အားမပေးဘဲ Deep Learning သင်ယူနိုင်ရေးအတွက် တက္ကသိုလ်ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေရာတိုင်းတွင် လိုအပ်ချက် မပြည့်စုံမှု၊ အခက်အခဲ စိန်ခေါ်မှုများရှိနေသော်လည်း ကြံ့ကြံ့ခံ ရင်ဆိုင်ဖြေရှင်း၍ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရန် လိုကြောင်း၊ ဆရာ ဆရာမများ စွမ်းဆောင်ရည်မြင့်မားရေးကို အလေးထား ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်၍ ဝန်ထမ်းဥပဒေများနှင့် ခွင့်ပြုဘဏ္ဍာငွေများအရသာ ဆောင်ရွက်ပေးနေရပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို လူသားကောင်းများဖြစ်အောင်၊ ပူးပေါင်းဆောင်ရွက်တတ်အောင်၊ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်အောင်၊ တီထွင်ကြံဆတတ်အောင် လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ အရည်အသွေးမြင့်မားရေးအတွက် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်နိုင်ရေးနှင့် အရည်အသွေးအာမခံနိုင်မှုရှိသော ပညာရေးလမ်းကြောင်းပေါ်ရောက်အောင် အားလုံး ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည် ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် အဆင့်မြင့်ပညာဦးစီးဌာနမှ ဒေါက်တာသိန်းဝင်းတို့က တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာ ဆရာမများ၏ ရာထူးတိုးပြောင်းကိစ္စများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၁၇ ခုနှစ်၊ ၉၇ နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ★ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊
- ★ တိုင်းရင်းသားအားလုံး ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊
- ★ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး။

# မန္တလေးမြို့တွင် ငြိမ်းချမ်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မီးထွန်းပွဲတော်နှင့် လမ်းလျှောက်စာအုပ်ဈေးပွဲတော် ဖွင့်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးမြို့ ကျုံးအရှေ့ဘက် ၆၆ လမ်းပေါ်တွင် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီက ကြီးမှူး၍ ငြိမ်းချမ်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည်။ ငြိမ်းချမ်းရေး မီးထွန်းပွဲတော်နှင့် လမ်းလျှောက်စာအုပ်ဈေးပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၈ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က "တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးရှိဖို့ပါ၊ တည်ငြိမ်အေးချမ်းမှု မရှိဘူးဆိုရင် ငြိမ်းချမ်းရေး ပျက်သုဉ်းတာပဲ၊ ငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီ ထူထောင်လို့မရဘူး၊ ဒါကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းရေးကို အဓိကထား လုပ်ဆောင်နေပါတယ်၊ နောက် မျိုးဆက်သစ်တွေအတွက် ဖွံ့ဖြိုးတိုးတက်အောင်၊ ပညာရေးမြင့်မားအောင် ငြိမ်းချမ်းရေးကို ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြပါ" ဟု အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာ နာယက ဒေါက်တာ ဒေါ်ယုယုမေနှင့် ကော်မတီဝင်များ၊ တက်ရောက်လာသူများက ပွဲတော်အတွင်းရှိ စာအုပ်ဆိုင်များ၊ အမှတ်တရ အရောင်းဆိုင်များ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများနှင့် ငြိမ်းချမ်းရေး အထိမ်းအမှတ် မီးထွန်းညှိမှုများကို လိုက်လံ ကြည့်ရှုခဲ့ကြသည်။

ငြိမ်းချမ်းရေးအထိမ်းအမှတ် ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အဆိုပါ ကျုံးအရှေ့ဘက်တစ်လျှောက်တွင် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ အပြာရောင် ချိုင့်ကျက်မီးပုံး အလုံး ၃၀၀ ကို ချိတ်ဆွဲထွန်းညှိကြပြီး ရန်ကုန်နှင့် မန္တလေးမြို့မှ စာအုပ်ဆိုင်ပေါင်း ၁၀၄ ဆိုင်မှ စာအုပ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချနေသည့်အပြင် အောင်သမာဓိ ရွှေဆိုင်နှင့် ဆွေမျိုးများက စာအုပ်စတုဒိသာအဖြစ် တစ်ဦးလျှင် စာအုပ်တစ်အုပ်နှုန်းဖြင့် တစ်ရက်လျှင် စာအုပ် ၂၀၀၀ ကို အခမဲ့ဖြန့်ဝေခြင်းနှင့် အလှူရှင်များ၏ မြန်မာ့ရိုးရာအစားအစာများဖြင့် စတုဒိသာကျွေးမွေးမှုများလည်း ပါဝင်ကြောင်း သိရသည်။

ထို့အပြင် အခြေခံပညာ အလယ်တန်း၊ အထက်တန်းအဆင့် ငြိမ်းချမ်းရေးစာစီစာကုံးပြိုင်ပွဲနှင့် ရွှေလျားနံရံကပ်စာစောင်အဖြစ် ကာတွန်းနှင့် ဆောင်းပါးများကို ဇီနိုင်းရေးဆွဲပြီး ၂၈ မြို့နယ်မှ ကျောင်းများတွင် နှစ်ရက်စီပြသ၍ ငြိမ်းချမ်းရေး အသိများ ပေးခဲ့ကြောင်း၊ ငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးပွဲတွင် ကိုလေး(အင်းဝဂုဏ်ရည်)၊ မသီတာ (စမ်းချောင်း)၊ ဦးသိန်းသန်းဦး၊ ဦးမင်းကိုနိုင်၊ အမျိုးသမီး လူ့အခွင့်အရေးမှ ဒေါ်ခင်မမမျိုးတို့က ဟောပြောမည်ဖြစ်ပြီး ငြိမ်းချမ်းရေး ပဒေသာကပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ် စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ National Task Force အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ငါးနှစ် စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ National Task Force ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ရဲချုပ် အောင်ဝင်းဦးက အဖွင့်အမှာစကား ပြောကြားပြီး ဖွဲ့စည်းထားရှိသော ခရိုင်၊ မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့နှင့် ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်အဖွဲ့များအား ပြန်လည်ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းတာဝန်များ ပြင်ဆင်နိုင်ရေးအတွက် မူကြမ်းပြင်ဆင်ထားရှိမှုနှင့် ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေး တက်ရောက်လာကြသူများကလည်း အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စပိန်ဘာသာစကား သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

ကိုလံဘီယာအစိုးရ၏ ပံ့ပိုးကူညီမှု၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် စပိန်ဘာသာစကားသင်တန်း အမှတ်စဉ် ၆ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း စပိန်ဘာသာစကားပြော သင်တန်းအမှတ်စဉ် ၁ မှ ၅ ကို ကိုလံဘီယာနိုင်ငံ၌ ဖွင့်လှစ်ခဲ့ပြီး ယခု သင်တန်းအမှတ်စဉ် ၆ ကို မြန်မာနိုင်ငံတွင် အခမဲ့ ပထမဦးဆုံးဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် လိုင်စင်ရ ဧည့်လမ်းညွှန်များ စုစုပေါင်း သင်တန်းသား ၆၀ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**




# စပါးအုံးမြွေကြီးတစ်ကောင်ကို ဖမ်း၍ ထိန်းသိမ်းစောင့်ရှောက်ထား

**ကနီ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အောင်သာယာကျေးရွာအနီး၌ နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ကြီးမားသည့် စပါးအုံးမြွေကြီးတစ်ကောင်ကို ကလေးငယ်တစ်ဦးက စတင်တွေ့ရှိခဲ့ရာ ကျေးရွာလူငယ်များက ဖမ်းယူ၍ အောင်သာယာကျေးရွာ၌ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

တွေ့ရှိသော စပါးအုံးမြွေကြီးသည် အရှည် ၈ ပေ ၁၁ လက်မခန့်ရှိကာ ခါတ်ဘူးအရွယ် လုံးပတ်ရှိကြောင်း သိရသည်။

ကနီမြို့ တစ်ဖက်ကမ်း ကနဲမြို့မှတစ်ဆင့် ငါးမိုင်ခန့်ဝေးသော အောင်သာယာကျေးရွာ၌ စပါးအုံးမြွေကြီးကို တွေ့ရခြင်းဖြစ်ပြီး လက်ရှိတွင် သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် နှစ်လခန့်က မုံရွာမြို့ စက်မှုဇုန်စက်ရုံဝင်းအတွင်း စပါးအုံးမြွေတစ်ကောင်ကို တွေ့ရှိရာ စက်မှုဇုန်လူမှုရေးနှင့် သစ်ပင်စိုက်နေသူများ စုပေါင်း၍ ဖမ်းဆီးကာ တိုင်းဒေသကြီး သစ်တောဦးစီးဌာနသို့ လွှဲအပ်ခဲ့ပြီး တိုင်းဒေသကြီး သစ်တောဦးစီးဌာန အစီအစဉ်ဖြင့် အလောင်းတော်ကဿပ ဘေးမဲ့တောအတွင်း ဘေးမဲ့လွှတ်ပေးခဲ့သည်။

**သံတိုင်ထွန်း(မုံရွာ)**

# ဒိုက်ဦးမှ ဗျက်ကြီးကျေးရွာအထိ ဓာတ်အားလိုင်း ၁၀ မိုင်နှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထား

နေပြည်တော် နိုဝင်ဘာ ၈

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **အစိုးရစီမံကိန်း သို့မဟုတ် အစိုးရခွင့်ပြုချက်ဖြင့် လုပ်ကိုင်လျက်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြင်ပအလုပ်သမားများအား အလုပ်သမားတစ်ယောက်ရရှိရမည့် လစာအခွင့်အရေးတို့အတွက် အာမခံပေးနိုင်ရန် လုပ်ကိုင်ခွင့်ရ ကုမ္ပဏီနှင့် တစ်ဆင့်ခံကုမ္ပဏီတို့အား ကြီးကြပ်ကွပ်ကဲပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မြန်မာနိုင်ငံတွင် ပြည်တွင်းစွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေခြင်းလုပ်ငန်းများကို ပြည်ပရေနံကုမ္ပဏီများနှင့် တင်ဒါခေါ်ဆိုပြီး တင်ဒါအောင်မြင်သူများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုဆိုင်ရာ စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးစွာရေနံရှာဖွေစမ်းသပ်ခြင်းကို စတင်လုပ်ကိုင်ပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှိ၊ မရှိ ရှာဖွေစမ်းသပ်ခွင့် လုပ်ပိုင်ခွင့်ရသည့် ကုမ္ပဏီများသည် မိမိတို့ လုပ်ပိုင်ခွင့်ရသည့် လုပ်ကွက်နယ်မြေအတွင်းတွင် စတင်တိုင်းတာခြင်းလုပ်ငန်းများ၊ စမ်းသပ်ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါကြောင်း၊ ပြည်တွင်းကုမ္ပဏီများကို ၎င်းတို့က ထပ်ဆင့်တင်ဒါခေါ်ဆိုပြီး လုပ်ငန်းများ ထပ်မံအပ်နှံပါကြောင်း၊ ထိုကဲ့သို့ အပ်နှံခြင်းအတွက် မြန်မာနိုင်ငံအတွင်းတွင်ရှိသည့် ပုဂ္ဂလိကကုမ္ပဏီများ အနေဖြင့် ပြည်ပကုမ္ပဏီများနှင့် တွဲဖက်လုပ်ကိုင်ခွင့် ရရှိခြင်း၊ နိုင်ငံခြားဝင်ငွေရရှိခြင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အတွေ့အကြုံများ တိုးပွားလာခြင်း၊ အလုပ်အကိုင်များရရှိခြင်း စသည့်အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း လုပ်ကွက်အမှတ် EP-4 လုပ်ကွက်သည် နိုင်ငံတကာ ရေနံကုမ္ပဏီဖြစ်သည့် BASHNEFT International B.V နှင့် မြန်မာကုမ္ပဏီ Sun Apex တို့ တင်ဒါ အောင်မြင်ကာ MOGE နှင့် ၂၀၁၄ ခုနှစ်တွင် စာချုပ်ချုပ်ဆိုပြီး စမ်းသပ်ရှာဖွေတိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ အဆိုပါ ကုမ္ပဏီမှ Services ပေးသည့် ကုမ္ပဏီဖြစ်သည့် Asian Oilfield Services ကုမ္ပဏီကို အချို့သော Services လုပ်ငန်းများ ထပ်ဆင့်အပ်နှံခဲ့ပါကြောင်း၊ အဆိုပါ ကုမ္ပဏီမှ ပြည်တွင်းနောက်ထပ် ကုမ္ပဏီတစ်ခုကို လုပ်ငန်းအပ်နှံပြီး စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ပါကြောင်း၊ မူလ MOGE နှင့် စာချုပ် ချုပ်ဆိုသည့် ပြည်ပကုမ္ပဏီမှ Services ကုမ္ပဏီ တစ်ခု၊ ယင်း Services ကုမ္ပဏီမှ ပြည်တွင်း Services ပေးသည့် အခြားသော ကုမ္ပဏီများကို သက်ဆိုင်ရာ လုပ်ငန်းအလိုက် အပ်နှံဆောင်ရွက်သည့်အချိန်တွင် ၎င်းတို့ ထပ်ဆင့်ငှားရမ်းသည့် ကုမ္ပဏီများကြားတွင် ငွေကြေးပေးချေမှုများ ပျက်ကွက်ခဲ့သည့် အခြေအနေဖြစ်ပါကြောင်း။

အဆိုပါကိစ္စများကြောင့် ဖြိုးကုမ္ပဏီမှ ဝန်ထမ်းများ လစာမရရှိခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဖြိုးကုမ္ပဏီပိုင်ရှင်က ၎င်းကုမ္ပဏီ၏ ဝန်ထမ်းများကို လစာပေးရမည်ဖြစ်ပါကြောင်း၊



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

သို့သော်လည်း ဖြိုးကုမ္ပဏီကို ထပ်ဆင့် Services ပေးသည့် ကုမ္ပဏီက ငွေမပေးသောကြောင့် ဖြိုးကုမ္ပဏီပိုင်ရှင်က တာဝန်မခံကြောင်း၊ MOGE အနေဖြင့် တရားဝင် စာချုပ်စာတမ်းများအရ မိမိတို့နှင့် စာချုပ်ချုပ်ဆိုထားသည့် BASHNEFT International B.V ကုမ္ပဏီ၏ တိုက်ရိုက်တာဝန်ပျက်ကွက်မှုဆိုပါလျှင် MOGE အနေဖြင့် တာဝန်ယူ တာဝန်ခံကာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါကြောင်းနှင့် စာချုပ်စာတမ်းများအရ ပြည်တွင်းကုမ္ပဏီအချင်းချင်း စာချုပ်ထားသည့် စာချုပ်များ ပျက်ကွက်မှုကို MOGE အနေဖြင့် တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းနိုင်ရန် မဖြစ်နိုင်ပါကြောင်း၊ သို့ရာတွင် ယခုကိစ္စနှင့်ပတ်သက်၍ MOGE နှင့် တိုက်ရိုက်စာချုပ် ချုပ်ဆိုထားသည့် BASHNEFT International B.V ကုမ္ပဏီအပေါ်တွင် MOGE အနေဖြင့် ညှိနှိုင်းဖြေရှင်းပြီး တိုက်တွန်းသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ် ဒရယ်မီးလမ်းဆုံမှ အုတ်ရှစ်ကုန်းကျေးရွာအထိ ၁၁ ကေဗွီ ဓာတ်အားပေးလိုင်း သွယ်တန်းပြီး ၁၆ မိုင်အတွင်း နေထိုင်သော ကျေးရွာများရှိ ဒေသခံပြည်သူများအတွက် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပဲခူးတိုင်းဒေသကြီးအရှေ့ ဒိုက်ဦးမြို့နယ်အတွင်းတွင် ကျေးရွာစုစုပေါင်း ၁၈၇ ရွာရှိသည့်အနက် ၃၂ ရွာအား ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဒိုက်ဦးဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ဒရယ်မီးလမ်းဆုံမှ အုတ်ရှစ်ကုန်းကျေးရွာအထိ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၆ မိုင် တည်ဆောက်မည်ဆိုပါက ၁၁ ကေဗွီလိုင်းမိုင်များစွာ ရှည်လျားသွားမည်ဖြစ်ပြီး ဗို့အားကျခြင်း၊ ဓာတ်အားပျောက်ဆုံးမှု များပြားခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ နည်းပညာအရ ၁၁ ကေဗွီလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးရန် သင့်လျော်မှု မရှိကြောင်းကိုလည်း စိစစ်တွေ့ရှိရပါကြောင်း။

ဒရယ်မီးလမ်းဆုံမှ ၁၁ မိုင်ခန့်အကွာတွင်ရှိသော ဗျက်ကြီးကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်၍ ပတ်ဝန်းကျင်ကျေးရွာများအား ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက နည်းပညာအရ ပိုမိုသင့်လျော်မှု

> “မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူ အများစုသည် Facebook, Messenger, Viber, Twitter အစရှိသည့် ဆိုရှယ်မီဒီယာများကို အသုံးပြုလျက်ရှိပြီး Facebookအား အများဆုံးသုံးစွဲလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ခန့်မှန်းခြေအရ သုံးစွဲသူ ၁၄ သန်းခန့်ရှိ”

ရှိပါကြောင်း၊ ဒိုက်ဦး ဓာတ်အားခွဲရုံမှ ဗျက်ကြီးကျေးရွာအထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၀ မိုင် တည်ဆောက်ခြင်းနှင့် ဗျက်ကြီးကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအား ဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ငါးနှစ်စီမံကိန်း၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ဘဏ္ဍာငွေ လျာထားတောင်းခံသွားရန် စီစဉ်လျက်ရှိပြီး ဘဏ္ဍာငွေခွင့်ပြုမှု ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားခွဲရုံ အကောင်ထည်ဖော်ဆောင်ရွက်ပါက ၎င်းဓာတ်အားခွဲရုံမှ တစ်ဆင့် ပတ်ဝန်းကျင်ကျေးရွာ ၄၉ ရွာခန့်အား ဓာတ်အားဖြန့်ဖြူးပေးနိုင်ကြောင်း စိစစ်တွေ့ရှိရပြီး ထိုသို့ ၁၁ ကေဗွီလိုင်းဖြင့် ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအား သက်ဆိုင်ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆက်လက် အကောင်ထည်ဖော်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းနှင့် မြစ်သား မဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **လူငယ်လူရွယ်များ အကျင့်စာရိတ္တ ပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် (Monitoring) ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်းက IT နည်းပညာသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းမည်ဆိုလျှင် မကြာသေးမီက အတည်ပြုပြဋ္ဌာန်းလိုက်သည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ သုံးသပ်သင့်ပါကြောင်း၊ ယင်းဥပဒေအရ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များ လုံခြုံမှုကို ဆိုလိုပါကြောင်း၊ နိုင်ငံသားတစ်ဦး၏ နေအိမ်အဆောက်အအုံ (သို့) ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံလုံခြုံမှုပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုတို့ ပါဝင်သည်ဟု ပြဋ္ဌာန်းချက်တွင် ပါရှိပါကြောင်း၊ ကျယ်ပြန့်နက်နဲလှသည့် IT နည်းပညာတစ်ရပ်လုံးကို စောင့်ကြည့်ထိန်းနိုင်ရန် ဖြစ်သင့်၊ မဖြစ်သင့်နှင့် ဖြစ်နိုင်ခြေ ရှိ၊ မရှိ သေချာသုံးသပ်စဉ်းစားသင့်ကြောင်းနှင့် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေနှင့် မဆန့်ကျင်စေရန် လိုအပ်သကဲ့သို့ အချို့ကိစ္စရပ်များကိုလည်း ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆောင်ရွက်၍ ရနိုင်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနေဝင်း၊ န္တားထိုးကြီး မဲဆန္ဒနယ်မှ ဦးနေထူးအောင်၊ ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်နှင့် အလုံမဲဆန္ဒနယ်မှ ဦးရဲလင်းတို့က အကြံပြုဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူ အများစုသည် Facebook, Messenger, Viber, Twitter အစရှိသည့် ဆိုရှယ်မီဒီယာများကို အသုံးပြုလျက်ရှိပြီး Facebook အား အများဆုံးသုံးစွဲလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ခန့်မှန်းခြေအရ သုံးစွဲသူ ၁၄ သန်းခန့်ရှိကြောင်း၊ ဆိုရှယ်မီဒီယာ သုံးစွဲခြင်းဖြင့် မိုးလေဝသအခြေအနေ၊ သဘာဝဘေးအန္တရာယ်အခြေအနေ၊ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးသတင်းများကို အချိန်နှင့် တစ်ပြေးညီ သိရှိလာနိုင်ကြပြီး ပြည်သူများ၏ အသိပညာ၊ ဗဟုသုတများ တိုးတက်လာကြပါကြောင်း၊ သို့သော်လည်း သတင်းအချက်အလက်များကို အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ခြင်း မရှိပါက လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေခြင်း၊ လောင်းကစားမှုများ ပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း၊ လိင်စေ့ဆော်မှု ပြုလုပ်ခြင်း၊ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့၏ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အရှက်ရစေရန် လုပ်ကြံဖန်တီးစွပ်စွဲခြင်း၊ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်းတို့ကြောင့် ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်း စသည်တို့ ဖြစ်ပါက နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် ထိခိုက်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း။



ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်

ဆိုရှယ်မီဒီယာ အသုံးပြုသူများအား တာဝန်သိသည့်၊ တာဝန်ကျေပွန်သည့် လူမှုကွန်ရက်အသုံးပြုသူများဖြစ်စေရေးအတွက် ပြည်သူလူထုအား ပညာပေးခြင်း၊ လိုအပ်သောဥပဒေများပြဋ္ဌာန်းခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများအား ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် ဆိုရှယ်မီဒီယာနှင့် လူမှုကွန်ရက် ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုမှ အဆင့်မြင့်နည်းပညာများ အသုံးပြု၍ စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်း တစ်ခုက စောင့်ကြည့် ဖော်ထုတ်အရေးယူခြင်းကို ဆောင်ရွက်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၊ ရှေ့နေချုပ်ရုံးများနှင့် ညှိနှိုင်းပြီး Monitoring လုပ်ရန်အတွက် ပုဂ္ဂလိကအခွင့်အရေးကို ကာကွယ်သည့် ဥပဒေကို မထိခိုက်စေဘဲ အခြေခံဥပဒေပါ အချက်အလက်များနှင့်အညီ ပြည်သူများ၏ လွတ်လပ်ခွင့်ကို မထိခိုက်စေဘဲ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# လမ်း၊ တံတား အသုံးပြုခများကို ရာပြည့်ကိန်းများဖြင့် ပြင်ဆင်ကောက်ခံမည်

**ရန်ကုန် နိုဝင်ဘာ ၈**

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းပိုင်းများရှိ တိုးလ်ဂိတ်များတွင် ကောက်ခံနေသော လမ်းအသုံးပြုခများ ပေးဆောင်ရာတွင် ငွေအကြွေအခက်အခဲများ ကြုံတွေ့နေရသဖြင့် ယင်းကောက်ခံနှုန်းထားများကို ပြန်လည်စိစစ်၍ ရာပြည့်ကိန်းများဖြင့် ဒီဇင်ဘာ ၁ ရက်မှစ၍ ပြင်ဆင်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးအရှည် ၁၁၃ မိုင်ရှိသော ရန်ကုန်-ပုသိမ်ကားလမ်းတွင် BOT တိုးလ်ဂိတ် လေးနေရာနှင့် တံတားကြေးကောက်ခံသည့်နေရာ တစ်နေရာ စုစုပေါင်း ငါးနေရာရှိရာ ပေးဆောင်ရသော လမ်း၊ တံတား အသုံးပြုခများတွင် ဆယ်စွန်းဂဏန်းများရှိနေ၍ အကြွေအခက်အခဲများ ရှိနေဆဲဖြစ်သည်။ ယာဉ်တစ်စီးချင်းအပေါ် အကြွေအခက်အခဲကြောင့် အပြန်အလှန်စကားပြောဆိုရခြင်း၊ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှားခြင်းများလည်း ရှိလာသည်။ BOT လမ်းများပေါ် နေ့စဉ်ဖြတ်သန်းသွားလာနေသော ယာဉ်အရေအတွက်မှာ လွန်စွာများပြားသဖြင့် လမ်း၊ တံတားအသုံးပြုခ ပေးဆောင်ရာတွင် အဆင်ပြေစေရန် လက်ရှိနှုန်းထားများအပေါ် စိစစ်၍ ဆယ်စွန်းဂဏန်းများအစား ရာပြည့် ကိန်းများဖြင့် ပြင်ဆင်ကောက်ခံရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသသွား BOT ကားလမ်းမပေါ်ရှိ တိုးလ်ဂိတ်အချို့တွင် အကြွေအစားထိုးတစ်ရှူးစက္ကူပေးခြင်း၊ အကြွေဆောင်လာပါဟု အသိပေးခြင်းများရှိသည်။ အစွန်းထွက်ကို ပြန်အမ်းမှုနည်းသည်ဟု ရန်ကုန်-ပုသိမ် ခရီးစဉ်သွား ကုန်ကားယာဉ်မောင်း ကိုဇော်ဇော်က ပြောသည်။

ဒီဇင်ဘာ ၁ ရက်မှစ၍ ရာပြည့်ကိန်းများဖြင့် လမ်း၊ တံတား အသုံးပြုခများ ပြောင်းလဲပြင်ဆင်ကောက်ခံမည်ဆိုသော အသိပေးခြင်းအပေါ် လက်ရှိပေးဆောင်နေရသော နှုန်းထားများထက် မည်သို့ အပိုအလိုရှိလာမည်ကို အထူးသဖြင့် အဝေးပြေးကုန်ကားလောကတွင် စိတ်ဝင်စားခြင်းဖြစ်နေသည်ဟု ကုန်ကားဂိတ်ပိုင်ရှင် ဦးအောင်ဇော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ဖြတ်တံတားကြီး ကိုးစင်းတွင် ယခုနှစ်ပိုင်းအတွင်း အခမဲ့ဖြတ်သန်းခွင့်ပြုခြင်းဖြင့်လည်း ဖြေလျှော့ခဲ့သည်။ ထို့ပြင် သက်ဆိုင်ရာမှ ဝင်ငွေအများအပြားရရှိခဲ့သော တံတားကြီးအချို့နှင့် တိုးလ်ဂိတ်အချို့တို့တွင် ငွေကောက်ခံခြင်း မပြုသည်အထိ ဖြေလျှော့မှုများရှိလာပြီးနောက် ငွေအကြွေအခက်အခဲများရှိလာ၍ အခက်အခဲဖြစ်နေသော လမ်း၊ တံတား အသုံးပြုခများ ပေးဆောင်နေရခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ဆိုင်**

# မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းအား ပြဋ္ဌာန်းရန် လွှတ်တော်၏ အဆုံးအဖြတ် ဆက်လက်ရယူ ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉) မှ ဒေါက်တာ ဇော်လင်းထွဋ်၏ **သထုံမြို့နယ်တွင် လယ်ယာမြေဧက ၂၂၀၀၀ အတွက် ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် တည်ဆောက်ခဲ့သော ကျုံထော် ရေထိန်းတံခါးကြီး ပြိုကျသွားမှုအပေါ် ဒေသခံ သက်တမ်းရင့် တောင်သူလယ်သမားများ၏ ဆန္ဒအရ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျုံထော် ရေတံခါး တည်ဆောက်ပြီးချိန် ၂၀၀၄ ခုနှစ်က ရေထိန်း တံခါးမှာ ပင်လယ်ကမ်းမှ ပေ ၆၆၀၀ ခန့် ကွာဝေးခဲ့ပါကြောင်း၊ ၂၀၀၈ ခုနှစ်မှ စတင်၍ ပင်လယ်ရေစီးကြောင်း ပြောင်းလဲ တိုက်စားမှုကြောင့် ၂၀၀၉ ခုနှစ်တွင် ကမ်းစားနှုန်း တဖြည်းဖြည်း များလာခဲ့ပြီး ၂၀၀၉ ခုနှစ် မေ ၅ ရက်တွင် ရေထိန်းတံခါးမှာ ပင်လယ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုနှင့်အတူ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း။

**နှစ်နှစ်ခန့် အချိန်ယူ**

ယခုအခါ ကျုံထော်ရေတံခါး၏ မူလ အကျိုးပြု လယ်ယာမြေများအား ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုများမှ ကာကွယ်ပေးနိုင်ရေးအတွက် ရေနုတ်မြောင်း နှစ်ခုအပေါ်တွင် ရေထိန်းတံခါး တည်ဆောက်ပေးရန် လိုအပ်လျက်ရှိသော်လည်း လုပ်ငန်းပမာဏ ကြီးမားပြီး တည်ဆောက်မှု ကုန်ကျစရိတ်လည်း များပြားနိုင်သည့် အခြေအနေ ဖြစ်ပါကြောင်း၊ ကမ်းပြိုကမ်းစားမှုမှ ကင်းဝေးပြီး နောင်ရေရှည်တည်တံ့စေရေးအတွက် ရည်ရွယ်၍ ပင်လယ်ရေစီးကြောင်း ပြောင်းလဲတိုက်စားမှုနှင့်အတူ ကမ်းပြိုကမ်းစားမှု အခြေအနေအား အချိန်ယူ၍ စောင့်ကြည့်လေ့လာခြင်း၊ ဒီရေအတက်အကျနှင့် ရေမှတ်များအား စောင့်ကြည့်တိုင်းတာခြင်း၊ မြေအောက်ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ တည်ဆောက်မှု ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှု ရှိ မရှိ ဆန်းစစ်ခြင်း လုပ်ငန်းရပ်များကို အနည်းဆုံး နှစ်နှစ်ခန့် အချိန်ယူ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဦးစွာ ရေထိန်းတံခါးများ တည်ဆောက်ပေးရန် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ လိုအပ်သည့် စူးစမ်းလေ့လာ တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ရန်ပုံငွေကို တင်ပြတောင်းခံ ဆောင်ရွက်ပြီးနောက် လုပ်ငန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး အကျိုးဖြစ်ထွန်းမှုလည်း ရှိမည်ဆိုပါက လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် ဒီဇိုင်းပြုလုပ် တွက်ချက်ခြင်းများ ပထမအဆင့်အနေဖြင့် ဆောင်ရွက်ပြီးမှသာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်ကို စီမံသင့်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးကျော်ဆွေ၏ **မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်မြောက်ပိုင်း ချောင်းဆုံကြီးကျေးရွာအုပ်စု ချောင်းဆုံရွာအနီးတွင် တောင်ယမား ရေလှောင်တမံ ရေပိုလွှဲကျော်ကွန်ကရစ်တံတား ပြုလုပ်ပေးရန်နှင့် ၎င်းတမံ ရေဖောက်ချ၍ ပျက်စီးခဲ့ရသော လယ်ယာမြေများကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တောင်ယမားတမံ တည်ဆောက်ပြီးစီးခဲ့သည့် ၂၀၀၀ ခုနှစ်မှ စတင်၍ ၂၀၁၇ ခုနှစ်အထိ ၁၇ နှစ်တာ ကာလအတွင်း ခြောက်နှစ်ခန့်တွင် ရေပိုလွှဲမှ ရေကျော်ကျမှု ဖြစ်ပေါ်ခဲ့ပြီး အမြင့်ဆုံး ရေကျော်မှုမှာ ရှစ်ပေခန့်နှင့် အများဆုံး ကြာချိန်မှာ ၁၁ ရက်ခန့်သာ ရှိပါကြောင်း၊ ရေပိုလွှဲ အကျယ်မှာ ပေ ၁၅၀ ရှိပြီး ရေထုစီးနှုန်းမှာ ၁၄၇၀၀ ကုဗပေ/ စက္ကန့်ဖြစ်သဖြင့် ရေပိုလွှဲအား ဖြတ်ကျော်၍ တံတားတည်ဆောက်မည်ဆိုပါက ကုန်ကျစရိတ် များပြားမည် ဖြစ်ပါကြောင်း။

**လတ်တလောတွင် မတည်ဆောက်သင့်**

သို့ဖြစ်ပါ၍ တောင်ယမား ရေပိုလွှဲတွင် ရေကျော်ပါက အများဆုံး ၁၁ ရက်ခန့်သာရှိခြင်း၊ အသုံးပြုသူနည်းပါးသော လမ်းဖြစ်ခြင်း၊ ရေပိုလွှဲမှ ရေကျော်ချိန်တွင် အခြား ဆက်သွယ်ရေးလမ်းဖြစ်သည့် မင်းတိုင်ပင် - ပုလဲ - ကျားတက် - လင်းဂတော - မြိုင် လမ်းအား အသုံးပြုနိုင်ခြင်း၊ ရေပိုလွှဲတံတား တည်ဆောက်မှု ကုန်ကျစရိတ်မှာ များပြားနိုင်ခြင်း၊ ၎င်းလမ်းအား ယခု အသုံးပြုနေသော ငလင်းစေ့ကျေးရွာနှင့် ပေါက်ရင်းကျေးရွာများတွင် မြေအောက် စိမ့်ရေကြောင့် စွတ်စိုနေခြင်းအပြင် မြေအောက်ရေမြင့်တက်နေမှုကြောင့် မြေပြင်ပေါ်ရှိ အညစ်အကြေးများ အလွယ်တကူ ဝင်ရောက်နိုင်ပါကြောင်း၊ ယင်းအကျိုးဆက်အရ ဒေသ၏ ရေတွင်းရေကန်များတွင် သန့်ရှင်းမှု မရှိသဖြင့် ကျေးရွာပြောင်းရွှေ့လိုကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၂ ရက် ခရီးစဉ်တွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ တင်ပြထားမှုအခြေအနေများ ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ရေပိုလွှဲ တံတားအား လတ်တလောတွင် မတည်ဆောက်သင့်သေးပါကြောင်း၊ စူးစမ်းလေ့လာမှုများ ဆောင်ရွက်ရန် အချိန်ယူ လုပ်ကိုင်ရမည့် အခြေအနေဖြစ်ပါကြောင်း။

၂၀၁၀ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း (ဂီရိ)၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး တောင်ယမားတမံရှိ ရေပိုလွှဲတွင် ၅ ဒသမ ၃ ပေခန့်အထိ ရေကျော်စီးထွက်ခဲ့ကာ ရေပိုလွှဲ၏ အောက်ဘက် အစိတ်အပိုင်းများ ထိခိုက်ပျက်စီးခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အောက်တိုဘာလကုန်အထိ ရေပိုလွှဲ အရေးပေါ် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် မိုးရာသီအတွင်း ပိုလျှံရေများကို သဘာဝချောင်းရိုးမှနေ၍ ရေလွှဲခဲ့ရသဖြင့် ချောင်းရိုးဘေးတစ်လျှောက်ရှိ လယ်မြေ ၉၈ ဧကခန့်မှာ ရေစီးကြောင်းတိုက်စား၍ ထိခိုက်ပျက်စီးခဲ့ပါကြောင်း။

အဆိုပါ လယ်မြေ ၉၈ ဧကအနက် တောင်ယမား မင်းတိုင်ပင်ဖြတ်လမ်း၏ အထက်နှင့် အောက်ရှိ လယ်ယာမြေ ၃၃ ဧကခန့်မှာ ရေစားချောက်များ ဖြစ်ပေါ်ခဲ့ပြီး အောက်ခံမြေသားမှာလည်း ကျောက်မြေများ ဖြစ်သည့်အတွက် ပြန်လည်ဖော်ထုတ်စိုက်ပျိုးရန် မသင့်လျော်သကဲ့သို့ မူလချောင်းရိုးနှင့် ကျွန်းဆင်းချောင်း ပေါင်းဆုံရာ အောက်ပိုင်းရှိ လယ်မြေ ၆၅ ဧကမှာလည်း သဲထု ငါးပေခန့်အထိ ဖုံးလွှမ်းလျက်ရှိကာ အဆိုပါသဲများအား ပြန်လည်တူးဖော်ဖယ်ရှားလျှင် လက်ရှိချောင်းကြမ်းပြင် အောက် တစ်ပေကျော်ခန့် နိမ့်ကျသွားမည်ဖြစ်ပြီး စိမ့်ရေကန်သဖွယ် ဖြစ်သွားနိုင်သောကြောင့် စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းမှု မရှိနိုင်ပါသဖြင့် ဆောင်ရွက်ရန် မသင့်လျော်ပါကြောင်း။

သို့ဖြစ်ပါ၍ ရေပိုလွှဲဖြတ်ကျော် တံတား တည်ဆောက်ခြင်းနှင့် လယ်ယာမြေများ ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများမှာ အထက်ဖော်ပြပါ အခြေအနေအရပ်ရပ်ကြောင့် ဆောင်ရွက်ရန် သင့်လျော်မှု မရှိပါကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း ကျေးရွာပြောင်းရွှေ့ရေး ကိစ္စရပ်များ စဉ်းစား သုံးသပ်လျက်ရှိနေခြင်းတို့ကြောင့် ဒေသခံ ပြည်သူများ၏ လိုလားမှုကို အခြေခံ၍ တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် စီမံဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် လိုအပ်သလို ပူးပေါင်းကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်ကျော်ဇံ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀) မှ ဦးကျော်သန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာရင်းအင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက ဆွေးနွေးသည်။

**ဆက်လက်အတည်ပြု**

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းရာတွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့သည့် ဥပဒေကြမ်း ကော်မတီဝင်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၏ အကြံပြု ကန့်ကွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း၊ မိမိတို့ ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာ နှစ်ကြိမ် တင်ပြသည့်အထဲတွင် တင်ပြထားသည့် ပြင်ဆင်ချက်များကို ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား ပြဋ္ဌာန်းရန် သင့်၊ မသင့် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒရယူရာ ယင်းဥပဒေကြမ်းအား ပြဋ္ဌာန်းရန် ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၇၄ မဲ ဖြစ်ပြီး ထောက်ခံမဲများသည့်အတွက် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ဆက်လက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဥပဒေကြမ်း၏ ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ သဘောထား ရယူအတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

> **"ကျုံထော်ရေတံခါး၏ မူလအကျိုးပြု လယ်ယာမြေများအား ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုများမှ ကာကွယ်ပေး နိုင်ရေးအတွက် ရေနုတ်မြောင်း နှစ်ခု အပေါ်တွင် ရေထိန်း တံခါး တည်ဆောက်ပေးရန် လိုအပ်လျက်ရှိသော်လည်း လုပ်ငန်းပမာဏ ကြီးမားပြီး တည်ဆောက်မှု ကုန်ကျစရိတ် လည်း များပြားနိုင်သည့် အခြေအနေဖြစ်"**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြော

**မန္တလေး နိုဝင်ဘာ ၈**

ပညာရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ရုပ်စုံသဘင်အသင်းက ပြုလုပ်သော စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် ဖျော်ဖြေပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း ၈၀၊ ၃၂ × ၃၃ လမ်းကြားရှိ အမှတ် ၁၄ အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ် ၁၄ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ထွေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်မမနိုင်တို့က ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ဒေါ်မမနိုင်နှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ထွေးက လက်ခံရယူသည်။

ထို့နောက် စာရေးဆရာမ နုနုကြည် (အမေ့အိမ်)က "ဖက်ရွက်ချင်းတူပေမယ့် ဖက်ရွက်တော့ ဖက်ရွက်ပါ"ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး " ယနေ့စာဖတ်သောသူ အနာဂတ်ခေါင်းဆောင်ဖြစ်သူ " စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ရုပ်သေးပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား ပညာပေးခြင်းကို အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများ၌လည်း ဟောပြောပွဲနှင့် ဖျော်ဖြေပွဲများကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**



# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အယူခံမှု အမှတ်(၂/၂၀၁၇)အား နိုဝင်ဘာ ၂၂ ရက်နေ့တွင် အပြီးသတ် အမိန့်ချမှတ်မည်

**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါက်တာဝဏ္ဏစိုး(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) က ယင်းမဲဆန္ဒနယ်တွင် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးရာမွေလရှန်(ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)အပေါ် ကန့်ကွက်လွှာ တင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲ ခုံအဖွဲ့(၁)ဖြင့် ကြားနာ စစ်ဆေးခဲ့ရာ လျှောက်ထားသူ၏ ကန့်ကွက်လွှာကို ပလပ်ကြောင်း ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက် (အမိန့်)အပေါ် လျှောက်ထားသူ ဒေါက်တာဝဏ္ဏစိုးမှ အယူခံမှု လျှောက်ထားတင်ပြလာရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အယူခံမှု အမှတ်(၂/၂၀၁၇)ဖြင့် လက်ခံခဲ့သည်။

ယင်းအမှုကို တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် နည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဋ္ဌေးတို့ ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်၌ နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ ဥပဒေအကြံပြုချက်များကို ကြားနာပြီး နိုဝင်ဘာ ၂၂ ရက်တွင် အပြီးသတ် အမိန့်ချမှတ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာကုန်စည်ဒိုင် ပီနံအိတ်ခွဲကိစ္စ မဲခွဲဆုံးဖြတ်ရာ အဝက်သား မဲပေးမှု ၁၉၆ မဲ (၆၄ ဒသမ ၆၈)ရာခိုင်နှုန်းဖြင့် အနိုင်ရ

**မုံရွာ နိုဝင်ဘာ ၈**



မုံရွာကုန်စည်ဒိုင် အသင်းသူ အသင်းသားများ၏ ပီနံအိတ်ခွဲ ၂၅ ကျပ်သား (အစိတ်သား)နှင့် ၁၂ ကျပ်ခွဲသား (အဝက်သား)ဆန္ဒခံယူရာတွင် မဲစနစ်ဖြင့် ဆောင်ရွက်ရာ နိုဝင်ဘာ ၈ ရက်က မဲစာရင်းစစ်ဆေး ဖွင့်ဖောက်ချက်အရ အဝက်သားကိုမဲပေးမှု ၁၉၆ မဲ (၆၄ ဒသမ ၆၈) ရာခိုင်နှုန်းဖြင့် အားသာ အနိုင်ရရှိခဲ့သည်။

မုံရွာကုန်စည်ဒိုင် အသင်းသား အသင်းသူ ၅၄၁ ဦးရှိသည့်အနက် မိမိဆန္ဒသဘောထားဖြင့် မဲလာပေးသူ ၃၀၃ ဦးရှိရာ ၂၅ ကျပ်သား(အစိတ်သား) မဲရလဒ်မှာ ၉၉ မဲ၊ ၁၂ ကျပ်ခွဲသား (အဝက်သား)မဲရလဒ်မှာ ၁၉၆ မဲနှင့် ပယ်မဲမှာ ရှစ်မဲ စုစုပေါင်း ၃၀၃ မဲ ဖြစ်သည်။ “မုံရွာ ကုန်စည်ဒိုင်အနေနဲ့ ကုန်စည်ဒိုင် နာယကတွေ၊ အမှုဆောင်တွေရဲ့ အစည်းအဝေး ဆုံးဖြတ်ချက်နဲ့ အညီ အသင်းသားတွေရဲ့ ဆန္ဒနဲ့ ကိုက်ညီအောင် ကုန်စည်ဒိုင်အနေနဲ့ ထွက်ပေါ်လာတဲ့အဖြေအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားပါမယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက အိတ်ခွဲရှိ အလေးချိန်အတိုင်း သုံးစွဲပါဆိုတာ ညွှန်ကြားချက်လည်း မရှိသေးပါဘူး” ဟု မုံရွာ ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးသိန်းဦးက ပြောသည်။

မုံရွာကုန်စည်ဒိုင် အသင်းသူ အသင်းသား ၅၄၁ ဦးကို ပီနံအိတ်ခွဲ အလေးချိန်နှင့် ပတ်သက်၍ အောက်တိုဘာ ၂၄ ရက်မှ စတင်ကာ ရက်သတ္တနှစ်ပတ်ကြာ မိမိဆန္ဒအလျောက် လာရောက် မဲပေးနိုင်ကြောင်း မုံရွာကုန်စည်ဒိုင်ကြီးကြပ်ရေး ကော်မတီက ကြေညာ၍ ဆန္ဒမဲများလက်ခံရာ အောက်တိုဘာ ၂၄ ရက်က ၁၀၃ ဦးဆန္ဒမဲထည့်ခဲ့ကြပြီး အောက်တိုဘာ ၂၅ ရက်တွင် ၆၉ ဦး လာရောက်မဲထည့်ကြကာ နောက်ရက်များတွင်လည်း မဲလာပေးခဲ့ကြကြောင်း မုံရွာကုန်စည်ဒိုင် သတင်းနှင့် ပြန်ကြားရေး ကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

မုံရွာကုန်စည်ဒိုင်က သီးနှံအိတ်ခွဲတစ်လုံးကို ၂၅ ကျပ်သား၊ ၃၀ ကျပ်သားထား၍ ဝယ်ယူနေခြင်းအပေါ် အမှန်တကယ်ရှိသည့် သီးနှံအိတ်ခွဲတစ်လုံး၏ အလေးချိန်အရှိအတိုင်း ဝယ်ယူသွားနိုင်ရေး ဆောင်ရွက်ပေးပါရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို မဲခွဲဆုံးဖြတ်ရာ လွှတ်တော်က လက်ခံကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေး ကော်မတီကိုယ်စား အတွင်းရေးမှူး ဘုတလင်မြို့နယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်က တင်သွင်းခဲ့ခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း (မုံရွာ)**



ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့အတွင်း နိုဝင်ဘာ ၈ ရက်က နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ အဖွဲ့အလိုက် အနေးယာဉ်များစီး၍ လှည့်လည်လေ့လာနေသည်ကို တွေ့ရစဉ်

သက်ခိုင်(သန်လျင်)

# ဘိုကလေး၌ မီးဘေးသင့် အဆောက်အအုံများအား စုပေါင်းရှင်းလင်း

**ဘိုကလေး နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ၁ ရပ်ကွက်ရှိ မီးလောင်ခြင်းခံရသော အဆောက်အအုံများအား ယနေ့ နံနက် ၈ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊ ဖယ်ရှားရှင်းလင်းခြင်းများ ပြုလုပ်ပေးခဲ့ကြောင်းနှင့် မီးလောင်ကျွမ်းရာမှ ကြွင်းကျန်ခဲ့သည့် ရွှေနှင့် အခြားပစ္စည်းများကိုလည်း သက်ဆိုင်ရာ မိသားစုများထံသို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**သင်းမာ(ပြန်/ဆက်)**



# အမြန်လမ်းမကြီးပေါ်မှ စည်းကမ်းမဲ့ဆိုင်ကယ်များနှင့် ကျွဲ၊ နွားများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်

**တောင်ငူ နိုဝင်ဘာ ၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် လုံးဝစီးနင်းခွင့်မပြုသည့် မော်တော်ဆိုင်ကယ်များသည် ပုံမှန်နှင့်လမ်းပြောင်းပြန် စီးနင်းခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါ သုံးယောက်တွဲစီးနင်းခြင်း၊ ကုန်ပစ္စည်းများကို ဘော်ဒီအပြင်ရောက်သည်အထိ မတန်မဆ တင်ဆောင်စီးနင်းခြင်းများအပြင် ညဘက်အမှောင်ထဲတွင် မီးမပါဘဲ စီးနင်းနေကြသည်ကိုပါ တွေ့ရှိရသည်။

အလားတူ ကျွဲ၊ နွားများသည်လည်း ထိန်းကျောင်းသူများ မရှိခြင်းကြောင့် ဖြစ်သလို လမ်းဖြတ်ကူးနေကြသည်ကိုလည်း မကြာခဏတွေ့ရှိလျက်ရှိရာ နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီက ရန်ကုန်-မန္တလေး မိုင်တိုင်အမှတ် ၅၄/၀ အရောက်တွင် ကျွဲများ ရုတ်တရက်လမ်းဖြတ်ကူးကြသဖြင့် ကားကိုအချိန်မီ ရပ်တန့်နိုင်ခဲ့ခြင်းကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်ခဲ့ကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးထံမှ သိရသည်။

**ကျော်လှ(တောင်ငူ)**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ ပါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေး သတင်း ကော်လံ ၃ ပထမအပိုဒ် စာကြောင်းရေ ၃ နှင့် ၄ ပါ Traditional Challenge အစား Non-Traditional Challenges ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

# အရောင်းအဝယ်သွက်သွက် ဈေးနှုန်းတက်ခဲ့သော်လည်း ထွက်နှုန်းကျမှုကြောင့် မိုးစပါးစိုက်တောင်သူများ တွက်ခြေကိုက်မှုနည်း

**ရေတာရှည် နိုဝင်ဘာ ၈**

သုံးနှစ်ဆက်တိုက် စပါးဈေးကွက် အေးစက်ခဲ့ပြီးနောက် ယခုနှစ် မိုးရာသီတွင် နိုဝင်ဘာလ ပထမပတ်အထိ မိုးစပါးတင်း ၁၀၀ အခြောက် ဈေးနှုန်း ငွေကျပ် ခြောက်သိန်းဝန်းကျင်အထိ ဈေးနှုန်း မြင့်တက်လာသည်ကို တွေ့ရှိရသည်။

ဈေးနှုန်းမြင့်တက်မှုကြောင့် တောင်သူများ တွက်ခြေကိုက် အဆင်ပြေကြပြီဟု အများက ထင်သော်လည်း မိုးနှောင်းကောင်းမှုကြောင့် စပါးပင်များ လဲကျခြင်းအပြင် ရိတ်သိမ်းချိန်လွန်မှ ရိတ်သိမ်းကြရသည့်အတွက် စပါးအရည်အသွေး ကျဆင်းကာ အလေအလွင့်များပြီး ထွက်နှုန်းများစွာ ကျဆင်းသွားရသည်ဟု တောင်သူများနှင့် တွေ့ဆုံစဉ် တူညီစွာပင် သုံးသပ်ပြောကြားမှုများ ရှိနေသည်။

“စပါးဈေးကောင်းတာ တစ်ခုတည်းကို ကြည့်လို့မရဘူး၊ နောက်ကွယ်က တောင်သူတွေ ကြုံတွေ့ကြရတဲ့ အခက်အခဲကို တောင်သူတွေကိုယ်တိုင်ပဲ သိကြပါတယ်၊ ပထမအချက်က ရာသီဥတုပေါ့၊ ရိတ်သိမ်းချိန်မှာ အချိန်မီ မရိတ်သိမ်းနိုင်ကြတော့ အပင်တွေ ကျကုန်ပြီ၊ ထွက်နှုန်းကိုပါ ထိခိုက်ကုန်တာပေါ့၊ ဒါကြောင့် စပါးဈေးကွက် ကောင်းပေမယ့် အကျိုးအမြတ်ကို တောင်သူတွေ ပြည့်ပြည့်ဝဝ ရရှိကြတာမဟုတ်ပါဘူး” ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ တောင်သူ ဦးမြင့်က ပြောကြားသည်။

ထို့အတူ တောင်သူများနှင့်မိတ်ဖက်လုပ်ငန်းများဖြစ်ကြသည့် စပါးခြွေလှေ့သည့်အခါ တင်းတောင်ငယ်များဖြင့် တွက်ချက်ခြင်း၊ စပါးချိန်တွင် ရောင်းချသည့်အခါ ဝယ်ယူသည့် ပွဲစားများက တင်းကြီးများဖြင့် ဝယ်ယူခြင်း၊ ဝယ်ယူရသည့် နေရာအပေါ် တည်မှီ၍ ၎င်းတို့ သတ်မှတ်သည့်ဈေးဖြင့်သာ ဝယ်ယူကြခြင်းကြောင့် အဘက်ဘက်က နစ်နာမှုများရှိနေပြီး မိုးရွာနေပူ ပင်ပင်ပန်းပန်း ကြိုးပမ်း လုပ်ကိုင်ကြသည့် တောင်သူများအနေဖြင့် စပါးထွက်နှုန်း ကျဆင်းသော်လည်း လတ်တလော ပေးချေကြရမည့် မြေဆီသြဇာ သွင်းအားစုအကြွေး၊ လုပ်အားခ ကုန်ကျစရိတ်များကြောင့် မဖြစ်မနေ ရောင်းချနေကြရခြင်းဖြစ်ကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

# ရေစကြိုမြို့နယ်အတွင်းမှ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ တက်ရောက်သင်ကြားသူ များပြားလာ

**ရေစကြို နိုဝင်ဘာ ၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ၂၀၀၅ ခုနှစ်ခန့်မှစတင်ကာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (ဘက) များ ပြန်လည်အသက်ဝင်လာလျက်ရှိရာ အဆိုပါ ဘုန်းတော်ကြီးကျောင်းများတွင် အခမဲ့ ကျောင်းပညာရေးစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် အခြေခံလူတန်းစား မိသားစုဝင်များ၏ သားသမီးများ တက်ရောက် ပညာသင်ကြားလာမှု များပြားလာလျက်ရှိကြောင်း သိရသည်။

ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းကျောင်း (ဘက) တွင် ကျောင်းထားရခြင်းနှင့်စပ်လျဉ်း၍ ကျောင်းသားတစ်ဦး၏ဖခင်က "ကျွန်တော့်သား အကြီးတုန်းကလည်း ဒီဘက ကျောင်းမှာပဲ ကျောင်းထားခဲ့တာ၊ မနှစ်က စတုတ္ထတန်းအောင်တော့ သားကြီးက ဒီနှစ် ပဥ္စမတန်းရောက်ပြီ၊ အခု သားငယ်ကိုလည်း ဘက ကျောင်းမှာပဲ ထားတယ်၊ ဘကကျောင်းမှာထားတော့ စာရေးကိရိယာကိုလည်း ကျွန်တော်တို့ မိဘတွေက ကုန်ကျစရာမလိုဘူး၊ ဘကကျောင်းကပဲ အခမဲ့ပေးတယ်၊ အိမ်ကနေလည်း မုန့်ဖိုးပေးစရာမလိုဘူး၊ ဘကကျောင်းကပဲ မုန့်ရောကျွေးတယ်၊ အဲဒါကြောင့် ကျွန်တော့်ကလေးတွေကို ဘကကျောင်းမှာ ထားဖြစ်တာပါ" ဟု ပြောသည်။

ဘကကျောင်းတွင် ပညာသင်ကြားပါက ကျောင်းဝတ်စုံ သီးသန့်ဝတ်ဆင်ရန် မလိုခြင်းကြောင့် ကျောင်းဝတ်စုံစရိတ် မကုန်ကျခြင်း၊ စာရေးကိရိယာနှင့် ကျောင်းစာအုပ်များ အခမဲ့ရရှိခြင်း၊ လစဉ် အာဟာရဒါန ကုသိုလ်ရှင်များက လာရောက် ကုသိုလ်ပြုမှုများရှိခြင်း၊ အလှူရှင်ရှိပါက ထမင်းကျွေးခြင်းကြောင့် မိဘများအနေဖြင့် ကျောင်းစရိတ်ကုန်ကျရန် မလိုဘဲ ကလေးငယ်များ စာသင်လိုစိတ် ရှိရန်သာလိုအပ်သဖြင့် အဆိုပါ ဘကကျောင်းများတွင် အခြေခံလူတန်းစားများ၏ သားသမီးငယ်လေးများ တက်ရောက် ပညာသင်ကြားလာမှု များပြားလာရခြင်းဖြစ်ကြောင်း သိရသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (ဘက) ဖွင့်လှစ်သင်ကြားရခြင်းနှင့်စပ်လျဉ်း၍ မအိုဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော် ပညာဗိမာန်စေတနာ မူလတန်းကျောင်း ကျောင်းအုပ်ဖြစ်သော ဆရာတော် ဦးကဝိန္ဒက "ဘုန်းကြီးအနေနဲ့ ဘကကျောင်းဖွင့်ရတဲ့ ရည်ရွယ်ချက်က ပညာရေး လက်လှမ်းမမီတဲ့ ကလေးတွေ ပညာရေး အခွင့်အလမ်းလေး ပေးချင်လို့ ဖွင့်ခဲ့တာပါ၊ အနည်းဆုံးတော့ ဒီဘကကျောင်းမှာ စတုတ္ထတန်းအထိ သင်ခွင့်ရဦးတော့ အခြေခံ ဖတ်တတ်၊ တွက်တတ်တာပေါ့၊ ဒီကျောင်း က ဖွင့်တာ ၁၁ နှစ်ရှိပြီဆိုတော့ တချို့ကလေးတွေလည်း တက္ကသိုလ်ဝင်တန်း အောင်ကုန်ကြပြီ၊ မနှစ်ကတော့ ဒီကျောင်းက စတုတ္ထတန်းအောင်သွားတဲ့ ကလေး ၃ ဦးကတော့ တက္ကသိုလ်ဝင်တန်း အောင်တယ်၊ ၂ ဦးကတော့ ၃ ဘာသာ ဂုဏ်ထူးပါတယ်၊ ဒီဘကကျောင်းမှာ လာတက်တဲ့ ကလေးတွေက နွမ်းပါးတဲ့ ကလေးတွေများတော့ စတုတ္ထတန်းအောင်နဲ့ ကျောင်းထွက်တဲ့ ကလေးတွေလည်း ရှိတယ်၊ အလယ်တန်းလောက်ရောက်တော့မှ မိဘက ကျောင်းထုတ်ပြီး အပြင် လက်ဖက်ရည်ဆိုင်တွေမှာ အလုပ်လုပ်ခိုင်းတဲ့ ကလေးတွေလည်း ရှိတယ်၊ တချို့ကလေးတွေကတော့ အခု တက္ကသိုလ်ဝင်တန်း ရောက်နေကြပြီ၊ တချို့ကလည်း တက္ကသိုလ်ဝင်တန်း အောင်ကုန်ကြပါပြီ" ဟု မိန့်ကြားသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (ဘက) တွင် ကလေးများအား ပညာသင်ကြားပေးနေသည့် ထန်းဆယ်ပင်တောင်ကျောင်း လက်ထောက်ဆရာတော် ဦးသုမင်္ဂလက "ရေစကြိုမြို့မှာ ဘကကျောင်း ၁၀ ကျောင်းရှိတယ်၊ တစ်ကျောင်းနဲ့တစ်ကျောင်းတော့ စာသင်ချိန်ချင်း မတူဘူးပေါ့၊ တချို့ကျောင်းတွေမှာတော့ အစိုးရ ပညာရေးကျောင်း စာသင်ချိန်အတိုင်း သင်ကြတယ်၊ ဦးပဥ္စင်းတို့ကျောင်းမှာတော့ ကလေးတွေ စာဖတ်တဲ့ အလေ့အကျင့်ရအောင် ဂျာနယ်၊ ကာတွန်းဖတ်ချိန် သီးသန့်ထားပြီးတော့ ရွှေသွေးကာတွန်းလေးတွေနဲ့ ယဉ်ကျေးလိမ္မာဂျာနယ်တို့ကို ဖတ်ခိုင်းပါတယ်၊ စာသင်ချိန်က ၉ နာရီက စသင်တာပါ၊ ၄၅ မိနစ်သင်ပြီးတိုင်း အားလပ်ချိန် ၁၅ မိနစ် ထားပေးပါတယ်၊ အားကစားအနေနဲ့ကတော့ အလှူရှင်တွေ လှူဒါန်းထားတဲ့ ကြိုးခုန်ဖို့ ကြိုးတို့၊ ဘောလုံးနဲ့ ကြက်တောင်တို့ အစုံရှိတယ်၊ အဲဒီ အားကစားပစ္စည်းတွေကို ထားပေးထားတယ်၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ကလေးတွေအတွက် အားဖြည့်စာအတွက် ဘီစကွတ်တွေ လစဉ် ထောက်ပံ့နေပါတယ်၊ အားလပ်ချိန်တွေမှာ ကလေးတွေကို ကျွေးတယ်၊ နေ့ခင်း ကျောင်းဆင်းချိန်ကျရင်တော့ ရွာထဲက ကလေးတွေက အိမ်ပြန် ထမင်းစားကြတယ်၊ အဝေးကလာရတဲ့ ထမင်းချိုင့်ယူလာရတဲ့ ကလေးတွေကိုတော့ ကျောင်းကပဲ ဟင်းကျွေးပါတယ်" ဟု မိန့်ကြားသည်။

အဆိုပါ ဘကကျောင်းများတွင် ကလေးများအား ပညာသင်ကြားပေးနေကြသော ဆရာဆရာမ အများစုမှာ အငြိမ်းစား ကျောင်းအုပ်ဆရာဆရာမကြီးများဖြစ်ကြပြီး ဆရာဆရာမငယ် အများစုမှာ ဘွဲ့ရပြီးသော သူများအား အများဆုံးခန့်ထားခြင်းဖြစ်သည်။ ဆရာဆရာမငယ်များအား နိုင်ငံတော်အစိုးရက KG တန်းသင်တန်းများ ခေါ်ယူပေးခြင်း၊ ဟံသာပညာ့ပန်းခြံအဖွဲ့အစည်းမှ ဆရာဆရာမသင်တန်းများ ခေါ်ယူပေးခြင်းတို့ဖြင့် အရည်အသွေး မြှင့်တင်ပေးလျက်ရှိသည်ဟု သိရသည်။ ရေစကြိုမြို့နယ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၁၀ ကျောင်းရှိပြီး အဆိုပါ ၁၀ ကျောင်းအတွင်းတွင် အလယ်တန်းအဆင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း လေးကျောင်းရှိသည်ဟု သိရကာ ကလေးငယ် ၁၅၈၇ ဦး တက်ရောက်ပညာ သင်ကြားလျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ (ရေစကြို)**




# ဆေးရွက်ကြီးစိုက်ပျိုးခြင်းအစား ဒေသအလိုက် အခြား သင့်လျော်သည့် သီးနှံများ အစားထိုး စိုက်ပျိုးရန် လိုအပ်

**မုံရွာ နိုဝင်ဘာ ၈**

ဆေးရွက်ကြီးစိုက်ပျိုးခြင်းအစား ဒေသအလိုက် အခြား သင့်လျော်သည့် သီးနှံများ အစားထိုး စိုက်ပျိုးရန် လိုအပ်သလို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ် ဖြန့်ဖြူး ရောင်းချသူများအနေဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေနှင့် ညွှန်ကြားချက်များကို လိုက်နာရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက တိုင်းဒေသကြီး လူမှုရေးဝန်ကြီးရုံးခန်း၌ ပြောကြားသည်။

"အများပြည်သူတွေအနေနဲ့ ဆေးလိပ်၊ ဆေးရွက်ကြီးရဲ့ အန္တရာယ်တွေကို သိရှိပြီးတဲ့နောက် ရှောင်ကြဉ်ကြဖို့၊ ဖြတ်နိုင်အောင် ကြိုးစားကြဖို့ လိုအပ်ပါတယ်၊ ဆေးရွက်ကြီး စိုက်ပျိုးတာအစား ဒေသအလိုက် သင့်လျော်တဲ့ သီးနှံတွေ အစားထိုးစိုက်ဖို့လိုသလို ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူတွေအနေနဲ့ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်" ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြောကြားသည်။

ကျောင်းသား၊ လူငယ် လူရွယ်ကလေးများ ဆေးလိပ်၊ ဆေးရွက်ကြီး စတင်စမ်းသပ် သောက်သုံးခြင်းကို ထိရောက်စွာ ကာကွယ်နိုင်ရန်နှင့် လက်ရှိ သုံးစွဲနေသူများအနေဖြင့် သုံးစွဲလိုစိတ် လျော့နည်းလာစေရန် ရည်ရွယ်၍ ဥပဒေကို ပြဋ္ဌာန်းထားသော်လည်း သိရှိနားလည် လိုက်နာမှု အားနည်းနေကြောင်း ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လေ့လာချက်များအရ ဆေးလိပ်သောက်သုံးမှု ၂၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပြီး အမျိုးသား ၄၄ ရာခိုင်နှုန်း၊ အမျိုးသမီး ၈ ရာခိုင်နှုန်းသည် လက်ရှိ ဆေးလိပ်သောက်သုံးနေသူများဖြစ်ကြောင်း သိရသည်။

**သံတိုင်ထွန်း**



# မိုးစပါးစံကွက်ရိတ်သိမ်းခြင်း သရုပ်ပြပွဲပြုလုပ်

**ဆိပ်ဖြူ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု၌ တောင်သူပညာပေး မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် စနစ်ကျေ ၁၀၀ စိုက်ကွင်း၌ နိုဝင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲကို တောင်သူများ စိုက်နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး၊ မျိုးကောင်းမျိုးသန့် အထွက်နှုန်းမြင့် မျိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေးနှင့် မြေမှန်၊ မျိုးမှန်၊ ရာသီမှန်ကန်စွာ စိုက်ပျိုးမှုမှသည် နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များ မြင့်မားလာစေပြီး ဒေသခံတောင်သူများလည်း ဝင်ငွေတိုးပွားရရှိနိုင်စေရေး ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးရန်နိုင်ဝင်းနှင့် ခရိုင်စိုက်ပျိုးရေးဌာနမှ မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံများက ကျေးရွာ ၁၀ ရွာမှ ဒေသခံတောင်သူများအား ဆင်းသုခ မိုးစပါးကို စပါးအစွမ်းရှိ စိုက်ပျိုးနည်းစနစ်(SRI) စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးခြင်းအကြောင်း ရှင်းလင်းပြောကြားကာ စံကွက်ကို စက်မှုလယ်ယာဦးစီးဌာန အမှတ် ၆၉ စက်မှုလယ်ယာစခန်း ဆင်ဖြူကျွန်းမှ စပါးရိတ်သိမ်းချွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါးအစို ၁၃၉ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် မြင်ကဝကျေးရွာတွင် တောင်သူပညာပေးဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ခံများက စိုက်ပျိုးမြေ ပြုပြင်ထိန်းသိမ်းရေး နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် စိုက်နည်းစနစ်၊ မျိုးသန့်ထိန်းသိမ်းနည်းစနစ်များနှင့် သီးနှံများတွင် ကျရောက်တတ်သော ရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းနည်းစသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ကြသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ကျွန်းလှ၌ ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက် အလှူငွေ လှူဒါန်းပွဲ ကျင်းပ

**ကျွန်းလှ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့၌ ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက် အလှူငွေ လှူဒါန်းပွဲကို နိုဝင်ဘာ ၇ ရက်က ရွှေကျွန်းသာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသက်ထားမောင်၊ ရွှေကျွန်းလှ ပရဟိတအသင်းနာယက ဦးသောင်းညွန့်၊ မြို့မိ မြို့ဖ ဦးတင့်လွင်တို့က အမှာစကားပြောကြားပြီး ပရဟိတအသင်းဥက္ကဋ္ဌ ဦးသာဦးက အလှူငွေ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်ပြည်သူများက လှူဒါန်းထားသော ငွေကျပ် သိန်း ၁၁၃၄၈၄၅၀ ကို ရွှေကျွန်းလှ ပရဟိတအသင်းက "ဝေဠုကျော်ဖောင်ဒေးရှင်း"သို့ လှူဒါန်းရာ ဦးဝေဠုကျော်က လက်ခံယူကာ ပရဟိတလုပ်ငန်းဆိုင်ရာများ ရှင်းလင်းခဲ့ကြောင်း သိရသည်။




အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပရဟိတအသင်းများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းများ၊ ဘာသာရေး စောင့်ကြည့်အသင်းများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ထားဝယ်အမျိုးသားညီလာခံ ကျင်းပမည်

**ထားဝယ် နိုဝင်ဘာ ၈**

ထားဝယ်လူမျိုးတို့၏ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန် ထားဝယ်လူမျိုးများကို စုစည်းပြီး ထားဝယ်လူမျိုးရေးနှင့် ပတ်သက်သည့် ကိစ္စများကို စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရန် ရည်ရွယ်၍ ထားဝယ်အမျိုးသားညီလာခံကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်နေ့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညီလာခံတွင် ထားဝယ်လူမျိုး၊ ထားဝယ်လူမျိုးသမိုင်း၊ ထားဝယ်စကား၊ ထားဝယ်စာပေနှင့် ထားဝယ်ရိုးရာယဉ်ကျေးမှုကဏ္ဍများနှင့် ပတ်သက်၍ ပညာရှင်များနှင့် လူမျိုးအရေး လေ့လာသူများ၊ ညီလာခံကိုယ်စားလှယ်များ၊ လေ့လာတွေ့ရှိချက်များကို ညီလာခံတွင် ဆွေးနွေးခြင်း၊ အတည်ပြုချက် ရယူခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာဖြစ်သော အမျိုးသားနေ့၊ အလံ၊ တံဆိပ်များကို ညီလာခံတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း (ထားဝယ်)**

## သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ

# လူသားချင်းစာနာမှု ကူညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေးစီမံကိန်းအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)အတွက် ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ **(ယာပုံ)** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**



# စိုက်ပျိုးရေးဦးစီးဌာန စစ်တွေခရိုင်ဦးစီးမှူးရုံးတွင် ရော်ဘာသီးနှံ ပညာပေးသင်တန်းဖွင့်၊ သင်တန်းသား ၁၀၀ ကျော်တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၈**

ရော်ဘာသီးနှံပညာပေး သင်တန်းကို ရခိုင်ပြည်နယ် စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူးရုံး၌ ယနေ့နံနက် ၈ နာရီက ကျင်းပရာ အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး (ကိုယ်စား) ပြည်နယ် မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မမက အဖွင့်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန စစ်တွေခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားရာ စစ်တွေခရိုင်သည် ရေမြေရာသီဥတု ကောင်းမွန်သော ဒေသတစ်ခုဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ မိုးရေချိန် လက်မ ၂၀၀ ကျော် ရွာသွန်းသော ဒေသတစ်ခုဖြစ်သဖြင့် ရော်ဘာသီးနှံ ကောင်းစွာစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော ဒေသတစ်ခုဖြစ်ကြောင်း၊ တောင်သူများ ရော်ဘာသီးနှံတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိလာစေရန် ရည်ရွယ် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မြေအသုံးချမှုအနေဖြင့် စစ်တွေခရိုင်အတွင်း မြေဧရိယာ ဧက ၈ ဒသမ ၈ သိန်း ကျော်ရှိရာတွင် ရာသီသီးနှံ ကေသုံးသိန်းကျော် စိုက်ပျိုးပြီး တောရိုင်း မြေ ဧက ၁ ဒသမ ၃ သိန်းကျော်ရှိသဖြင့် ရော်ဘာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ဝန်ထမ်းများအနေဖြင့် ယခု သင်တန်းမှရရှိလာသော ပညာရပ်များကို တောင်သူများ လက်ဝယ်သို့ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ရောက်ရှိအောင် ဆင့်ပွား သင်တန်းများပို့ချ ပညာပေး စည်းရုံးဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ် မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ ခရိုင်အဆင့် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် သင်တန်းသား သင်တန်းသူ ၁၀၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသည့် ဒေသများတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ စပါးရိတ်သိမ်း ခြွေလှေ့ စက်ကိရိယာများကို အသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မောင်တောမြို့နယ်အတွင်းရှိ ကံပူး၊ ကျောင်းတောင်၊ မြို့သူကြီး၊ အုန်းတော၊ အလယ် သံကျော်၊ နွားရုံတောင်၊ ဝါးချ ကျေးရွာများတွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ စုစုပေါင်း ဧက ၇၈၀ကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ သင်္ဂနက်၊ ချောင်းနွယ်၊ ကြို့တေး၊ ကံ့ကော်ကျွန်းကျေးရွာများတွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ စုစုပေါင်း ၆၇ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

အလားတူ မြောက်ဦးမြို့နယ် အတွင်းရှိ ပြလု၊ ဆင်ရိုးရှည် ကျေးရွာများတွင် အောက်တိုဘာ ၅ ရက်မှ ၇ အထိ စုစုပေါင်း ၁၃ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။ **(အောက်ပုံ)**

မောင်တောမြို့နယ်ရှိ စက်မှုလယ်ယာ ရှေ့တန်းစခန်း အသီးသီးမှ ရိတ်သိမ်းခြွေလှေ့ကာ စပါးများအား အလယ်သံကျော်ကျေးရွာရှိ သိုလှောင်ထိန်းသိမ်းရေး စခန်းသို့ ပေးပို့ပြီး အခြောက်ခံ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# စစ်တွေခရိုင် ပေါက်တောမြို့နယ် မိုးစပါးစံကွက် ရိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်

**ပေါက်တော နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံကွက် ရိတ်သိမ်းခြင်းလုပ်ငန်းကို ရွာချောင်းကြီးကျေးရွာအုပ်စု တောင်သူ ဦးကျော်စိန်၏ စာပစိကောက်လျှင် (ဒေသစပါးမီးဒုံးအုပ်စု) စပါးခြောက်ဧက စိုက်ခင်း၌ နိုဝင်ဘာ ၃ ရက်က ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့် ခရိုင်သီးနှံ ကာကွယ်ရေး တာဝန်ခံ ဦးနိုင်းနိုင်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းဌေးနှင့် ဝန်ထမ်းများ၊ ပေါက်တောမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ ထွန်းနိုင်မင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူ စုစုပေါင်း ၄၀ခန့် တက်ရောက်ခဲ့ကြသည်။

ပေါက်တောမြို့နယ်တွင် ၂၀၁၇-၂၀၁၈ခုနှစ် မိုးစပါး ၁၀၂၄၂၂ ဧက စိုက်ပျိုးထားရှိပြီး မီးဒုံးစပါးမျိုး ၁၅၁၁၈ ဧက စိုက်ပျိုးထားသည်။ စံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း အစို ၅၂ ဒသမ ၇၂ တင်း၊ အခြောက် ၄၇ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့မှ နွား ၂၆၂ ကောင်နှင့် ဆိတ် ၆၁၃ ကောင်အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၈**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ နွား ၂၆၂ ကောင်ကို ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၁၃ ကောင်ကို ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေး အဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဆိတ်တစ်ကောင်၊ ငါးခူရ ပတ်ဝန်းကျင် ကျေးရွာတို့ရှိ နွားနှစ်ကောင်၊ ဆိတ်နှစ်ကောင် စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားနှစ်ကောင်ကို ကာကွယ်ကုသပေးခြင်းနှင့် ဆိတ်လေးကောင်တို့ကို ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၆၂ ကောင်တို့ကို ကာကွယ် ကုသဆေးထိုးနှံပေးခြင်းနှင့် ဆိတ် ၆၁၃ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်သည်။

မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေး အဖွဲ့မှ စခန်းပတ်ဝန်းကျင် ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်လျက်ရှိပြီး ပိုင်ရှင်မဲ့ ကျွဲ၊ နွား များ မတွေ့ရှိပါကြောင်းနှင့် စခန်းအနီး ပတ်ဝန်းကျင်ရှိ နွား၊ ဆိတ်များအား ဆေးကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# မောင်တောဒေသ ရင့်မှည့်စပါးများ ရိတ်သိမ်းခြွေလှေ့ သိုလှောင်ထားမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ မြေပြင်ကွင်းဆင်း

**မောင်တော နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မောင်တောဒေသ ရင့်မှည့်စပါးများအား ရိတ်သိမ်းခြွေလှေ့ သိမ်းဆည်းထားရှိမှု အခြေအနေများကို မြေပြင်ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သောအဖွဲ့သည် စက်မှုလယ်ယာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မောင်တောဒေသ တောင်ပိုင်း ချိန်ခါလိန်ကျေးရွာအနီးနှင့် မြင်းလွတ်ကျေးရွာဝန်းကျင်ရှိ ရင့်မှည့်ချိန်တန်စပါးများအား ရိတ်သိမ်းခြွေလှေ့နေမှုကို သွားရောက်ကြည့်ရှုပြီး အလယ်သံကျော်ကျေးရွာ၌ အခြောက်လှန်း သိမ်းဆည်း သိုလှောင်ထားရှိသောနေရာများကို လိုက်လံစစ်ဆေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ပြည်နယ်ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် အုန်းတောကျေးရွာ၌ ရိတ်သိမ်းခြွေလှေ့နေမှုများကို လိုက်လံကြည့်ရှုကာ လုပ်ငန်းဆောင်တာလိုအပ်မှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပြီး ကျောက်ပန္နအိမ်ရာ ၁၀၀ ဆောက်လုပ်နေမှု လုပ်ငန်းခွင်သို့ သွားရောက်သည်။ ယင်းအိမ်ရာ ၁၀၀ စီမံကိန်းကို တာဝန်ယူဆောက်လုပ်ပေးလျက်ရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းခွင်အခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများကို ပြန်လည်ဆွေးနွေး ညှိနှိုင်းပေးသည်။

**“ ဒေသခံတိုင်းရင်းသားများအနေဖြင့် အမျိုးသား၊ အမျိုးသမီး သင့်လျော်ရာ လုပ်ငန်းများဝင်ရောက်လုပ်ကိုင်စေလိုကြောင်း၊ လုပ်ခကြေးငွေများကိုလည်း သတ်မှတ်နှုန်းထားအတိုင်း ရရှိမည်ဖြစ်၍ မိသားစုဝင်ငွေတိုးစေမည်ဖြစ်ကြောင်း၊ တာဝန်ယူဆောက်လုပ်လျက်ရှိသော တာဝန်ရှိသူများအနေဖြင့်လည်း ဒေသခံတိုင်းရင်းသားများကို အလုပ်အကိုင်အခွင့်အလမ်း တတ်နိုင်သမျှ ဖန်တီးပေးစေလိုကြောင်း”**



ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ စပါးရိတ်သိမ်းခြွေလှေ့နေသောလုပ်ငန်းခွင်ကို ကြည့်ရှုနေစဉ်။

ကျောက်ပန္နကျေးရွာ ဒေသခံတိုင်းရင်းသားများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသော ကျောက်ပန္နကျေးရွာသစ် အိမ်ခြေ ၁၀၀ စီမံကိန်း လုပ်ငန်းခွင်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခုလို ဆောက်လုပ်ရေးလုပ်ငန်းခွင်ဝင်နေချိန်တွင် ဒေသခံတိုင်းရင်းသားများအနေဖြင့် အမျိုးသား၊ အမျိုးသမီး သင့်လျော်ရာ လုပ်ငန်းများဝင်ရောက်လုပ်ကိုင်စေလိုကြောင်း၊ လုပ်ခကြေးငွေများကိုလည်း သတ်မှတ်နှုန်းထားအတိုင်းရရှိမည်ဖြစ်၍ မိသားစုဝင်ငွေတိုးစေမည် ဖြစ်ကြောင်း၊ တာဝန်ယူဆောက်လုပ်လျက်ရှိသော တာဝန်ရှိသူများအနေဖြင့်လည်း ဒေသခံတိုင်းရင်းသားများကို အလုပ်အကိုင်အခွင့်အလမ်း တတ်နိုင်သမျှ ဖန်တီးပေးစေလိုကြောင်း စသည်ဖြင့် ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**

# မောင်တောဒေသ အမှည့်လွန်မိုးစပါးများ ၇၇၉ ဧကအထိ ရိတ်သိမ်းပြီးဖြစ်



**မောင်တော နိုဝင်ဘာ ၈**

မောင်တောဒေသရှိ ရင့်မှည့်နေသော မိုးစပါးများကို အောက်တိုဘာ ၂၆ရက်မှ စတင်ကာ နိုဝင်ဘာ ၇ ရက်အထိ ၇၇၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ယနေ့ နံနက်ပိုင်းတွင်လည်း စက်မှုလယ်ယာဦးစီးဌာနမှ မောင်တောမြို့အဝင် မြို့သူကြီးရပ်ကွက်အနီး စိုက်ပျိုးထားသည့် စပါးစိုက်ဧက ၆၂၀ ကျော်တွင် ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးဖြင့် ရင့်မှည့်နေသော မိုးစပါးများကို ရိတ်သိမ်းလျက်ရှိသည်။

စက်မှုလယ်ယာဦးစီးဌာန (ရန်ကုန်) မှ ဦးစီးမှူး ဦးမောင်မောင်လွင်က “ဒီနေ့ မြို့သူကြီးရပ်ကွက်နားမှာရှိတဲ့ စပါးတွေကို ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးနဲ့ ရိတ်သိမ်းနေပါတယ်၊ ဒီနေရာမှာ လယ်ကွက်တွေကျဉ်းပြီး ကန်းသင်းရိုးတွေကများတော့ များများမရိတ်သိမ်းနိုင်ဘူး၊ စက်တစ်စီးကို တစ်နေ့ ခုနစ်ဧကလောက်ပဲ ရိတ်နိုင်တယ်”ဟု ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ ကိန်းကဏန်းများအရ ဘူးသီးတောင်နှင့် မောင်တောဒေသတွင် စပါးစိုက်လယ်ဧက ခုနစ်သောင်းကျော်ရှိသည့်အနက် ယခုနှစ်တွင် အောင်မြင်ဖြစ်ထွန်းနေပြီး မဖြစ်မနေ ရိတ်သိမ်းရမည့် လယ်ဧက လေးသောင်းခန့်ရှိကြောင်း သိရသည်။

“ဒီနှစ် မောင်တောမြို့နယ်မှာ စပါးအထွက်နှုန်းက တော်တော်ကျတယ်၊ မနှစ်က မောင်တောတစ်မြို့နယ်လုံးရဲ့ စပါး အထွက်နှုန်းက တစ်ဧက ၆၅ ဒသမ ၈၄ လောက်ရှိတယ်၊ ဒီနှစ် တစ်ဧက ၅၄ လောက်ပဲထွက်မယ်လို့ ခန့်မှန်းထားတယ်၊ ပြဿနာတွေဖြစ်တော့ မြေဩဇာသုံးရမယ့်အချိန်မှာ ပြည့်ပြည့်ဝဝ မသုံးနိုင်ခဲ့ဘူး”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသန်းကျော်က ပြောသည်။

မောင်တောဒေသရှိ ရင့်မှည့်နေသော မိုးစပါးများကို အောက်တိုဘာ ၂၆ ရက်မှစတင်ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီအထိ နိုင်ငံတော်ပိုင် ရိတ်သိမ်းခြွေလှေ့စက် ၁၄ စီး၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဝယ်ယူထားသည့် ရိတ်သိမ်း ခြွေလှေ့စက် ၁၈ စီး စုစုပေါင်း ၃၂ စီးဖြင့် ရင့်မှည့်နေသည့် စပါးများကို အလေအလွင့်မရှိစေရန် ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-နေလင်း**

# စစ်တွေမြို့နယ် ခတင်ပိုက်ကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်း

**စစ်တွေ နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့နယ် ခတင်ပိုက်ကျေးရွာ ကွင်းအမှတ် ၅၂၇ ဦးပိုင်အမှတ် ၃၈ တောင်သူ ဦးထွန်းသာ၏ ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်း၌ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၅ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်း လုပ်ငန်းကို ခရိုင်မျိုးစေ့တာဝန်ခံ ဦးတင်အောင်နှင့် ခရိုင်ဝန်ထမ်းများ၊ မြို့နယ် ဦးစီးမှူး ဦးတင်အေးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၁ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။

စစ်တွေမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ၂၃၁၈၈ ဧကစိုက်ပျိုးထားရှိပြီး ဆင်းသွယ်လတ် စပါးမျိုးသည် စိုက်ဧက ၄၅၀၀ စိုက်ပျိုးထားရှိပြီး တောင်သူများ အများဆုံး စိုက်ပျိုးလျက်ရှိသော မျိုးကွဲဖြစ်သည်။ ယခုအချိန်၌ စပါးများ ရင့်မှည့်လာပြီဖြစ်၍ ဆင်းသွယ်လတ် စပါးမျိုးကို စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၉၇ ဒသမ ၆၃ တင်း၊ အခြောက် ၈၈ ဒသမ ၇၃တင်း ထွက်ရှိကြောင်းနှင့် ဆင်းသွယ်လတ် စပါးမျိုးသည် ရခိုင်ပြည်နယ်၏ ရေမြေဒေသနှင့်ကိုက်ညီပြီး တောင်သူများ အထူးကြိုက်နှစ်သက်သည့် ဈေးကွက်ရှိသော စပါးမျိုးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






# ရသေ့တောင်မြို့၌ အရန်မီးသတ်လေ့ကျင့်ရေး မွမ်းမံ သင်တန်းဖွင့်

**စစ်တွေ နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၇)သင်တန်းဖွင့်ပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် သဘာဝ ဘေးအန္တရာယ်ဖြစ်ပွားမှုအား လျင်မြန်စွာတုံ့ပြန်ဖြေရှင်း ဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းအား မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ကို တာဝန်ရှိသူများက စာတွေ့လက်တွေ့ သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ၂၆ ရက် ကြာမြင့်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များကို တူညီဝတ်စုံများပေးအပ်ကြသည်။ သင်တန်းဖွင့်ပွဲသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ရေးမှူး၊ မြို့နယ် မီးသတ်ဦးစီးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုင်းတုံ၌ ခြောက်ဘီးယာဉ်ပေါ်မှ ဆိုင်ယာနိုက်ဒ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

**ကျိုင်းတုံ နိုဝင်ဘာ ၈**

ကျိုင်းတုံမြို့ မြို့သစ်အမှတ် ၃ ရပ်ကွက် ချယ်ရီလမ်း စိုင်းစွန်ဖွမ်း၏ ဂိုဒေါင်အတွင်းရှိ ခြောက်ဘီးယာဉ်ပေါ် တရားမဝင် တင်ဆောင်ထားသော ဆိုင်ယာနိုက်ဒ် ဓာတုပစ္စည်းများ သိမ်းဆည်းရမိပြီး ကျိုင်းတုံမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကျိုင်းတုံမူးယစ်တပ်ဖွဲ့စု ၂၈ နယ်မြေရဲတပ်ဖွဲ့နှင့် စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညနေပိုင်းက သွားရောက်စစ်ဆေးရာ အဆိုပါဂိုဒေါင်အတွင်း Nissan ယာဉ်အမျိုးအစား ၅ဃ/----- ခြောက်ဘီးယာဉ်ပေါ်၌ ဆာလာအိတ်များ တွေ့ရပြီး တစ်အိတ်လျှင် ၅၀ ကီလိုဂရမ်ပါ Cyanide (ဆိုင်ယာနိုက်ဒ် ဓာတုပစ္စည်း) အိတ် ၁၆၀၊ စုစုပေါင်း ၈၀၀၀ ကီလိုဂရမ်၊ (ဒေသပေါက်စျေး တစ်ကီလို ငွေကျပ် ခြောက်ထောင်ဖြင့် ငွေကျပ်သိန်း ၄၈၀) သိမ်းဆည်းရမိခြင်း ဖြစ်သည်။

အဆိုပါ ဆိုင်ယာနိုက်ဒ်များကို မိုင်းလားဒေသမှ တာချီလိတ်ခရိုင် တာလေမြို့သို့ ပို့ဆောင်ပေးရန်ဖြစ်ပြီး ယာဉ်မောင်းမှာ တိမ်းရှောင်လျက်ရှိကြောင်း သိရသည်။



ဆိုင်ယာနိုက်ဒ် ဓာတုပစ္စည်းများကို ရွှေတူးဖော်သန့်စင်ရာတွင် အသုံးပြုနိုင်ပြီး ထိုပစ္စည်းအသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်ဂေဟစနစ်များ ပျက်စီးစေနိုင်ကြောင်း ဆိုင်ယာနိုက်ဒ် ပျော်ဝင်လျက်ရှိသော မြစ်၊ ချောင်းအတွင်းရှိ ရေနေသတ္တဝါများ၊ မြစ်ချောင်းအနီး သစ်ပင်များ၊ စိုက်ပျိုးသီးနှံများအတွက် ထိခိုက်မှုဖြစ်စေပြီး ထိုရေကို အသုံးပြုမိသော လူတို့အတွက် များစွာ အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ညောင်ဦးမြို့၌ နေဝင်ဆည်းဆာအလှအား ကြည့်ရှုသော အမေရိကန်နိုင်ငံသူတစ်ဦး ဘုရားပေါ်မှ ပြုတ်ကျသေဆုံး

**ညောင်ဦး နိုဝင်ဘာ ၈**

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ညောင်ဦးမြို့ ဝတ္ထနတောဘုရားပေါ်သို့ တက်၍ နေဝင်ဆည်းဆာချိန်အလှအား ကြည့်ရှုစဉ် အမေရိကန်နိုင်ငံသူတစ်ဦး ပြုတ်ကျသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း ညောင်ဦးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက် ညနေ ၄ နာရီခွဲခန့်က အမေရိကန်နိုင်ငံသူ Miss Braunkassanbra Arielle (၂၁ နှစ်) ဆာကူရာဟိုတယ် ပုဂံမြို့ဟောင်း၌ တည်းခိုနေသူသည် ဘုရားအမှတ် ၃၅၂/၂၁၃ ဝတ္ထနတော ဘုရားပေါ် အမြင့်ပေ ၂၀ ခန့်သို့ တက်ရောက်ပြီး နေဝင်ဆည်းဆာချိန်အလှအား ကြည့်ရှုစဉ် ရုတ်တရက်ပြုတ်ကျကာ ဒဏ်ရာများရရှိပြီး သတိလစ်နေသဖြင့် ရဲဆေးစာဖြင့် ညောင်ဦးဆေးရုံသို့ ပို့အပ်ခဲ့သည်။

ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ညောင်ဦးဆေးရုံမှ မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ညောင်ဦးမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ဖြစ်စဉ်ကြောင့် ယင်းဘုရားပေါ်ရှိ အရံစေတီငယ်တစ်ဆူ ပျက်စီးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# အလုပ်ရမည်ဟုဆိုကာ ငွေကြေးလိမ်လည်၍ ပြည်ပသို့ တရားမဝင် ပို့ဆောင်နေသူ နှစ်ဦးအား အရေးယူ

**မြဝတီ နိုဝင်ဘာ ၈**

မြဝတီမြို့ ချစ်ကြည်ရေးတံတား နယ်စပ်ဂိတ်မှနေ၍ မြန်မာအလုပ်သမားများအား ပြည်ပအကျိုးဆောင်လိုင်စင် မရှိဘဲ ထိုင်းနိုင်ငံသို့ အလုပ်ရမည်ဆိုပြီး ငွေကြေးများ လိမ်လည်ရယူကာ မမှန်ကန်သော နည်းလမ်းများဖြင့် ပို့ဆောင်ပေးနေသည့် အမျိုးသမီးနှစ်ဦးကို မြဝတီရဲစခန်းတွင် အမှုဖွင့်အရေးယူလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်ကြမည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း အလုပ်သမား ၃၄ ဦးသည် မြဝတီမြို့ အမှတ် (၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယာယီနိုင်ငံကူး လက်မှတ်ဖြင့် သွားရောက်မည် ဖြစ်ကြောင်း သတင်းအရ မြဝတီ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ တတိယရဲမှူး ရဲနေဝင်းအောင်နှင့် ဝန်ထမ်းများက MOEAF အဖွဲ့မှ ဦးမိုးကျော်၊ ဦးအောင်ကျော်မြင့်၊ ဦးကြည်လှိုင်တို့နှင့်အတူ သွားရောက်စစ်ဆေးမေးမြန်းခဲ့သည်။

အဆိုပါ အလုပ်သမားများသည် ထိုင်းနိုင်ငံ မဟာချိုင်ရှိ မုန့်လုပ်သည့် စက်ရုံတွင် တစ်ရက်လျှင် ထိုင်းဘတ်ငွေ ၃၁၀ ဖြင့် သွားရောက်လုပ်ကိုင်မည်ဖြစ်ကြောင်းနှင့် အလုပ်သမားတစ်ဦးလျှင် ငွေကျပ် ရှစ်သိန်းစီကို ဒေါ်ဝါဝါဝင်း၊ ဒေါ်ထားထားအိတို့ နှစ်ဦးထံ ပေးရကြောင်းသိရပြီး ယာယီနိုင်ငံကူးလက်မှတ်ဖြင့် နိုဝင်ဘာ ၆ ရက် ညနေတွင် ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပို့ဆောင်ရန် ပြုလုပ်စဉ် တာဝန်ရှိသူများက အချိန်မီ တားဆီးနိုင်ခဲ့သည်။

ထို့နောက် မြဝတီမြို့ အမှတ် (၃) ရပ်ကွက် ကမ်းနားလမ်းနေ ဒေါ်ထားထားအိ(၄၀ နှစ်)နှင့် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ ပျဉ်ပုံကြီးကျေးရွာနေ ဒေါ်ဝါဝါဝင်း (၄၂ နှစ်)တို့ နှစ်ဦးအား ပြည်ပအကျိုးဆောင်လိုင်စင် မရှိဘဲ အခကြေးငွေယူ၍ ပို့ဆောင်ပေးမည် ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည့်အတွက် နိုဝင်ဘာ ၈ ရက်တွင် မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ကန့်သတ်ကုန်ပစ္စည်းနှင့် ယာဉ်တစ်စီး ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၇ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅၃ စီး၊ သွင်းကုန် အစီး ၆၃၀နှင့် ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၇၁ စီးတို့ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၈၆၀သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃ ဒသမ ၈၃၀ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀ ဒသမ ၆၉၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်သို့သွားရောက်မည့် Nissan ၁၂ ဘီးယာဉ် တစ်စီးအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ဘေထုပ် (1×50 Kg) (100) Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၅ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အုပ်စုဖွဲ့၍ ခရီးသည်များထံမှ ငွေတောင်းခံနေသောအဖွဲ့မှ တစ်ဦး ဖမ်းမိ

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးမြို့၌ ခရီးသည်များထံမှ အုပ်စုဖွဲ့အနိုင်ကျင့်၍ ငွေတောင်းခံနေသော အုပ်စုမှ တစ်ဦးအား နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက သီရိမန္တလာကားကြီးကွင်း၌ ဖမ်းဆီးရမိကြောင်း စည်ပင်သာယာရဲတပ်ဖွဲ့ (မန္တလေး)မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက် နံနက် ၅နာရီ၄၅ မိနစ်က မူဆယ်မြို့မှ မန္တလေးမြို့ သီရိမန္တလာ ကားကြီးကွင်းသို့ ရောက်ရှိလာသော ခရီးသည် ဦးအောင်ကျော်မိုးနှင့်အဖွဲ့ ခုနစ်ဦးသည် သပိတ်ကျင်းမြို့နယ်တွင်းငယ်ကျေးရွာသို့ ပြန်သွားရန်အတွက် ကားလက်မှတ် စုံစမ်းနေစဉ် သီရိမန္တလာ ကားကြီးကွင်းရှေ့၌ ဆိုင်ကယ်ကယ်ရီ မောင်းသူ စိုင်းမောင်(ခ) စိုးထိုက်အောင်နှင့် မန်းဝင်း(စိစစ်ဆဲ)တို့က Light Ace ယာဉ်ဖြင့် ဂိတ်ကို လိုက်ပို့မည်ဟုဆိုကာ ၃၁ လမ်းနှင့် ၇၇ လမ်းထောင့်ရှိ တရားမဝင်လက်မှတ် အရောင်းဆိုင်သို့ ခေါ်ဆောင်ခဲ့ကြောင်း၊ ထို့နောက် အငှားကားခ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် အသွားအပြန် ငွေကျပ် ၁၄၀၀၀၀ ၊ ကားလက်မှတ်ခ တစ်ဦးလျှင် ငွေကျပ် ၅၅၀၀ နှုန်းဖြင့် ခုနစ်ဦးစာ ငွေကျပ် ၃၈၅၀၀ ကို အတင်းအဓမ္မတောင်းယူခဲ့ပြီး မန်းဝင်းဆိုသူကလည်း ခရီးသည် ဦးအောင်ကျော်မိုး၏ အိတ်အတွင်းမှ ငွေကျပ် ၄၀၀၀ ကို အဓမ္မယူဆောင်သွားကြခြင်း ဖြစ်သည်။

အဆိုပါဖြစ်စဉ်အား သီရိမန္တလာ ကားကြီးကွင်း စည်းကမ်းထိန်းသိမ်းရေး ကော်မတီသို့ ခရီးသည်များက လာရောက်တိုင်ကြားသဖြင့် စည်ပင်သာယာ ရဲတပ်ဖွဲ့ (မန္တလေး)မှ တပ်ဖွဲ့ဝင်များက ကျူးလွန်သူများအား စုံစမ်းရှာဖွေရာ သီရိမန္တလာ ကားကြီးကွင်း ဝင်ပေါက်အနီး၌ ဖမ်းဆီးရမိကာ ဥပဒေအရ အရေးယူနိုင်ရန် အမှတ်(၈)ရဲစခန်းသို့ ပို့အပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် တရားမဝင် ကားဂိတ်ဖွင့်လှစ်၍ လက်မှတ်များ ရောင်းချနေသည့် ဂိတ်များကို နိုဝင်ဘာ ၄ ရက်မှ စတင်၍ ဥပဒေအရ အရေးယူဆောင်ရွက်နေကြောင်း စည်ပင်သာယာရဲတပ်ဖွဲ့ (မန္တလေး)မှ သိရသည်။

**၀၄၀**

# ရေး-မော်လမြိုင်ကားလမ်း၌ တန်ဖိုးငွေကျပ် သိန်း ၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရေး နိုဝင်ဘာ ၈**

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းနယ်မြေရဲစခန်းမှ ရဲတပ်ကြပ် အောင်နိုင်နှင့်အဖွဲ့သည် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁နာရီ မိနစ် ၅၀ က ရေး-မော်လမြိုင်သွားကားလမ်း မော့ကနင်ရွာသစ် ကျေးရွာ လမ်းဝနေရာ၌ ဆိုင်ကယ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား တစ်သောင်း



ကျော် ဖမ်းဆီးရမိခဲ့ကြောင်း လမိုင်းနယ်မြေရဲစခန်းမှ သိရသည်။

မော်လမြိုင်ဘက်မှ ရေးဘက်သို့ ဟွန်ဒါဝေ့ ဆိုင်ကယ်မောင်းနှင်လာသူ ချစ်ဝေစိုး အကွက် ၃ ဘုရားသုံးဆူမြို့ နေသူနှင့်အတူ မမြင့် (၃၆ နှစ်) ဘုရားသုံးဆူမြို့နေသူတို့ စီးနင်းလာသည့် ဆိုင်ကယ်ကို စစ်ဆေးရာမှ ငွေကျပ်သိန်းပေါင်း ၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောသည်။

စစ်ဆေးရာတွင် ၎င်းတို့ထံမှ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀ (အလေးချိန် ၁၁၆၀ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် သိန်း ၅၈၀ခန့်) နှင့်အတူ ICE မူးယစ်ဆေးဝါး စုစုပေါင်းအလေးချိန် ၂၀ ဒသမ ၁၇၆ ဂရမ် (စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၀၃၅၂၀၀ ခန့်)ကို သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ မမြင့်အား စစ်ဆေးရာ လွန်ခဲ့သော နှစ်ရက်ခန့်က အမျိုးသားတစ်ဦးက မမြင့်အား ပို့ဆောင်ခ ငွေကျပ်တစ်သိန်းပေး၍ ရေးမြို့ ကိုရင်လေးဘုရားလမ်းဝသို့ ပို့ဆောင်စေခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မမြင့်နှင့် ချစ်ဝေစိုးတို့ နှစ်ဦးအား လမိုင်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ဘားအံမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

မူးယစ်တပ်ဖွဲ့စု (၃၁)ဘားအံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညနေ ၄နာရီခန့်က ဘားအံမြို့ အမှတ် ၉ ရေကျော်ရပ်ကွက် အောင်မင်္ဂလာလမ်း၌ မခင်မြင့်မြင့်(ခ) မစုဒါလီနှင့် မြတ်သူရိန်စိုးတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၁၅ ပြားနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့နံနက် ၁၀နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၄၂) ရန်ကုန်အနောက်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကမာရွတ်မြို့နယ် အမှတ် ၄ ရပ်ကွက် ဇောတိကလမ်း တိုက်အမှတ် ၁၉ နေ ကျော်ခိုင်၏နေအိမ်နှင့် နေအိမ်ရှေ့တွင် ရပ်ထားသည့် ယာဉ်တို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၅၆ ပြား၊ အိုက်စ် ၀ ဒသမ ၁ ဂရမ်၊ ငွေကျပ် ခြောက်သိန်းနှင့် ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ က မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေစေတီလမ်း အမှတ် ၉၃ နေ ရှောင်ရှုအာလောင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၃၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## ရုရှားစစ်လက်နက် ပစ္စည်းများ ရောင်းချ အမေရိကန်ဒေါ်လာ မြောက်မြားစွာရရှိ

**မော်စကို နိုဝင်ဘာ ၈**

ရုရှားသည် ယခုနှစ်ကုန်အထိ စစ်လက်နက်နှင့် စစ်အသုံးအဆောင် ကိရိယာများ ရောင်းချခြင်းမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလီယံအထိ ရရှိခဲ့ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ယမန်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအထိ လက်နက်နှင့် စစ်ဘက်ဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုအရ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံကျော်ရရှိခဲ့ကြောင်း စစ်လက်နက်တင်ပို့ခြင်း တစ်ခုတည်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလီယံ ရရှိနိုင်မည်ဟု ရုရှားနိုင်ငံနှင့် ပြည်ပနိုင်ငံများ စစ်ဘက်ဆိုင်ရာ နည်းပညာပိုင်းပူးပေါင်း ဆောင်ရွက်မှု ကော်မရှင်အစည်းအဝေးတွင် ပူတင်က ပြောခဲ့သည်။

ရုရှားနိုင်ငံဆိုင်ရာ စက်မှုလုပ်ငန်းများတွင် စီးပွားရေးနှင့် ငွေကြေးတည်ငြိမ်မှု ဖြစ်ပေါ်တိုးတက်ခဲ့သောကြောင့် နည်းပညာနှင့် ထုတ်လုပ်မှုကို တိုးမြှင့်ခဲ့ရကြောင်း၊ ထို့အပြင် ပို့ကုန်ပိုင်းကိုလည်း တိုးမြှင့်ပို့နိုင်ခဲ့ပြီး အရည်အသွေးပိုင်းလည်း ကောင်းမွန် တိုးတက်အောင်ဆောင်ရွက်ခဲ့ကြောင်း သမ္မတပူတင်၏ ပြောကြားချက်အရ သိရသည်။

ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ လက်နက်တင်ပို့ရောင်းချမှုသည် မည်သည့်နိုင်ငံအတွက်မဆို ကြီးမားသည့်တာဝန်ယူမှု တာဝန်ခံမှုရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်သူအားလုံးက ယင်းအချက်ကို ကမ္ဘာ့လက်နက် ဈေးကွက်မှာ အထူးသတိပြုသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**





## ထရန့်၏ တတိယမြောက်အာရှခရီးစဉ်တွင် တရုတ်နိုင်ငံသို့ အလည်အပတ်ထပ်မံရောက်ရှိ

### တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတွင် လိုငွေပြနေမှုကို လျှော့ချသွားရန်အတွက် အကူအညီပေးရန် တိုက်တွန်းဖွယ်ရှိ

**ပေကျင်း နိုဝင်ဘာ ၈**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် တရုတ်နိုင်ငံသို့ အလည်အပတ်ထပ်မံရောက်ရှိခဲ့ပြီး ယင်းခရီးစဉ်သည် ၎င်း၏တတိယမြောက်အာရှခရီးစဉ်ထွက်ခွာမှုဖြစ်ကြောင်းသိရသည်။ ထရန့်သည် ဗုဒ္ဓဟူးနေ့ညနေခင်းတွင် Air Force One လေယာဉ်ဖြင့် တောင်ကိုရီးယားမှ ခရီးစဉ်ထွက်ခွာလာခဲ့ပြီး ပေကျင်းသို့ရောက်ရှိလာခဲ့သည်။

ထရန့်အနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးသွားမည့်အချိန်ကို စိတ်အားထက်သန်စွာ စောင့်စားနေခဲ့ကြောင်း ထရန့်ကတွစ်တာပေါ်တွင် ရေးသားခဲ့သည်။ သမ္မတထရန့်နှင့်ဇနီး မယ်လနီယာထရန့်တို့သည် ပေကျင်းရှိ နန်းတော်ပြတိုက်သို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ပြီး သမ္မတရှီကျင့်ဖျင်နှင့်ဇနီး ပန်လီယွမ်တို့က ၎င်းတို့အား ကြိုဆိုနှုတ်ခွန်းဆက်ကြမည်ဖြစ်သည်။ သမ္မတနှစ်ဦးတို့သည် ပြတိုက်အတွင်း လှည့်ပတ်ကြည့်ရှုပြီးလျှင် အတူတကွ လက်ဖက်ရည်သုံးဆောင်ကြရန် စီစဉ်ထားကြောင်း သိရသည်။ ထို့နောက် ကြာသပတေးနေ့တွင် ထရန့်နှင့်သမ္မတရှီတို့သည် ၃ ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲကျင်းပသွားကြမည်ဖြစ်သည်။

အစည်းအဝေးကျင်းပမှုအတွင်း ထရန့်သည် နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကိုမလျှော့တမ်းလုပ်ဆောင်နေသည့် မြောက်ကိုရီးယားနိုင်ငံအပေါ်တွင် ပိုမိုဖိအားပေးရန် တိုက်တွန်းသွားမည်ဟု မျှော်လင့်ရသည်။ ထို့ပြင် ထရန့်သည် အစည်းအဝေးအတွင်း အမေရိကန်က တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုအပိုင်းတွင် အကြီးအကျယ် လိုငွေပြနေမှုကို လျှော့ချသွားရန်အတွက် အကူအညီပေးရန် တိုက်တွန်း တောင်းဆိုသွားဖွယ်ရှိကြောင်း သိရသည်။ ထရန့်သည် သောကြာနေ့တွင် တရုတ်နိုင်ငံမှ ဗီယက်နမ်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**

## အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားဆိပ်ကမ်းရှိ ဓာတုပစ္စည်းများသိုလှောင်သည့် ဂိုဒေါင်တစ်လုံးမီးလောင်

**နယူးဒေလီ နိုဝင်ဘာ ၈**

အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်ပေါ်ရှိ ဟောင်ရာတံတားအနီး ကိုလ်ကတ္တားဆိပ်ကမ်း ကမ်းနားလမ်းပေါ်ရှိ ဂိုဒေါင်တစ်လုံး ယမန်နေ့ ည ၇ နာရီခန့်က မီးလောင်ခဲ့ရာ ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက မကြာသေးမီက ပြောခဲ့သည်။ ဂိုဒေါင်ထဲတွင် ပေါက်ကွဲစေတတ်သည့် ဓာတုပစ္စည်းများသိုလှောင်ထားသောကြောင့် ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပြီး မီးဟုန်းဟုန်း တောက်လောင်ခဲ့ကြောင်း၊ မီးအရှိန်ကောင်းသောကြောင့် မီးသတ်သမားများမှာ မီးညွန့်ကျိုးအောင် အတော်ကြိုးစား ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးသတ်ကား အစီး ၂၀ ခန့် အချိန်အတော်ယူငြိမ်းသတ်မှ မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်ပေါက်ကွဲမှုကြောင့် မည်သူ တစ်ဦးတစ်ယောက်မျှ သေဆုံးထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိကြောင်း သိရသည်။ မီးကူးလောင်ကျွမ်းမှုကို တားဆီးရန် မီးသတ်သမားများသည် မီးလောင်မှုဖြစ်ပွားရာ နေရာအနီးတစ်ဝိုက်တွင် ရေများပက်ဖျန်းခဲ့ရသည်။

ဂိုဒေါင်ထဲတွင် လောင်ကျွမ်းမှုကို အားပေးသော ဓာတုပစ္စည်းများ သိုလှောင်ထားသောကြောင့် မီးတောက်များကို လွယ်ကူစွာ ငြိမ်းသတ်၍ မရခဲ့ကြောင်း၊ ပေါက်ကွဲမှုများဆက်တိုက်ဆိုသလိုဖြစ်ပွားသောကြောင့် မီးလောင်မှုမှာ ပိုမိုအရှိန်အားကောင်းလာခဲ့ကြောင်း အဆင့်မြင့် မီးသတ်အရာရှိတစ်ဦးက ပြောခဲ့သည်။

ရုံးဆင်းချိန်နောက်ပိုင်းမှ မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း မီးတောက်များမှာ အနီးအနားရှိ ယာဉ်များ၊ လမ်းများပေါ်သို့ ခုန်ကူးလာသောကြောင့် လမ်းသွား လမ်းလာများမှာ ကားများရပ်သူရပ်၊ မှင်တက်သူက မှင်တက်ဖြစ်ကုန်ကြသည်။ အဆိုပါမီးလောင်မှု ဖြစ်ပွားသော နေရာတစ်လျှောက် ဂိုဒေါင်များဖြင့် ပြည့်နေကြောင်းသိရသည်။

လွန်ခဲ့သော ၂၀၁၀ခုနှစ်ကလည်း ကမ်းနားလမ်းပေါ်ရှိ ဗြိတိသျှလက်ရာ ဂိုဒေါင်တစ်လုံး မီးဝါးမျိုခြင်းခံခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**



## ဆီးရီးယား ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီအတွင်း သဘောထားကွဲလွဲ

**ဂျီနီဗာ နိုဝင်ဘာ ၈**

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်သည် ဆီးရီးယား၌ ဓာတုလက်နက်များသုံး၍ တိုက်ခိုက်ခဲ့သည်ဟူသော စွပ်စွဲချက်နှင့်ပတ်သက်၍ နိုင်ငံတကာ၏ စုံစမ်းစစ်ဆေးပိုင်ခွင့်ကို ယခုထက် ပိုမိုပေးအပ်ရန်အမေရိကန်၏ တောင်းဆိုမှုကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ရုရှားက သဘောထားကွဲလွဲခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂမှ ကျွမ်းကျင်ပညာရှင်များနှင့် ဓာတုလက်နက် တားဆီးရေးအဖွဲ့အစည်းက ကျွမ်းကျင်သူများအား စုံစမ်းစစ်ဆေးခွင့်ပေးအပ်ထားမှုမှာ လာမည့် နိုဝင်ဘာ ၁၆ ရက်တွင် လုပ်ပိုင်ခွင့်ကုန်ဆုံးတော့မည် ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးပူးပေါင်းအဖွဲ့သည် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ ၂၀၁၅ ခုနှစ်တွင် စုံစမ်းစစ်ဆေးမှုယန္တရားကို စတင်ခဲ့သည်။ အင်္ဂါနေ့ကအစည်းအဝေးစတင်ခဲ့ရာတွင် ကုလသမဂ္ဂဒုတိယအထွေထွေအတွင်းရေးမှူးချုပ် အီဇူမီ နာကာမစ်စုက ယခုနှစ် ဧပြီလအတွင်း အာဆတ်အစိုးရက ဆာရင်းအဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့သည့် စုံစမ်းစစ်ဆေးမှုအစီရင်ခံစာ တစ်စောင်ကို အထောက်အထားပြသခဲ့သည်။

လက်နက်ဖျက်သိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် အကြီးဆုံးတာဝန်ရှိသူတစ်ဦးဖြစ်သည့် နာကာမစ်စုသည် အစီရင်ခံစာပါ အကြောင်းအရာကို အရေးကြီးသည့် အကြောင်းအရာအဖြစ်အလေးအနက်ဖော်ပြခဲ့သည်။

ဓာတုလက်နက်အသုံးပြုခြင်းနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရခြင်းမရှိသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။ ကုလသမဂ္ဂသည် စုံစမ်းစစ်ဆေးမှုကိုဆက်လက်ဆောင်ရွက်သွားရန် အသင့်ရှိကြောင်းကိုလည်း ၎င်းကပြောကြားခဲ့သည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန် နစ်ကီဟာလေက စုံစမ်းစစ်ဆေးမှုကို တစ်နှစ်တိုးပေးရန် တောင်းဆိုခဲ့သည်။ နစ်ကီ၏ တောင်းဆိုမှုကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၀ နိုင်ငံမက အားပေး ထောက်ခံခဲ့ကြကြောင်း သိရသည်။

ရုရှားနိုင်ငံဆိုင်ရာ ဒုတိယကုလသမဂ္ဂသံတမန် ဗလာဒီမာ ဆာဖရန်ကော့ဗ်ကမူ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာမှာ မယုံကြည်ရကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

# နိုင်ငံတကာ သတင်းတိုထွာ

## အကူအညီပေးလုပ်သားအား ဖမ်းဆီးထောင်ချသည့်အတွက် အီရန်ကို ဗြိတိန်အပြစ်ဆို

**လန်ဒန် နိုဝင်ဘာ ၈**

အီရန်နိုင်ငံသား ဗြိတိသျှလူမျိုး အကူအညီပေးလုပ်သား နာဇာနင် ဇာဂရီရက်ကလစ်ဖီအား အီရန်နိုင်ငံက ဖမ်းဆီးထောင်ချလိုက်ခြင်းမှာ လက်ခံနိုင်ဖွယ်မရှိသော လုပ်ရပ်ဖြစ်ကြောင်း ဗြိတိန်ကုန်သွယ်ရေးဝန်ကြီး လီယန်ဖောက်စ်က အင်္ဂါနေ့တွင်ပြောကြားခဲ့သည်။

ဖမ်းဆီးထားသည့် အကူအညီပေးလုပ်သားကို အမြန်ဆုံးလွတ်မြောက်စေရန်ကြိုးဆောင်မည်ဟုလည်း ၎င်းက ဖြည့်စွက် ပြောခဲ့သည်။ ဇာဂရီရက်ကလစ်ဖီသည် အီရန်၏ဘာသာရေးဆိုင်ရာ ထူထောင်မှုကို ကျဆုံးစေရန် ကြံစည်ခဲ့မှုဖြင့် ထောင်ဒဏ်ငါးနှစ်ချမှတ်ခံခဲ့ရသည်။ထောင်ဒဏ်ကျခံနေစဉ်အတွင်း မှာပင် ၎င်းအား နိုင်ငံကိုဆန့်ကျင်သည့် ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့သည်ဟု တရားသူကြီးတစ်ဦးက စွပ်စွဲခဲ့ပြီး စနေနေ့တွင် တရားရုံးသို့ခေါ်ဆောင်သွားခဲ့သည်ဟု ၎င်း အလုပ်လုပ်ခဲ့သည့် ပရဟိတအဖွဲ့အစည်းဖြစ်သည့် Thomson Reuters Foundation က ပြောကြားခဲ့သည်။

ဗြိတိသျှအစိုးရက ထိုသို့လုပ်ဆောင်နေမှုကို လုံးဝလက်မခံနိုင်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ရိုက်တာ**

## ဆော်ဒီ လေဆိပ်ကို ပစ်ခတ်ခဲ့သည့် ဒုံးကျည်မှာ အီရန်လုပ် ဒုံးကျည်ဟုဆို

**တီဟီရန် နိုဝင်ဘာ ၈**

နိုဝင်ဘာ ၄ ရက်တွင် ယီမင်လက်နက်ကိုင်တပ်ဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒုံးကျည်တစ်စင်းဖြင့်တိုက်ခိုက်ခဲ့ပြီး အဆိုပါဒုံးကျည်အား ဆော်ဒီအာရေဗျလေတပ်မှ အောင်မြင်စွာ တားဆီးကာကွယ်နိုင်ကြောင်း သိရသည်။ ထို့အပြင် ဆော်ဒီဦးဆောင်မဟာမိတ်အဖွဲ့သည် အီရန်နိုင်ငံအနေဖြင့် ယီမင်လက်နက်ကိုင်အဖွဲ့အစည်းထံသို့ လက်နက်များပေးပို့မှုကို ကာကွယ်ရန်အတွက် ယီမင်နိုင်ငံသို့ ဝင်ရောက်နိုင်သော လမ်းကြောင်းများကို ပိတ်ဆို့ခဲ့သည်။

သို့သော်လည်း ပစ်ခတ်ခဲ့သည့် ဒုံးကျည်အပိုင်းအစများကို စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများက လေ့လာခဲ့ရာ အဆိုပါဒုံးကျည်မျိုးကို အီရန်နိုင်ငံတွင် ပြုလုပ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း ဆော်ဒီအာရေဗျဘက်ကလည်း ပြန်လည်ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ယီမင်ဟူသီလက်နက်ကိုင်တပ်ဖွဲ့မှ ယီမင်နိုင်ငံမြို့တော်ကို သိမ်းပိုက်ခဲ့ပြီးနောက် ယီမင်နိုင်ငံ တောင်ပိုင်းဒေသကို ဆက်လက် သိမ်းပိုက်ခဲ့ရာ သမ္မတမန်ဆောဟာဒီသည် ဆော်ဒီအာရေဗျနိုင်ငံသို့ တိမ်းရှောင်ခဲ့သည်။ ၂၀၁၅ခုနှစ်မတ်လတွင် ဆော်ဒီအာရေဗျဦးဆောင်မဟာမိတ်တပ်များသည် ဟူသီလက်နက်ကိုင် တပ်ဖွဲ့များအား တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒေသတွင်း ရန်စောင်မှုတွေကြောင့် မငြိမ်းနိုင်သေးတဲ့ အရှေ့အလယ်ပိုင်းက စစ်မီး

**ချူးစန္ဒီနွေး**

**အီရန်နဲ့ ဆော်ဒီအာရေဗျနှစ်နိုင်ငံတို့ဟာ ဒေသတွင်းပြိုင်ဘက်တွေအဖြစ် တစ်နိုင်ငံနဲ့တစ်နိုင်ငံ ရန်ဆောင်လာခဲ့ကြတာဆိုရင် ဆယ်စုနှစ်သုံးစုစာလောက်ရှိပါပြီ။ ယီမင်ပြည်တွင်းစစ်မှာဆိုရင်လည်း အီရန်ကကျောထောက်နောက်ခံပြုထားတဲ့အဖွဲ့နဲ့ ဆော်ဒီက အထောက်အပံ့ပေးထားတဲ့အဖွဲ့တို့အကြား တိုက်ပွဲတွေဟာ အဆုံးမသတ်နိုင်ဘဲ ပြည်တွင်းစစ်ကို ပိုမိုရှည်ကြာစေခဲ့ပါတယ်။**



အခုလည်း ယီမင်နိုင်ငံကနေ ဆော်ဒီဘက်ကို ဒုံးကျည်နဲ့ ပစ်တာဟာဆိုရင် အီရန်က ထောက်ပံ့ထားတဲ့ လက်နက်တွေနဲ့ တိုက်ခိုက်တာဖြစ်တယ်လို့ ဆော်ဒီဘက်က စွပ်စွဲထားပါတယ်။ ပြီးတော့ ဒါဟာ အီရန်ကဆော်ဒီကို စစ်ဖြစ်ပွားအောင်လှုံ့ဆော်တဲ့ အပြုအမူလို့ စွပ်စွဲလိုက်ပါတယ်။

ဒါဟာ ရန်စောင်နေတဲ့ နှစ်နိုင်ငံကြားက တင်းမာမှုကို ပိုမိုဖြစ်ပေါ်စေပါတယ်။ အီရန်ကတော့ ဒီစွပ်စွဲမှုကို ငြင်းဆို ထားပါတယ်။ ဆော်ဒီမှာလည်း အသက် ၃၂ နှစ်အရွယ် အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်ဟာ သူ့ရဲ့တိုင်းပြည်အတွင်းမှာ ပိုမိုအာဏာတည်မြဲရေးအတွက် ဝန်ကြီးအချို့ကို ရှင်းလင်းပစ်နေပြီး အခုလို အီရန်ကိုလည်း စွပ်စွဲထားမှုကိုကြည့်ရင် ဆော်ဒီအိမ်ရှေ့မင်းသားဟာ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ရန်ဆောင်တဲ့ အသွင်ကို တွေ့နေရပါတယ်။

ဒီလိုဖြစ်ရပ်တွေကြောင့် အီရန်နဲ့ ဆော်ဒီတို့ကြား စစ်အေးတိုက်ပွဲကို အန္တရာယ်ရှိတဲ့ အခြေအနေအထိ ရောက်သွားနိုင်ပါတယ်။ အီရန်ဘက်က စစ်ဖြစ်အောင် ရန်လိုတဲ့ အပြုအမူတွေ ပြုလုပ်နေတယ်ဆိုတဲ့ ဆော်ဒီရဲ့ စွပ်စွဲမှုဟာ ဒေသတွင်း အင်အားကြီး အဓိကပြိုင်ဘက် နှစ်နိုင်ငံကြား တိုက်ပွဲတွေ ဖြစ်လာနိုင်တယ်ဆိုတဲ့ ခြိမ်းခြောက်မှုကိုပိုမို အားကောင်းလာစေပါတယ်။

ယီမင်နဲ့ ဆီးရီးယားမှာဆိုရင်လည်း ဒီလိုပါပဲ။ အီရန်နဲ့ ဆော်ဒီဟာ တစ်ဖက်ဆီကို အထောက်အပံ့တွေ ပေးပြီး တိုက်ပွဲမှာပါဝင်နေကြပါတယ်။ ဒီလိုပါပဲ လက်ဘနွန်နဲ့အီရတ်မှာလည်း နိုင်ငံရေးအာဏာတိုက်ပွဲမှာ ဒီနိုင်ငံတွေက ပါဝင်ခဲ့ကြပြန်ပါတယ်။ ဒီတော့ ဒေသတွင်း စစ်ပွဲတွေနဲ့ပဋိပက္ခတွေမှာ အီရန်နဲ့ ဆော်ဒီတို့ရဲ့သွေးထိုးလှုံ့ဆော်မှုတွေ မကင်းဘူးလို့ ဆိုရမှာပါပဲ။

ဆော်ဒီဟာ အီရန်အပြင် လက်ဘနွန်နိုင်ငံကိုလည်း အခဲမကျေပါဘူး။ လက်ဘနွန်ဟာ ဆော်ဒီကို စစ်မက်ဖြစ်ပွားအောင် ရန်စနေတယ်လို့ တနင်္လာနေ့နှောင်းပိုင်းကပဲ ဆော်ဒီဝန်ကြီးက စွပ်စွဲခဲ့ပြန်ပါတယ်။

ဒီလိုစွပ်စွဲမှုတွေမပြုလုပ်မီ ဆော်ဒီအိမ်ရှေ့မင်းသားဟာ လက်ရှိရန်ဘက်တွေဖြစ်တဲ့ အီရန်နဲ့ လက်ဘနွန်နှစ်နိုင်ငံတို့ အံ့ဩသွားစေမယ့်ကိစ္စကို လုပ်ကိုင်ခဲ့ပါတယ်။ အဲဒါကတော့ လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း မစ္စတာဆာအဒ်အယ်လ်ဟာရီရီကို ဖိတ်ခေါ်ခဲ့တာပါပဲ။ မစ္စတာ ဟာရီရီရဲ့ ရာထူးမှ နုတ်ထွက်မှုဟာ ဒေသတွင်းနိုင်ငံတွေကို အလွန်ပဲအံ့အားသင့်သွားစေပါတယ်။ မစ္စတာဟာရီရီ ဆော်ဒီကိုရောက်ရှိလာတာဟာဆိုရင် သူ့ကို ဆော်ဒီကဖိအားပေးလို့ ရောက်ရှိလာတာလို့ ခန့်မှန်းမှုတွေ ထွက်ပေါ်လာပါတယ်။

အီရန်က ကျောထောက်နောက်ခံပြုထားတဲ့ လက်ဘနွန် စစ်သွေးကြွအဖွဲ့ဖြစ်တဲ့ ဟစ်ဇ်ဘိုလာအဖွဲ့ရဲ့ခေါင်းဆောင် Hassan Nasrallah က မစ္စတာဟာရီရီကို တိုင်းပြည်ကိုပြန်လာဖို့၊ အာဏာခွဲဝေရေးအတွက် ဆွေးနွေးမှုတွေ ပြုလုပ်ဖို့လည်း ဖိတ်ခေါ်ထားပါတယ်။ ဒါပေမယ့်လည်း ဟစ်ဇ်ဘိုလာခေါင်းဆောင်ဟာ ဆော်ဒီက မစ္စတာ ဟာရီရီကို ပြန်ပေးဆွဲထားတယ်လို့ ပြောဆိုခဲ့ပါတယ်။

ဒါပေမယ့်လည်း ဆော်ဒီကတော့ အေးအေးဆေးဆေးပါပဲ။ တနင်္လာနေ့မှာပဲ ဆော်ဒီဘုရင်ဆယ်လ်မန်နဲ့ မစ္စတာ ဟာရီရီတို့တွေ့ဆုံနေတဲ့ ဓာတ်ပုံတွေ ထုတ်ပြန်ခဲ့ပါတယ်။ အပြန်အလှန်အားဖြင့်လည်း အီရန်ဟာ ယီမင်ကို တရားမဝင် ဒုံးကျည်တွေပေးပို့နေတယ်လို့ ဆော်ဒီက စွပ်စွဲခဲ့ပါတယ်။

ဆော်ဒီ နိုင်ငံခြားရေးဝန်ကြီးက အီရန်ဟာ ယီမင်နဲ့ လက်ဘနွန်က ဟစ်ဇ်ဘိုလာအုပ်စုတို့ကို တရားမဝင် လက်နက်တွေ ထောက်ပံ့ပေးနေတယ်လို့စွပ်စွဲခဲ့ပါတယ်။ ယီမင်၊ လက်ဘနွန်တို့က ဟူသီနဲ့ ဟစ်ဇ်ဘိုလာအဖွဲ့တို့ကနေ တစ်ဆင့် ဒုံးကျည်တွေနဲ့ ဆော်ဒီကို တိုက်ခိုက်ဖို့ ကြိုးစားနေတယ်လို့ စွပ်စွဲခဲ့ပါတယ်။ ဒါ့အပြင် ဟူသီသူပုန်အုပ်စု က ဆော်ဒီအာရေဗျရဲ့လုံခြုံရေးကို အဆက်မပြတ် ခြိမ်းခြောက်လာတယ်လို့ ပြောပါတယ်။ ဒါကြောင့်လည်း ဆော်ဒီအစိုးရဟာ ယီမင်က ဟူသီသူပုန်ခေါင်းဆောင်တွေကို ဆုကြေးငွေ ထုတ်ထားပါတယ်။ ဟူသီသူပုန်တွေရဲ့ အချက်အလက်တွေကို သတင်းပေးနိုင်ရင် ဆုငွေအမေရိကန်ဒေါ်လာသန်း ၄၀၀ ကို ဆုကြေးငွေအဖြစ် ပေးအပ်သွားမယ်လို့ သိရပါတယ်။

ဇူလိုင်လအတွင်းက တိုက်ခိုက်ခဲ့တဲ့ ဒုံးကျည်တွေဟာဆိုရင် အီရန်ကထောက်ပံ့ပေးထားတဲ့ ဒုံးကျည်တွေဖြစ်တယ်လို့လည်း ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြထားပါတယ်။ လက်ဘနွန်နိုင်ငံဟာလည်း ဟစ်ဇ်ဘိုလာအုပ်စုက ထိန်းချုပ်ခြင်းခံထားရတယ်။ ဟစ်ဇ်ဘိုလာအုပ်စုကိုလည်း အီရန်က ထောက်ပံ့ ပေးထားတယ်။ ဒီဟစ်ဇ်ဘိုလာ အုပ်စုတွေကြောင့်ပဲ လက်ဘနွန်နဲ့ ဆော်ဒီဟာ မသင့်မမြတ်ဖြစ်ရတာပါလို့ ပါရှန်ပင်လယ်ကွေ့ဆိုင်ရာ ဝန်ကြီးက ဆိုပါတယ်။

ဒါပေမယ့် ဆော်ဒီကို ဒုံးကျည်နဲ့ တိုက်ခိုက်မှုမှာ အီရန်ရဲ့ပါဝင်ပတ်သက်မှု မကင်းဘူးဆိုတဲ့ စွပ်စွဲချက်ဟာ အခြေအမြစ်မရှိဘူးလို့ အီရန်ဘက်ကဆိုပါတယ်။ ယီမင်နိုင်ငံက ပစ်ခတ်ခဲ့တဲ့ ဒုံးကျည်ဟာ အီရန်ဘက်က ထောက်ပံ့ပေးထာတာ မဟုတ်ဘဲ ယီမင်နိုင်ငံထုတ်ဒုံးကျည်သာ ဖြစ်တယ်လို့ တီဟီရန်မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဗိုလ်ချုပ်ကြီး မိုဟာမက် အလီဂျက်ဖာရီက ပြောပါတယ်။ အီရန် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်ဖ်ကတော့ ဆော်ဒီဟာစစ်ပွဲဖြစ်လာအောင် ရန်စောင်နေတယ်လို့ တွစ်တာမှာရေးခဲ့ပါတယ်။ ဆော်ဒီအာရေဗျရဲ့ ယီမင်မှာ ကြဲချခဲ့တဲ့ ဗုံးတွေကြောင့်သာ ကလေးငယ်များ အပါအဝင် အပြစ်မဲ့တဲ့ ယီမင်ပြည်သူ ၁၀၀၀ သေဆုံးခဲ့ရတယ်။ အစာရေစာငတ်မွတ်ခေါင်းပါးမှုတွေဖြစ်ရတယ်။ ဒါပေမယ့်လည်း ဘာကြောင့် ဒီအပြစ်တွေကို အီရန်ကို ပုံချနေရတာလဲလို့ ပြောခဲ့ပါတယ်။

တကယ်တမ်းကျတော့ ယီမင်၊ လက်ဘနွန်နဲ့ဆီးရီးယားတို့မှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေဟာ ဆော်ဒီနဲ့အီရန်တို့ရဲ့ အငှားစစ်ပွဲတွေလိုပါပဲ။ ဆော်ဒီနဲ့ အီရန်တို့ရဲ့ ရန်လိုမှု၊ ပြိုင်ဆိုင်မှုတွေကနေ တစ်ဆင့် အပြိုင်အဆိုင်လက်နက်တွေ ထောက်ပံ့ပေးကြပြီး ယီမင်ရဲ့ ပြည်တွင်းစစ်ပွဲတွေကို ပိုမိုရှည်ကြာစေခဲ့ပါတယ်။ ကြားထဲက မြေစာပင် ဖြစ်ရတာကတော့ ပြည်သူတွေပါပဲ။ အမေရိကန်ကတော့ အီရန်ဟာ ယီမင်က ဟူသီသူပုန်တွေကို လက်နက်ထောက်ပံ့နေတယ်လို့ အရင်တုန်းက စွပ်စွဲဖူးပါတယ်။ ဒါပေမယ့်လည်း ယီမင်က ဒုံးကျည်တွေဟာ အီရန်က လက်နက်တွေ ဆိုတာကို ဘယ်လိုလုပ်ပြီး ဆော်ဒီ လက်နက်ကျွမ်းကျင်သူတွေက သိသွားရတာလဲ ဆိုတာကတော့ မရှင်းလင်းပါဘူး။ ဘာလို့လဲဆိုရင် ယူအေအီး၊ အမေရိကန်နဲ့ ဆော်ဒီတို့ဟာ ယီမင်နိုင်ငံကို ရေကြောင်းလမ်းသာမက လေကြောင်းလမ်းကိုပါ ပိတ်ဆို့ထားတာ ဖြစ်ပါတယ်။

လက်ရှိ အခြေအနေမှာတော့ ဆော်ဒီအိမ်ရှေ့မင်းသားဟာ အီရန်နဲ့ ဆော်ဒီကြား စစ်အေးတိုက်ပွဲကို အရှိန်မြှင့်လိုတဲ့ အလားအလာရှိပါတယ်။ ပြီးတော့ ဆီးရီးယားပြည်တွင်းစစ်မှာ အီရန်ရဲ့ လွှမ်းမိုးမှုကိုတိုက်ထုတ်မယ်။ အီရန်နဲ့ ရင်းနှီးလွန်းတဲ့ ကာတာကို အထီးကျန်နိုင်ငံဖြစ်အောင် လုပ်မယ်။ ဒါတွေအားလုံးဟာ ဆော်ဒီအိမ်ရှေ့မင်းသားရဲ့လတ်တလော လုပ်ဆောင်နေတဲ့အရာတွေပါပဲ။

ဆော်ဒီမှာ ဝန်ကြီး အချို့ကို အိမ်ရှေ့မင်းသား ဦးဆောင်တဲ့ အဖွဲ့က ရှင်းလင်းရေးတွေ လုပ်နေပေမယ့် အမေရိကန်သမ္မတ ထရန့်ကတော့ နှုတ်ဆိတ်လို့ နေပါတယ်။ သမ္မတထရန့်ဟာ သူ့ရဲ့ အာရှခရီးစဉ်သွားရောက်စဉ်အတွင်းမှာ ဆော်ဒီဘုရင်နဲ့ အိမ်ရှေ့မင်းသားတို့ရဲ့ လုပ်ဆောင်မှုတွေကို ချီးကျူးပြောဆိုခဲ့ပါတယ်။ သမ္မတထရန့်ရဲ့ အကြံပေးလည်း ဖြစ်၊ သားမက်လည်းဖြစ်တဲ့ Jarde Kushner ဟာ ဒီတစ်နှစ်အတွင်းမှာပဲ သုံးကြိမ်မြောက်အဖြစ် ဆော်ဒီသို့သွားရောက်ခဲ့ပါတယ်။

သမ္မတထရန့်ကတော့ နဂိုကမှ အီရန်နဲ့ အဆင်မပြေဖြစ်နေသူပီပီ အီရန်အပေါ်မှာ ပိုမိုဖိအားပေးမှုတွေ လုပ်ဆောင်ဖို့ ဆော်ဒီကိုတိုက်တွန်းမှုတွေ ပြုလုပ်ထားပါတယ်။ လက်ရှိမှာတော့ ဆော်ဒီဟာ သူ့ကို ဒုံးကျည်နဲ့ပစ်ခဲ့တဲ့အတွက် ယီမင်ကို ကုန်လမ်း၊ ရေလမ်း၊ လေကြောင်းလမ်းနဲ့ဝင်ပေါက်အားလုံးကိုပိတ်ဆို့ထားပါတယ်။ ကုလသမဂ္ဂကတော့ ယီမင်နိုင်ငံဟာ အရှေ့အလယ်ပိုင်းဒေသမှာ အဆင်းရဲဆုံးနိုင်ငံအဖြစ် သတ်မှတ်ထားပါတယ်။ လူ ၁၇ သန်း ရာခိုင်နှုန်းအားဖြင့် ၆၀ ရာခိုင်နှုန်းသောလူဦးရေဟာ အစားအစာထောက်ပံ့ပေးဖို့လိုအပ်လျက်ရှိပြီး လူ ခုနစ်သန်းခန့်ကတော့ငတ်မွတ်ခေါင်းပါးလျက် ရှိပါတယ်။

ဆော်ဒီကို ဒုံးကျည်နဲ့ တိုက်ခိုက်ခံရမှုနဲ့ပတ်သက်လို့ကတော့ အီရန်ရဲ့ လက်ချက်ပါလို့ ပြောဖို့ကတော့ မလွယ်ကူပါဘူး။ ဒုံးကျည်တွေ အားလုံးကို အီရန်ကနေတစ်ဆင့် ယီမင်ကို သယ်ဆောင်ဖို့ဆိုတာ တကယ်တမ်းကျတော့ မလွယ်ကူဘူးလို့ သုတေသီတွေက ဆိုပါတယ်။

ဒါပေမယ့်လည်း ယီမင်ကနေ ဒုံးကျည်နဲ့ ပစ်တာကိုတော့ ဖေဖော်ဝါရီလတွင်းမှာ တစ်ကြိမ်၊ မတ်လအတွင်းမှာ တစ်ကြိမ်နဲ့ဆော်ဒီဟာ နှစ်ကြိမ်ခံစားခဲ့ရပါတယ်။ ဒါ့အပြင် ဆော်ဒီနယ်စပ်မြို့မှာလည်း အကြိမ်ကြိမ် တိုက်ခိုက်ခံရပါတယ်။

အခုအချိန်မှာတော့ အီရန်နဲ့ ဆော်ဒီတို့ဟာ အပြန်အလှန်စွပ်စွဲမှုတွေနဲ့အတူ အချင်းချင်း ရန်စောင်လျက်ရှိကြပါတယ်။

**ကိုးကား-နယူးယောက်တိုင်းမ်**

> “တကယ်တမ်းကျတော့ ယီမင်၊ လက်ဘနွန်နဲ့ ဆီးရီးယားတို့မှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေဟာ ဆော်ဒီနဲ့ အီရန်တို့ရဲ့ အငှားစစ်ပွဲတွေလိုပါပဲ၊ ဆော်ဒီနဲ့ အီရန်တို့ရဲ့ ရန်လိုမှု၊ ပြိုင်ဆိုင်မှုတွေကနေတစ်ဆင့် အပြိုင်အဆိုင် လက်နက်တွေ ထောက်ပံ့ပေးကြပြီး ယီမင်ရဲ့ ပြည်တွင်းစစ်ပွဲတွေကို ပိုမို ရှည်ကြာစေခဲ့”

# ဆစ်ပိုးဖလံများ နှိမ်နင်းရေးအတွက် ရွှေဘိုခရိုင်လုံးကျွတ် ၄၅ ရက်ကြာ မီးထောင်ချောက်များ ထွန်းနေ

**ရွှေဘို နိုဝင်ဘာ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မိုးစပါးစိုက်ခင်းများတွင် ဆစ်ပိုးဖလံ(ဒေသအခေါ် အနံ့ဖြူပိုး)များ ကျရောက်မှုမရှိစေရေးအတွက် အောက်တိုဘာ ၂၁ ရက်မှ စတင်ကာ ရွှေဘိုခရိုင်လုံးကျွတ် မီးထောင်ချောက်များ ထွန်းညှိလျက်ရှိပြီး ဆစ်ပိုးဖလံများ လုံးဝ မတွေ့ရသည်အထိ ဆက်တိုက် မီးထောင်ချောက်ထွန်းညှိ၍ နှိမ်နင်းခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ညွန့်က "ရွှေဘိုပေါ်ဆန်းစပါး အများဆုံးထွက်တဲ့ ရွှေဘိုခရိုင်ထဲက ပိုးမွှားကင်းထောက်အဖွဲ့တွေကို မြို့နယ်အလိုက် ဖွဲ့ထားပါတယ်၊ ကွင်းဆင်းအဖွဲ့တွေဟာ တွေ့ရှိတဲ့ ပိုးမွှားကျရောက်တဲ့အခြေအနေအပေါ် မူတည်ပြီးတော့ တောင်သူတွေနဲ့တွေ့ဆုံပြီး လက်တွေ့ကျကျ နည်းပညာတွေ မျှဝေပါတယ်၊ တကယ်လို့ စိုက်ခင်းထဲမှာ ဥမြုံတွေ တွေ့ရှိရင် လောက်ကောင် မပေါက်ပွားနိုင်ဖို့အတွက် ဥမြုံတွေကို လူလုပ်အားနဲ့ ဖယ်ရှားတာတွေလုပ်ဖို့ မှာထားပါတယ်၊ ကွင်းဆင်းအဖွဲ့တွေဟာ မိုးစပါးစိုက်ခင်းတွေမှာ ခေါင်ညွန့်သေတာကို လတ်တလောတွေ့ရင် စပါးပင်ထဲ ဖျက်ဆီးနေတဲ့ လောက်ကောင်ကို ကာကွယ်နှိမ်နင်းဖို့အတွက် ဖြူရာရမ်လိုပင်လုံးပြန့်ပိုးသတ်ဆေးကို စိုက်ခင်းမြေမှာ သတ်မှတ်နှုန်းထားအတိုင်း ထည့်သွင်းပေးဖို့နဲ့ စပါးပင်တွေအပေါ်မှာလည်း ပင်လုံးပြန့်သတ္တိရှိတဲ့ ဟိုက်ဒရိုကလိုရိုက် ပိုးသတ်ဆေးတွေကို သတ်မှတ်နှုန်းထား မှန်မှန်ကန်ကန်နဲ့ ပက်ဖျန်းကာကွယ်တာတွေ လုပ်ဆောင်နေပါတယ်"ဟု ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုအချိန် ပိုးကျရောက်နေမှုသည် စီးပွားရေးကို ထိခိုက်စေနိုင်သောအဆင့် မဟုတ်သော်လည်း အချို့သော မြို့နယ်များတွင် ဆစ်ပိုးဖလံများ အနည်းငယ် တွေ့ရှိနေရသည်ဖြစ်ရာ အဆိုပါ ဆစ်ပိုးဖလံက ဥအုချပြီး မျိုးဆက်ပွားများမှု မပြုနိုင်ရေး၊ ဥမြုံများမှ လောက်ကောင် မပေါက်ပွားနိုင်ရေးနှင့် ပေါက်ပွားလာသော လောက်ကောင်များမှ ပိုးဖလံများ ဆက်လက်မဖြစ်ပေါ်စေရေးတို့အတွက် ဆစ်ပိုး၏ ဘဝစက်ဝန်းကို နည်းလမ်းပေါင်းစုံ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများဖြင့် ဖြတ်တောက်ပစ်ရန် အလွန်အရေးကြီးသောအချိန်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်ဆွေထံမှ သိရသည်။

"၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ခင်းတွေမှာ ဆစ်ပိုးကျတာတွေ မရှိစေဖို့အတွက် အောက်တိုဘာ ၂၁ ရက်ကစပြီး ဒီဇင်ဘာလ ပထမပတ်အထိ ၄၅ ရက်ကာလကို ဘက်စုံပိုးမွှားကာကွယ်ရေးကာလအဖြစ် သတ်မှတ်ပြီး မြို့နယ်လုံးကျွတ်၊ ခရိုင်လုံးကျွတ် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးတွေကို လုပ်နေပါတယ်၊ မီးထောင်ခြောက်ထွန်းတာကို အောက်တိုဘာလ ၂၁ ရက်ကစပြီး သတ်မှတ်တဲ့ ၄၅ ရက်အတွင်း အပတ်စဉ် စနေနေ့တိုင်း မြို့နယ်လုံးကျွတ် ခရိုင်လုံးကျွတ် စုပေါင်းမီးထောင်ခြောက်ထွန်းတာတွေ လုပ်ဆောင်နေပါတယ်"ဟု ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက ဆက်ပြောသည်။

ရွှေဘိုခရိုင်တွင် ၂၀၁၃-၂၀၁၄ ခုနှစ်မှစ၍ စီးပွားရေးထိခိုက်စေနိုင်သည့် အဆင့်အထိ စပါးစိုက်ခင်းများတွင် ဆစ်ပိုးကျရောက်မှုများ ရှိခဲ့သည့်အတွက် နှစ်စဉ် စိုက်ပျိုးချိန်မှစတင်ကာ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများ စုပေါင်း၍ ဆစ်ပိုးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

ရွှေဘိုမြို့နယ် မင်းကုန်းကျေးရွာတွင် ရွှေဘိုပေါ်ဆန်းစပါး ဧက ၁၀၀ ခန့် စိုက်နေသော တောင်သူဦးချစ်သိန်းက "ဒီနှစ်မှာ ဆစ်ပိုးလို့ခေါ်တဲ့ အနံ့ဖြူပိုး ကာကွယ်ဖို့အတွက် မိုးစပါးပျိုးခင်း ပျိုးထောင်ချိန်ကစပြီး စိုက်ပျိုးရေးရုံးချုပ်က ပညာရှင်တွေ၊ တိုင်းနဲ့ ခရိုင်က သီးနှံကာကွယ်ရေးတာဝန်ခံတွေနဲ့ ခရိုင်နဲ့ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးတွေဟာ ဝန်ထမ်းတွေနဲ့အတူ တောင်သူတွေကို ပညာပေးဆွေးနွေးတာတွေ၊ ကွင်းထဲဆင်းပြီး လက်တွေ့သရုပ်ပြတာတွေ၊ ပိုးမွှားကင်းထောက် မှတ်တမ်းယူတာတွေကို လုပ်ခဲ့ပါတယ်။ လက်ရှိမှာတော့ စနေနေ့တိုင်း အပတ်စဉ် မီးထောင်ချောက်ထွန်းတာတွေ လုပ်နေပါတယ်"ဟု လက်တွေ့ဆောင်ရွက်နေမှုများကို ရှင်းပြသည်။

စပါးပင်များတွင် ဆစ်ပိုးလေးမျိုးဖြစ်သည့် အဝါရောင်ဆစ်ပိုး၊ ပန်းရောင်ဆစ်ပိုး၊ ဆစ်ပိုးအကြားနှင့် ခေါင်းမဲဆစ်ပိုးတို့ ကျရောက်တတ်ရာ ရွှေဘိုခရိုင်အတွင်း အများဆုံး စိုက်ပျိုးထားသည့် ရွှေဘိုပေါ်ဆန်းမွှေး စပါးမျိုးတွင် အဝါရောင်ဆစ်ပိုးများ ကျရောက်တတ်ကြောင်း သိရသည်။

**သံတိုင်ထွန်း(မုံရွာ)**

# ကျောင်းသား ကျောင်းသူများအား နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးပြီး စာရေးကိရိယာများ လှူဒါန်း



**မြင်းမူ နိုဝင်ဘာ ၈**
မြင်းမူမြို့ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝစေရန်အတွက် နွားနို့နှင့် ကြက်ဥများကို အလှူရှင် Myanmar CP Livestock ကုမ္ပဏီ၏ အစီအစဉ်ဖြင့် နိုဝင်ဘာ ၇ ရက်က တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အာဟာရတိုက်ကျွေးပွဲတွင် ပညာရေးဌာနကိုယ်စား မြို့နယ်ပညာရေးမှူး ဦးမြင့်ဆောင်က ကျေးဇူးတင်စကား ပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဒေါက်တာဒေါ်မြင့်မြင့်ဌေးက နွားနို့သောက်သုံးခြင်း၏ အကျိုးကျေးဇူးများကို ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီလာလွင်၊ မြို့နယ်ပညာရေးမှူးနှင့် အလှူရှင် Myanmar CP Livestock ကုမ္ပဏီမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား အာဟာရများ တိုက်ကျွေးခဲ့သည်။

ထို့နောက် ကျောင်းတွင်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၂၁၈ ဦးအတွက် ဗလာစာအုပ် ၄၃၆ အုပ်နှင့် ခဲတံ ၄၃၆ ချောင်းတို့ကိုလည်း Myanmar CP Livestock ကုမ္ပဏီက ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

# လူထုဗဟိုပြု စီမံကိန်းအတွက် အသိပညာများ ဆင့်ပွားဖြန့်ဝေ



**ငပုတော နိုဝင်ဘာ ၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငပုတောမြို့နယ် လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ် စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ်(၁)ကို ငပုတောမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြို့နယ် နည်းပညာအကြံပေးအဖွဲ့များနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ စီမံကိန်းဝန်ထမ်းများဖြစ်သည့် လူထုစည်းရုံးရေးမှူး ၄၆ ဦး၊ လက်ထောက်နည်းပညာမှူး ၂၃ ဦး စုစုပေါင်း ၆၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူမင်း၊ မြို့နယ်နည်းပညာအကြံပေး စကျော်ကျော်လွင်နှင့် တာဝန်ရှိသူများက လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ခြင်းနှင့် စည်းရုံးရေးဆိုင်ရာ သိကောင်းစရာများကို အသေးစိတ် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူများအား ဆုချီးမြှင့်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပခဲ့သည့် ငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၆ ရက်က မြို့မကွက်သစ် အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသမီးရေးရာကော်မတီဝင်များက စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများနှင့် ပြိုင်ပွဲကြီးကြပ်သူ ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### ကျပ်သိန်း ၃၇၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ဗန်းမော်-မံစီကားလမ်းပေါ်၌ နိုဝင်ဘာ ၆ ရက်က ကျပ်သိန်း ၃၇၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါး သတင်းအရ မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ ရဲအုပ်အောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဗန်းမော်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များက အဆိုပါလမ်းပေါ် မန်ရွှတ်ကျေးရွာတံတားအနီး၌ စောင့်ဆိုင်းရှာဖွေစဉ် အောင်ဇော်ဦး(၄၁ နှစ်)မောင်းနှင်ပြီး မသိန်းကြည်(၅၁ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်ပေါ်မှ ဘိန်းဖြူ ၅၈ ဂရမ်နှင့် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၁၄၀၀၀၀ ကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဗန်းမော်မြို့မရဲစခန်း၌ အမှုဖွင့်ပြီး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### ခိုးမှုကျူးလွန်ထားသူအား ဖမ်းဆီးစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှု ရှစ်မှုပေါ်ပေါက်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသူတစ်ဦးအား ဖမ်းဆီးစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုရှစ်မှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိသူ နောင်နောင်(ခ)ဝေယံ(၂၅ နှစ်)အား လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိ၍ စစ်ဆေးခဲ့ရာ ၎င်းသည် ညမင်းသား(ခ)ဖြိုးလေး(စုံစမ်းဆဲ)နှင့်အတူ ၂၀၁၇ ခုနှစ် မတ်လ၊ မေလ၊ ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများက လှိုင်သာယာမြို့နယ်အတွင်း၌ ဆိုင်ကယ်ရှစ်စီးကို လိုက်လံခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်များအရ နောင်နောင်(ခ)ဝေယံနှင့် ညမင်းသား(ခ)ဖြိုးလေးတို့အား လှိုင်သာယာမြို့မရဲစခန်းတွင် အမှုဖွင့်ထားပြီး လွတ်မြောက်နေသူ ညမင်းသား(ခ)ဖြိုးလေးအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အမှုများမှ သက်သေခံဆိုင်ကယ်များကို ရဲတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီးဖြစ်၍ ဆိုင်ကယ်ပိုင်ရှင်များအနေဖြင့် လှိုင်သာယာမြို့မရဲစခန်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကိုသက်**

### မြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့မူးနတ်ကျေးရွာအနီး၌ နိုဝင်ဘာ ၄ ရက်က ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် စိုးစိုးနိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ လှိုင်ကားကျေးရွာအုပ်စုနေ မောင်လေးအား ဆက်လက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ဆက်လက်ဖမ်းဆီးရမိ၍ ၎င်းတို့နှစ်ဦးအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရှမ်းပြည်နယ် လားရှိုးမြို့နယ်တွင်လည်း မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လားရှိုးမြို့ နားမခေါ်ကားကြီးဝင်းထဲ၌ နိုဝင်ဘာ ၅ ရက်က ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်သန်းဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သိန်းနီမြို့နယ် ပန်စုံကျေးရွာ နတ်စင်အနီး၌ ခရီးသည်တင်မော်တော်ယာဉ်တစ်စီးကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကို ထပ်မံဖမ်းဆီးရမိ၍ ဆေးပြားများ သယ်ဆောင်လာသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများဆင်း

**ရန်ကုန် နိုဝင်ဘာ ၈**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများဖြစ်သော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၆၇)၊ စက်ကြီးပန်းထိုးသင်တန်း အမှတ်စဉ်(၄)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၉၉)နှင့် ၁၀၀ သင်တန်းများ ဆင်းပွဲကို နိုဝင်ဘာ ၁ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အဆင့်မြင့်) ဦးအောင်ကျော် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များနှင့် ထူးချွန်ဆုများ ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းများသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ သင်တန်းသား ၂၀၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းများကို ဩဂုတ် ၁၄ ရက်မှ စတင်၍ ၁၂ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဗထူး**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၆)

သိပ္ပံစာရေးဆရာကိုကိုအောင်

**မြစ်ကမ်းဘေး၊ ချောင်းကမ်းပါးများ မြေပြိုခြင်း**

ရာသီမရွေး အလျဉ်မပြတ်စီးဆင်းနေသည့် မြစ်ချောင်းများ၏ ကမ်းပါးများ၌လည်း မြေပြိုမှု ဖြစ်ပွားနိုင်သည်။ မြစ်ရေ၊ ချောင်းရေ ပုံမှန်တိုက်စားခြင်း၊ မိုးရွာသွန်းမှု အလွန်များပြားသည့်အခါမျိုးနှင့်ဆည်တမံများ ကျိုးပေါက်ပြိုပျက်သည့်အခါမျိုးများ၌ ပုံမှန်မဟုတ်သော ရေထုကြီးကြောင့် မြစ်ကြောင်းလမ်းကြောင်း သွေဖည်ပြောင်းလဲစီးဆင်းခြင်း၊ ရေယာဉ်များ ခုတ်မောင်းသွားလာမှု များပြားလွန်းခြင်း၊ ကမ်းပါးနံရံများကို စနစ်တကျတည်ဆောက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုမရှိခြင်း၊ မြစ်ကမ်းပါး၌ အဆောက်အအုံများကို စည်းကမ်းမဲ့စွာ ဆောက်လုပ်နေထိုင်ခြင်း စသည်တို့သည် မြစ်ချောင်းကမ်းပါး မြေပြိုမှုကို ဖြစ်ပေါ်လာစေနိုင်သော အကြောင်းရင်းများ ဖြစ်ကြသည်။

**တောင်စောင်း၊ချောက်ကမ်းပါးများ မြေပြိုခြင်း**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခြင်း၊ သစ်ပင် သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကားလမ်းနှင့်ရထားလမ်းများ ဖောက်လုပ်သည့်အခါ မြေသားနံရံများကို ဖြိုဖျက်ခြင်း၊ မြေထိန်းနံရံများကို စနစ်တကျ ပြုလုပ်ထားမှုမရှိခြင်း၊ ကမ်းပါးယံအစွန်းများ၌ အဆောက်အအုံ ဆောက်လုပ်နေထိုင်ခြင်း စသည်တို့ကြောင့် တောင်စောင်း၊ချောက်ကမ်းပါးများ၌ မြေပြိုမှုဖြစ်ပွားနိုင်သည်။ တောင်စောင်းနှင့် ချောက်ကမ်းပါးများ၌ မြေပြိုမှုဖြစ်ပွားသည့်အခါ ကယ်ဆယ်ကူညီရေး လုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရန် အခက်အခဲရှိတတ်သည့်အတွက် အသက်ဆုံးရှုံးနိုင်ခြေ ပို၍ရှိနေသည်။

**သတ္တုတွင်း မြေပြိုခြင်း**

သတ္တုမိုင်းများ၌ မြေပြိုခြင်းကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌ အများဆုံး တွေ့ကြုံရလေ့ရှိသည်။ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်မှုအားနည်းခြင်း၊ စံမမီသော ပစ္စည်းများကို အသုံးပြုခြင်း၊ ဖြစ်နိုင်ခြေအပေါ် လျှော့ပေါ့တွက်ဆခြင်း၊ မိုင်းလုပ်သားများ အသိပညာဗဟုသုတ နည်းပါးခြင်း၊ ကုန်ကျစရိတ်သက်သာရေးကိုသာ ဦးစားပေးဆောင်ရွက်ခြင်းစသော အချက်များသည် ကမ္ဘာအရပ်ရပ်ရှိ သတ္တုတွင်းအချို့ကို မြေပြိုကျမှုဖြစ်စေသော အကြောင်းတရားများ ဖြစ်ကြသည်။

**ဥမင်လိုဏ်ခေါင်းမြေပြိုခြင်း**

ရထားလမ်းနှင့် မော်တော်ကားလမ်းများ ဖောက်လုပ်သည့်အခါ တောတောင်အထပ်ထပ်ကို ပတ်၍ဖောက်လုပ်ခြင်းထက် တောင်အချို့ကို ဥမင်လိုဏ်ခေါင်းဖောက်၍ ဆောင်ရွက်ခြင်းက ပိုမိုထိရောက် သည့်အားလျော်စွာ လမ်းစီမံကိန်းအချို့၌ ဥမင်လိုဏ်ခေါင်းဖောက်လုပ်မှုက တစ်စိတ်တစ်ပိုင်း ပါဝင်နေလေ့ရှိသည်။ ဖောက်လုပ်ထားသည့်ဥမင်၏ အပေါ်နှင့်ဘေးပတ်လည်ရှိ မြေသားများသည် လိုဏ်ခေါင်းဖောက်ရာ၌ အသုံးပြုသည့် ရောမလွန်သွားစက်ကြီးများ၏ တုန်ခါမှုဒဏ်ကြောင့် အတွင်း၌ လှိုက်၍အက်ကွဲနေခဲ့လျှင် တစ်ချိန်ချိန်၌ ဥမင်လိုဏ်ခေါင်းမြေပြိုကျမှု ဖြစ်ပွားလာနိုင်သည်။

**စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေပြိုခြင်း**

အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊

> **“မြေပြိုခြင်း မဖြစ်ပွားရလေအောင် လူ့ပယောဂများကို ခြွင်းချက်မရှိ ရာနှုန်းပြည့်လျှော့ချကြရမည်ဖြစ်သလို သဘာဝဖြစ်စဉ်ကြောင့် မြေပြိုခြင်းများကိုလည်း တတ်နိုင်သမျှ ကာကွယ်တားဆီးကြရန် လိုအပ်သည်။ မြေပြိုခြင်းမှ ကြိုတင်ကာကွယ်တားဆီးနိုင်သော နည်းလမ်းကောင်းတစ်ရပ်မှာ နှစ်ရှည်သစ်ပင်ကြီးများကို လူတို့အခြေချနေထိုင်ရာ မြို့၊ ရွာများ၏ အနီးတစ်ဝိုက်၌ စနစ်တကျစိုက်ပျိုးထားခြင်းပင်ဖြစ်”**

စက်ရုံကြီးများဆောက်လုပ်ခြင်း၊ မွေးမြူရေးကန်များ ဖော်ထုတ်ခြင်း၊ ရေနံနှင့်ဓာတ်ငွေ့ ပိုက်လိုင်းလမ်းကြောင်းတူးဖော်ခြင်း၊ ရွှေတူးဖော်ခြင်း၊ ကျောက်မျက်တူးဖော်ခြင်း၊ ကျောက်မီးသွေးတူးဖော်ခြင်းစသော စီမံကိန်းလုပ်ငန်းများတွင် တူးဆွဖော်ထုတ်ထားသော မြေစိုင်မြေခဲများကို သင့်လျော်ရာနေရာတစ်ခုခုသို့ ပို့ဆောင်၍ စုပုံထားလေ့ရှိကြသည်။

လနှင့်ချီကာကြာမြင့်၍ မြေသားအစုအပုံကြီး ဖြစ်လာသည့်အချိန်၌ မြေပုံပေါ်၌ နေအိမ်ဆောက်လုပ်နေထိုင်ခြင်း၊ မြေသယ်ယာဉ်များက မြေပုံပေါ်တက်ရောက်၍ တူးဆွမြေများကိုထပ်မံစုပုံခြင်း၊ မြေကော်စက်များဖြင့် မြေပုံပေါ်မှမြေသားများကို သယ်ယူရွှေ့ပြောင်းခြင်း စသည်တို့ကို ပြုလုပ်သည့်အခါ ကျစ်လျစ် သိပ်သည်းမှုမရှိသော မြေသားများ ပြိုပျက်ကျဆင်းပြီး မြေပြိုမှု ဖြစ်ပွားတတ်သည်။

အလားတူပင် အထပ်မြင့် အဆောက်အအုံများအတွက် အုတ်မြစ်ချသည့်အခါများ၌လည်း မြေအား စမ်းသပ်မှုကို စနစ်တကျမပြုလုပ်ဘဲ အဆောက်အအုံ အလျင်အမြန်ပြီးစီးရေးကိုသာ ရှေ့တန်းတင်သည့်အတွက် အောက်ခံမြေသား ပြိုကျနိမ့်ဆင်းမှုဖြစ်ပေါ်ပြီး အဆောက်အအုံယိုင်နဲ့ခြင်း၊ အက်ကွဲခြင်းနှင့် ပြိုကျခြင်းများကို ကြုံတွေ့ကြရလေ့ရှိသည်။

စီမံကိန်းတာဝန်ခံများ အရည်အချင်းမပြည့်ဝခြင်း၊ နည်းပညာအဆင့်နိမ့်ကျခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်း၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုမရှိခြင်း၊ ခေတ်မီစက်ပစ္စည်းကိရိယာများကို အသုံးမပြုခြင်းစသော အကြောင်းတရားများသည် စီမံကိန်းလုပ်ငန်းခွင်များအတွင်း၌ မြေပြိုမှုကို ဖြစ်ပွားလာစေနိုင်သည်။



ကမ္ဘာသိထင်ရှားလှသည့် Andreas Fault ပြတ်ရွေ့ကြောင်းကိုတွေ့ရစဉ်

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် ကမ္ဘာတစ်ဝန်း၌ဖြစ်ပွားခဲ့သော မြေပြိုမှုများစွာတို့တွင် သဘာဝဖြစ်စဉ်များကို ရာခိုင်နှုန်းအများစုအနေဖြင့် တွေ့ရှိနိုင်သလို လူ့ပယောဂကြောင့်ဖြစ်ရသော ဖြစ်စဉ်အချို့ကိုလည်း ရာခိုင်နှုန်းအနည်းစုအဖြစ် တွေ့ရှိရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မြေပြိုခြင်းသည် အနိဋ္ဌာရုံဖြစ်ရပ်တစ်ခုဖြစ်ပြီး၊ လူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်အန္တရာယ်ပြုလာနိုင်သော ဘေးအန္တရာယ်တစ်ရပ်လည်း ဖြစ်သည်။

မြေပြိုခြင်း မဖြစ်ပွားရလေအောင် လူ့ပယောဂများကို ခြွင်းချက်မရှိ ရာနှုန်းပြည့် လျှော့ချကြရမည် ဖြစ်သလိုသဘာဝဖြစ်စဉ်ကြောင့် မြေပြိုခြင်းများကိုလည်း တတ်နိုင်သမျှကာကွယ်တားဆီးကြရန် လိုအပ်သည်။ မြေပြိုခြင်းမှ ကြိုတင်ကာကွယ်တားဆီးနိုင်သော နည်းလမ်းကောင်းတစ်ရပ်မှာ နှစ်ရှည်သစ်ပင်ကြီးများကို လူတို့အခြေချနေထိုင်ရာ မြို့ရွာများ၏အနီးတစ်ဝိုက်၌ စနစ်တကျ စိုက်ပျိုးထားခြင်းပင် ဖြစ်သည်။

နှစ်ရှည်သစ်ပင်ကြီးများသည် အပင်အရွယ်အစားနှင့် အပင်သက်တို့အလိုက် အပင်ပတ်လည်တစ်ဝိုက် ပေပေါင်းရာထောင်ချီ၍ မြေသားလွှာများကို ကျစ်လျစ်နေအောင် ကုပ်ယူထိန်းသိမ်းပေးထားနိုင်စွမ်း ရှိကြသည်။ ထိုမျှမက မြေဆီလွှာတိုက်စားခံရခြင်းကိုလည်း ကောင်းစွာကာကွယ်ပေးနိုင်ကြသလို အရှိန်အဟုန်ပြင်းစွာ စီးဆင်းဝင်ရောက်လာသော ရေထုကြီးကိုလည်းဟန့်တားဆီးကာပေးနိုင်သဖြင့် လူနေမြို့၊ ရွာများ၌ မြစ်ရေ၊ ချောင်းရေများကြောင့် ရုတ်တရက် ရေကြီးရေလျှံဖြစ်ခြင်းကို နှောင့်နှေးကြန့်ကြာအောင် လုပ်ဆောင်နိုင်စွမ်း ရှိကြသည်။

ထုထည်ပမာဏ အလွန်ကြီးမားသော ရေထုကြီးကြောင့် နေအိမ်အဆောက်အအုံများ၊ အပင်ငယ်နှင့် အပင်လတ်များက လွယ်လင့်တကူ ရေစီးနှင့်မျောပါသွားနိုင်သော်လည်း၊ အရွယ်အစားကြီးမားသော နှစ်ရှည် သစ်ပင်ကြီးများကမူ အမြစ်ကကျွတ်ပြီး ရေစီးကြောင်းနှင့်လိုက်၍ မျောပါသွားရန် အလွန်ပင် ခဲယဉ်းလှသည်။

သို့ဖြစ်၍ လူနေမြို့ ရွာများအတွင်းနှင့် အနီးတစ်ဝိုက်၌ နှစ်ရှည်ပင်ကြီးများကို စနစ်တကျ ရှင်သန်အောင် တိုးချဲ့စိုက်ပျိုးခြင်းနှင့် ရှိပြီးသားနှစ်ရှည်ပင်ကြီးများကို မည်သည့်အကြောင်းနှင့်မျှ ခုတ်လှဲဖြိုဖျက်မှု မပြုကြခြင်းအားဖြင့် သဘာဝဖြစ်စဉ်ကြောင့်ဖြစ်ရသော မြေပြိုခြင်းကို အတိုင်းအတာတစ်ရပ်အထိ ဟန့်တားနိုင်ကြမည် ဖြစ်ပေသည်။

**ငလျင်အရေး တွေး၍မပူ သတိမူလော့**

ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပွားလေ့ရှိသော ဘေးအန္တရာယ်များအနက် ငလျင်လှုပ်ခြင်းသည် ရှောင်လွှဲ၍ မရသလို ကြိုတင်၍လည်း မသိရှိနိုင်သော သဘာဝဘေးအန္တရာယ်တစ်မျိုး ဖြစ်သည်။ ထို့ကြောင့်ပင် ငလျင်လှုပ်မည့်အရေးကို တွေးတောပူပန်ခြင်းဖြင့် စိတ်ဖိစီးမှုဖြစ်ရန် မလိုအပ်ပေ။ သို့ရာတွင် ငလျင်၏ သဘောသဘာဝကိုမူ ကောင်းစွာနားလည်သဘောပေါက်ကာ သတိရှိနေကြရန် လိုအပ်သည်။

ရှေးခေတ်အခါများက ငလျင်လှုပ်ခြင်းသည် မြေစောင့်နတ်မင်းက ဒဏ်ခတ်ခြင်းဖြစ်သည်ဟု လည်းကောင်း၊ မြေအောက်ရှိ ရောမသတ္တဝါကြီး အိပ်ပျော်နေရာမှ နိုးထလာခြင်းဖြစ်သည်ဟု လည်းကောင်း စွဲမှတ်ယုံကြည်ခဲ့ကြသည်။ အကယ်စင်စစ်ငလျင်လှုပ်ခြင်းမှာ ကမ္ဘာ့ကျောက်ချပ်လွှာကြီးများ တစ်ခုနှင့်တစ်ခု တွန်းတိုက်ရွေ့လျားခြင်းပင် ဖြစ်သည်။ ဤမြေကမ္ဘာကြီးသည် အက်ပြီးမကွဲသေးသော ကြက်ဥပမာပင် ဖြစ်သည်။ အက်ကြောင်းများကြောင့် ပြတ်ထွက်နေသော်လည်း အကာပိုင်းရှိ အကျိအချွဲများနှင့် ကပ်ငြိနေသည့်အတွက် ဝေးရာသို့ ကွဲကွာသွားခြင်းမရှိသော ကြက်ဥအခွံအကွဲစလေးများနှင့် သဏ္ဌာန်တူသည့် ကျောက်ချပ်လွှာကြီးများပေါ်၌ ကမ္ဘာ့တိုက်ကြီးများက ပေါလောမျောလျက် တည်ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို ကျောက်ချပ်လွှာ အစုအဖွဲ့ပေါင်း ၂၀ ခန့်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းကျောက်ချပ်လွှာကြီးများသည် တစ်ခါတစ်ရံ တစ်ခုနှင့်တစ်ခု တွန်းတိုက်မိကြသလို တစ်ခါတစ်ရံ၌မူ တစ်နေရာဆီသို့ ကွဲထွက်သွားကြလေ့ရှိကြသည်။ ကျောက်ချပ်လွှာကြီးများ ရွေ့လျားကြသည့်အခါ ကမ္ဘာ့တိုက်ကြီးများကလည်း ယင်းတို့နှင့်အတူ လိုက်ပါရွေ့လျားရင်း တည်နေရာနှင့်တည်နေပုံများက အခါအားလျော်စွာ ပြောင်းလဲနေကြရသည်။

သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာ ခြားနေသော တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၃၅ သန်းခန့်က တစ်ဆက်တစ်စပ်တည်း တည်ရှိနေခဲ့ကြရာမှ ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားမှုကြောင့် လိုက်ပါရွေ့လျားရင်း ဆန့်ကျင်ဘက်အရပ်များဆီသို့ ကွဲထွက်သွားကာ ပထဝီအနေအထား ပြောင်းလဲလာခဲ့ကြခြင်း ဖြစ်သည်။

ကမ္ဘာမြေ၏ နက်ရှိုင်းသောအတွင်းပိုင်းရှိ ပူလောင်နေသည့် ကျောက်ချော်ရည်များသည် မြင့်မားသော ဖိအားနှင့် တွန်းကန်မှုတို့ကြောင့် ကမ္ဘာ့မျက်နှာပြင်အခွံပိုင်းသို့ ထိုး ထွက်ရောက်ရှိလာကြခြင်းဖြင့် အခွံလွှာအသစ်ကို ဖြစ်ပေါ်လာစေသည်။ အသစ်ဖြစ်ပေါ်လာသည့် အခွံလွှာ၏အောက်သို့ရောက်ရှိသွားသော မူလအခွံဟောင်းမှာ အလွန်ပူလောင်နေသည့် အတွင်းပိုင်းထိတိုင် ကျရောက်သွားပြီး အရည်ပျော်သွားကြသည်။ ဤနည်းအားဖြင့် ကမ္ဘာ့မြေမျက်နှာပြင် အခွံပိုင်းသည် အမြဲတမ်းပြောင်းလဲလျက်ရှိနေသည်။

ရှေးခေတ် ပထဝီပညာရှင်တို့က သမုဒ္ဒရာကြမ်းပြင်ဟူသည်မှာ ကုန်းမြေတိုက်ကြီးများ၏ အနိမ့်ပိုင်းနေရာများ ဖြစ်သည်ဟု ယူဆထားခဲ့ကြသည်။ အကယ်စင်စစ်အားဖြင့် သမုဒ္ဒရာကြမ်းပြင်များ တည်ရှိနေသော ကျောက်ချပ်လွှာကြီးများနှင့် ကမ္ဘာ့တိုက်ကြီးများ တည်ရှိနေသည့် ကျောက်ချပ်လွှာကြီးများမှာ တစ်ဆက်တစ်စပ်တည်း မဟုတ်သလို မြေလွှာတစ်မျိုးတည်းဖြင့် ဖွဲ့စည်းထားခြင်းလည်း မဟုတ်ပေ။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများကို နှမ်းဖတ်ကျောက်နှင့်တူသော ဆီလီကွန်နှင့် အလူမီနီယံတို့ ရောနှောနေသည့် ကျောက်သားများဖြင့် ဖွဲ့စည်းထားပြီး၊ သမုဒ္ဒရာကြမ်းပြင်များကိုမူ ဆီလီကွန်နှင့် မဂ္ဂနီဆီယမ်တို့ ရောနှောနေသည့် Basalt ခေါ် မီးတောင်ချော်နက် ကျောက်သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ကမ္ဘာ့တိုက်ကြီးများ၏ ကျောက်သားမြေလွှာများသည် ယင်းတို့ထက်ပို၍ လေးလံမာကျောသော သမုဒ္ဒရာကြမ်းပြင် မီးတောင်ချော်နက်ကျောက်များပေါ်၌ တည်ရှိနေကြသည်။ ကမ္ဘာမြေ၏ နက်ရှိုင်းသော အတွင်းပိုင်းတွင် အလွန်ပူလောင်ပြီး အရည်ပျော်နေသည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် သမုဒ္ဒရာကြမ်းပြင်ကွဲထွက်ရာ အက်ကြောင်းများမှတစ်ဆင့် တိုးထွက်လာပြီး အပေါ်ယံသို့ရောက်ရှိသည့်အခါ အေး၍မာကျောသွားကြကာ သမုဒ္ဒရာကြမ်းပြင်အသစ်ကို ဖြစ်ပေါ်လာစေသည်။

သာဓကအားဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်သည် အက်ကွဲကြောင်း၏ တစ်ဖက်တစ်ချက်ဆီသို့ ရွေ့လျားလျက်ရှိနေသည်။ သို့ရာတွင် ရွေ့လျားသည့်နှုန်း အလွန်နှေးကာ တစ်နှစ်တာအတွင်း စင်တီမီတာ အနည်းငယ်မျှသာ ခရီးပေါက်ရောက်သည်။ ယင်းကဲ့သို့ ရွေ့လျားနေကြရင်း ကမ္ဘာ့တိုက်ကြီးများ၏အစွန်းသို့ ရောက်ရှိလာသည့်အခါ ပိတ်ဆို့ခံရသကဲ့သို့ ဖြစ်ပြီး တိုက်ကြီးများ၏အောက်သို့ ဝင်ရောက် ကျဆင်းသွားသည်။ နက်ရှိုင်းသည့် အတွင်းပိုင်းသို့အရောက်တွင် ပြင်းထန်လွန်းသောအပူရှိန်ကြောင့် အရည်ပျော်သွားသည်။ ဤနည်းဖြင့် သမုဒ္ဒရာကြမ်းပြင်တို့သည် အမြဲတမ်းဆိုသလို အသစ်နှင့် အဟောင်းလဲလှယ်ဖြစ်ပေါ်လျက် ရှိနေကြသည်။

*စာမျက်နှာ ၂၂ သို့*

# မြတ်မော်တင်စွန်းစေတီတော်ကြီးအား ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး ဇေကမ္ဘာဦးခင်ရွှေက ကျပ်သိန်းတစ်သောင်းကျော် လှူဒါန်းမည်ဟုသိရ



**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု၌ တည်ရှိသော မော်တင်စွန်းအငူပေါ်ရှိ သရနတောင်တော်ပေါ် ကိန်းဝပ်စံပယ်တော်မူသည့် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးနှင့်တကွ ရင်ပြင်တော်တို့ကို ဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူပြန်လည် မွမ်းမံပြင်ဆင်မှုများကို ဇေကမ္ဘာကုမ္ပဏီပိုင်ရှင် ဒေါက်တာဦးခင်ရွှေက ငွေကျပ်သိန်းပေါင်း တစ်သောင်းကျော်ဖြင့် ကိုယ်တိုင်ပြုပြင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီးအားဘက်စုံပြုပြင် မွမ်းမံလှူဒါန်းခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၏ ဦးဆောင်မှုဖြင့် ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းစေတီတော်သို့ နိုဝင်ဘာ ၆ ရက် ညနေပိုင်းက ကျိုက်ထီးဆောင်း ဆရာတော်နှင့် ဆရာတော်သံဃာတော်ရှစ်ပါး၊ ဇေကမ္ဘာကုမ္ပဏီပိုင်ရှင် ဦးခင်ရွှေနှင့်အဖွဲ့တို့ ရောက်ရှိလာကာ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မော်တင်စွန်းဆရာတော် ဦးသုဇာတ၊ ဂေါပကအဖွဲ့၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး အလှူရှင်ဦးခင်ရွှေက အကြမ်းဖျင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဆရာတော်သံဃာတော်များနှင့် အလှူရှင်များသည် ဂေါပကအဖွဲ့၊ ဌာနဆိုင်ရာများနှင့် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြင်ဆင်မှုကိစ္စများ ဆွေးနွေးညှိနှိုင်းလျှောက်ထားကြရာ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က စေတီတော်အား ထီးတော်အသစ်တင်ရန်၊ စေတီတော်ရင်ပြင်အား ချဲ့ထွင်ရန်၊ ရွှေပြားရွှေသင်္ကန်း ကပ်လှူပူဇော်ရန်တို့ကို အလှူရှင်က မတည်လှူတန်းမည်ဖြစ်ကြောင်း၊ ဇေကမ္ဘာ ဦးခင်ရွှေကလည်း အထက်ဖော်ပြပါ မွမ်းမံပြုပြင်မှုများကို သက်ဆိုင်ရာသို့ တင်ပြထားရှိပြီး ခွင့်ပြုမိန့်ကျသည်နှင့် ဘုရားပွဲတော်ရက်မတိုင်မီ ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

စေတီတော် မွမ်းမံပြုပြင်ခြင်းနှင့်ပတ်သက်၍ လက်ရှိစေတီတော်ကြီးအား ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူအောင် မွမ်းမံသွားမည်ဖြစ်ပြီး ဉာဏ်တော်အနည်းငယ်မြင့်သွားနိုင်သည်။ စေတီတော်၏ အထက်ပစ္စယံတွင် ပြင်ဆင်ရန် လိုအပ်မှုများရှိနေသေးကြောင်း၊ လက်ရှိထီးတော်ကို မကြာမီပြန်ချသွားမည်ဖြစ်ပြီးဘုရားပွဲ ဖွင့်ပွဲနေ့အမီ ထီးတော်အသစ်တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း၊ ပွဲတော်ရက်မတိုင်မီ ရင်ပြင်တော်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကိုလည်း နိုင်သရွေ့ ဆောင်ရွက်ထားရှိမည်ဖြစ်သည်။ ပွဲတော်ရက်ပြီးနောက်ပိုင်းမှ ကျန်လုပ်ငန်းများကို ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားပွဲရှိ ပွဲလမ်းသဘင်ကျင်းပရေးနှင့် ဧည့်သည်တော်များကိုစတုဒိသာ ကျွေးမွေးခြင်းများကိုလည်း ဇေကမ္ဘာ ဦးခင်ရွှေက လှူဒါန်းသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ငွေက ပြောသည်။ ဆက်လက်၍ မော်တင်စွန်း တောင်တက်လမ်း ပေ ၁၅၀၀ ကို အကျယ် ၁၈ ပေ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကုန်းတော်ပေါ်ရှိ ရင်ပြင်တော် လျှောက်လမ်းများကိုလည်း ကျောက်ပြားခင်းခြင်းများကိုပါ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့၏ အထင်ကရဖြစ်သော ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်မြတ် မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရန်အတွက် နှစ်လခန့်သာလိုသည့်အချိန်တွင် စေတီတော်ကြီးအားမွမ်းမံပြင်ဆင်တော့မည့်သတင်းကြောင့် ဒေသခံများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

---

## ယာစပါး စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း)နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သရက်ကုန်းကျေးရွာ၌ တောင်သူပညာပေး မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။ စံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကမှ ၆၁ ဒသမ ၁၈ တင်း ထွက်ရှိကြောင်း သိရသည်။ ဒေသအလိုက်၊ မျိုးကွဲအလိုက် အထွက်နှုန်းကို မှန်ကန်စွာ အတည်ပြုမှတ်တမ်းတင်နိုင်ရန်နှင့် အားသာချက် အားနည်းချက်များ ဖော်ထုတ်ကာ တောင်သူများအား အသိပညာပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယာစပါး စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

---

# အင်းတော်မြို့နယ် ပင့်တင်ချောင်းဖျားမှ တုံးထိုး ရေတံခွန်ငယ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာအုပ်စု ပင့်တင်ကျေးရွာမှ ၅ မိုင်ခန့်အကွာ ချောင်းဖျား၌ ရေတံခွန်ငယ်တစ်ခုဖြစ်သော တုံးထိုးရေတံခွန်ရှိသည်။ ထိုရေတံခွန်မှာ အမြင့် ပေ ၄၀ ခန့်ရှိပြီး ရေတံခွန်အထက် ရေပြင်အကျယ်မှာ ၃ ပေခန့်ရှိကာ ရေထု ၁ ပေခွဲခန့် တသွင်သွင်စီးဆင်းလျက်ရှိသည်။



အဆိုပါ ရေတံခွန်ငယ်ရှိရာသို့ ပင့်တင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ရီနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နဘားရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ကသာ အင်းတော် မော်လူးတို့မှ သတင်းမီဒီယာသမားများ စုပေါင်း၍ နိုဝင်ဘာ ၆ ရက်က သွားရောက်ခဲ့ကြသည်။ ရေတံခွန်သို့ရောက်ရန် ချောင်းရိုးအတိုင်း ဆန်တက်ရပြီး လမ်းတစ်လျှောက်တွင် ရင်သပ်ရှုမောဖွယ် သစ်ပင်ကြီးများ၊ ဝါးပင်များနှင့် အပင်မျိုးစုံ၊ ပန်းမျိုးစုံ၊ ချောင်းအတွင်းမှ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ဆောင်ကြီးများ၊ ချောင်းအတွင်းမှ အေးမြသောစိမ့်စမ်းရေများကို မြင်တွေ့ဖြတ်သွားရသည်။

ပင့်တင်ကျေးရွာမှာ အိမ်ခြေ ၈၂ အိမ်နှင့် လူဦးရေ ၄၂၀ ခန့်ရှိကာ အဓိကလုပ်ငန်းမှာ တောင်သူလုပ်ငန်းဖြစ်ပြီး ရွာအနီး ဖက်ဆွတ်ကြိုးဝိုင်းသစ်တောအတွင်းမှ သစ်တောထွက်စားသောက်ဖွယ်ရာများကို ရှာဖွေရောင်းချခြင်းဖြင့်လည်း လုပ်ကိုင်စားသောက်ကြသည်။ အဆိုပါရွာတွင် မူးယစ်ဆေးဝါး ကင်းစင်ပြီး ရွာခံများမှာလည်း



တောသူတောင်သားများဖြစ်သည့်အလျောက် ဖော်ရွေရိုးသားကြသည်။

ရွာ၏ အဓိကလိုအပ်ချက်မှာ သောက်သုံးရေဖြစ်ကြောင်း သိရသည်။ ရွာအတွင်းမြေအောက်တွင် ကျောက်ဖြာရှိသည့်အတွက် တုံကင်ရေတွင်း တူးဖော်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် ရွာနှင့်တစ်မိုင်ခန့်အကွာအဝေးတွင် စိမ့်စမ်းရေသွယ်တန်းလိုသော်လည်း ငွေကြေးအင်အားချို့တဲ့ခြင်းကြောင့် အကူအညီများလိုအပ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ "ကျွန်တော်တို့ရွာက သောက်သုံးရေ သယ်ယူရတာခက်ခဲပါတယ်၊ အဲ့ဒါကြောင့် စိမ့်စမ်းရေကို လိုချင်တာပါ၊ လူဦးရေနဲ့ အိမ်ခြေကလည်း နှစ်စဉ်တိုးပွားနေတာကြောင့် သောက်သုံးရေရရှိဖို့ လိုအပ်နေပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါရေတံခွန်သို့ ဗဟုသုတအဖြစ် လာရောက်လေ့လာလိုသူများနှင့် အပန်းဖြေလိုသူများအနေဖြင့် ဆိုင်ကယ်ဖြင့် သုံးမိုင်ခန့်လာပြီးနောက် ခြေကျင် နှစ်မိုင်ခန့် ချောင်းရိုးအတိုင်းသွားလျှင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါရေတံခွန်ငယ်နှင့်အတူ ဖက်ဆွတ်ကြိုးဝိုင်းအတွင်း ပေါက်ရောက်နေသော အပင်များကို လေ့လာနိုင်သော၊ တောတောင်၏သဘာဝအလှများကို ခံစားနိုင်စေသော ခရီးသွားအပန်းဖြေစခန်းတစ်ခုအဖြစ် သက်ဆိုင်ရာတို့က အကောင်အထည်ဖော်ပေးပြီး ဒေသခံများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပါက စစ်ကိုင်းတိုင်းဒေသကြီးအတွက် ခရီးသွားစခန်း နေရာသစ်တစ်ခု ဖော်ထုတ်ရာလည်းရောက်မည်ဖြစ်ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ **လူအောင်(ကသာ)၊ ဓာတ်ပုံ-ချစ်လင်း**

---

## သတင်းတိုများ

### ဆင်းကေရီ-၃ မိုးစပါး(BMP)စံပြကွက်ရိတ်သိမ်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသခံတောင်သူ ဦးတင်ထွေး၏ ဆင်းကေရီ-၃ စပါးစိုက်ခင်း ငါးဧက၌ တောင်သူပညာပေး မိုးစပါး (BMP) စံပြကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၆ ရက်က ပြုလုပ်ခဲ့သည်။ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးအစို ၁၁၃ ဒသမ ၄၅ တင်း ထွက်ရှိခဲ့ပြီး စံကွက်ရိတ်သိမ်းမှုကို ဒေသတွင်း ကျေးရွာများမှ တောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

### ငွေဆောင်ကမ်းခြေတွင် ဈေးဆိုင်ခန်းများစနစ်တကျနေရာချထားဆောင်ရွက်

ငွေဆောင်ကမ်းခြေတွင် ဈေးရောင်းချမည့်ဈေးသည်များ ဆိုင်ခန်းနေရာ စနစ်တကျရှိစေရေးအတွက် ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဈေးသည်များအား ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၆ ရက်က တွေ့ဆုံကာ ဆိုင်ခန်းနေရာများ စနစ်တကျ ချထားပေးခဲ့ကြောင်း သိရသည်။ ဆိုင်ခန်းနေရာများကို ငွေဆောင်ကမ်းခြေ Sunny Paradise လမ်းကြား၊ အထက ငွေဆောင်ကျောင်း အနောက်ဘက်နှင့် ချစ်သူများကျွန်း အဆင်းလမ်းတို့တွင် ချထားပေးခဲ့ခြင်းဖြစ်ပြီး ဆိုင်ခန်း ၇၃ ခန်းကို မဲနှိုက်၍ နေရာများ စနစ်တကျ သတ်မှတ်ချထားပေးခဲ့ကြောင်း သိရသည်။ **မူမူ(ပြန်/ဆက်)**

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်း

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးလက်နေပြည်သူမျ ားး၏ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူဖြစ်စေပြီး ဝင်ငွေတိုးတက်ရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၆ ရက်က ခရမ်းမြို့နယ် မောင်းမကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစတင်မျိုးလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးဒေါ်ခင်ဆွေဝင်းတို့က အမှာစကားပြောကြားပြီး သင်တန်းတွင်ထူးချွန်သော သင်တန်းသူအမျိုးသမီးများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည် **ကိုမင်း(ခရမ်း)**



### ငြိမ်းချမ်းရေးအတွက် တမီ(လ်)ဟိန္ဒူလူမျိုးများ ဆုတောင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

နိုင်ငံတော်အစိုးရက အရှိန်အဟုန်မြင့် ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူလူမျိုးများအနေဖြင့် ထောက်ခံခြင်းအထိမ်းအမှတ် ငြိမ်းချမ်းရေး ဆီမီးတိုင်ထွန်းညှိ ဆုတောင်းပွဲကို နိုဝင်ဘာ ၅ ရက် ညပိုင်းက ရန်ကုန်မြို့ Rose Garden Hotel ၌ ကျင်းပသည်။

ဆုတောင်းပွဲကို မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)က ဦးစီးကျင်းပခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပေါ်ရှိ သံရုံးများမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံမှ အကြီးအမှူးများနှင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တမီ(လ်)ဟိန္ဒူ မျိုးနွယ်စုများ တက်ရောက်ကြသည်။ ဆုတောင်းပွဲတွင် သက်ဆိုင်ရာအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များက နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသော တိုင်းရင်းသားလူမျိုးများအကြား၊ လူမျိုးစုများအကြား ဖြစ်ပေါ်နေသော ပဋိပက္ခများ ငြိမ်းချမ်းပါစေကြောင်း ငြိမ်းချမ်းရေး ဆီမီးတိုင်ကို ထွန်းညှိ ဆုတောင်းကြသည်။ ထို့နောက် တမီ(လ်)ဟိန္ဒူ လူမျိုးများမှ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းပါစေကြောင်း တေးသီချင်းဖြင့်လည်းကောင်း၊ ရိုးရာအကများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

"ငြိမ်းချမ်းရေးဟာ အလွန်ကိုအရေးကြီးတဲ့ လိုအပ်ချက်ပါ၊ မြန်မာပြည်ရဲ့တစ်စိတ်တစ်ဒေသဖြစ်တဲ့ ရခိုင်ပြည်နယ်ဖြစ်စဉ်အပေါ်မှာလည်း ကိုးကွယ်ယုံကြည်တဲ့ ဘာသာကြီးလေးဘာသာကနေ စုစုရုံးရုံးနဲ့ ငြိမ်းချမ်းရေးဆုတောင်းပွဲတွေကို လုပ်ပြခြင်းအားဖြင့် ငြိမ်းချမ်းဖို့ သက်သေသာဓက တစ်ခုလည်း ဖြစ်ပါတယ်၊ ဒီအပေါ်မှာ ငြိမ်းချမ်းတဲ့ ဒေသတွေကနေပြီး ကောင်းစွာပညာသင်ကြားရင်း တက္ကသိုလ်ဝင်စာမေးပွဲမှာ ဂုဏ်ထူးတွေနဲ့အောင်မြင်ခဲ့တဲ့ တမီ(လ်)ဟိန္ဒူမျိုးနွယ်တွေကိုလည်း ဒီဆုတောင်းပွဲမှာ ပညာသင်ထောက်ပံ့ဆုတွေချီးမြှင့်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌ ဦးသိန်းလွင်က ပြောသည်။ ထိုနေ့ဆုတောင်းပွဲတွင် ၂၀၁၆-၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သော တမီ(လ်)ဟိန္ဒူကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း မြို့နယ်အလိုက် ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပ

မြန်မာတစ်နိုင်ငံလုံး၌ အသက် ကိုးလမှ ၁၅ နှစ်အတွင်း ကလေးများအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းအခြေပြုအနေဖြင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ပြည်သူလူထုအခြေပြုအနေဖြင့်လည်းကောင်း အစုလိုက် ထိုးနှံပေးသွားမည်ဖြစ်ရာ မြို့နယ်အလိုက် ဆေးထိုးပေးမည့် အစီအစဉ်များအကြောင်း ရှင်းလင်းပွဲများကို မြို့နယ်အသီးသီးတွင် ကြိုတင်ပြုလုပ်လျက်ရှိသည်။

**မအူပင်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ကလေးများအား ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးမည့်အစီအစဉ်များ အသိပေး ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်က မအူပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခန်းမ၌ ကျင်းပခဲ့သည်။



ရှင်းလင်းပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးထွန်းဇော်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စည်သူနှင့် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာထွေးထွေးကိုတို့က ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံပေးမည့် အစီအစဉ်များ၊ ရောဂါအကြောင်းများကို ရှင်းလင်းပြောကြားကာ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများက သိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**

**ဆိပ်ကမ်း**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည့် အစီအစဉ် ရှင်းလင်းပွဲကို ဆိပ်ကမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့ပြီး ဆိပ်ကမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇင်မင်းမင်းလတ်က ဆေးထိုးပေးမည့် အစီအစဉ်အသေးစိတ်ကို ရှင်းလင်းပြောကြားကာ ရှင်းလင်းပွဲသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **နန်းနွဲ့သိင်္ဂီ**

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်း လုပ်ငန်းအသိပေးရှင်းလင်းပွဲကို မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့ရာ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက အမှာစကားပြောကြားပြီး မိုးညှင်းခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်က ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းနှင့်ပတ်သက်၍ ထိုးပေးမည့် အစီအစဉ်ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှင်းလင်းပွဲသို့တက်ရောက်သော မိုးညှင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဆေးထိုးပေးရာတွင် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **နီတိုး**

**ကျွန်းလှ**

ကျွန်းလှမြို့နယ်အတွင်း ဆောင်ရွက်မည့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ မြို့နေလူထုအား အသိပညာပေးသည့်အနေဖြင့် မြို့နယ်အတွင်းမှ လူစည်ကားသောနေရာများတွင် လမ်းဖြတ်နဖူးစည်းစာတန်းများ ချိတ်ဆွဲခြင်း၊ ပိုစတာနှင့် စတစ်ကာများ ကပ်ခြင်းတို့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများက နိုဝင်ဘာ ၆ ရက်တွင် လိုက်လံဆောင်ရွက်ခဲ့သည်။



ကျွန်းလှမြို့နယ်တွင် ကျောင်းအခြေပြုအနေဖြင့် အသက် ငါးနှစ်မှ ၁၅ နှစ်အထိ ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ပြီး ရပ်ရွာအခြေပြုအဖြစ် အသက် ကိုးလမှ ငါးနှစ်အထိ ကလေးများနှင့် ကျောင်းအခြေပြုထိုးပေးစဉ်က ကျန်ခဲ့သောကလေးများအား အစုအဖွဲ့ ၄၄ ဖွဲ့ဖြင့် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

# မြောက်ဦးမြို့ ရှေးဟောင်း လက်ဆည်ကန်ရေတံခါးကို ရှေးမူမပျက် ထိန်းသိမ်း

**မြောက်ဦး နိုဝင်ဘာ ၈**



မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် UNESCO စာရင်း တင်သွင်းနိုင်ရေးအတွက် ဒေသတွင်းမှ ရှေးဟောင်းအဆောက်အအုံများကို ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်သော လက်ဆည်ကန်ရေတံခါးပေါက် ပြုပြင်ခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ မြောက်ဦးယဉ်ကျေးမှုဒေသ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှေးခေတ် ရခိုင်ဘုရင်များအနေဖြင့် မြောက်ဦးမြို့တော်များတွင် တံတိုင်းများ၊ ကျုံးများနှင့် ဆည်များ တည်ဆောက်ခဲ့ကြရာ တံတိုင်းများကို မြို့တော်လုံခြုံရေး၊ ဆည်များကို တိုင်းသူပြည်သားများ ရေလိုသလောက်ရရှိနိုင်ရေးတို့အတွက် တည်ဆောက်ထားခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ ဆည်များမှ တစ်ခုအပါအဝင်ဖြစ်သော လက်ဆည်ကန်ရေတံခါးပေါက်ကို ယခုအခါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။ လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းမှစတင်၍ ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် မြေကျင်းများတူးခြင်း၊ ကျောက်တုံးများ စီတန်းခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်း၌ ရှေးဟောင်းအဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သော ဘားဘူတောင် မြေထိန်းနံရံ ပြုလုပ်ခြင်း၊ ဖုတ်တောမော်စေတီ ရေကြောင်း ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ဇုန်ကျောက်တိုင် စိုက်ထူခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါလုပ်ငန်းများမှ ပထမဆုံးအနေဖြင့် လက်ဆည်ကန်တံခါးပေါက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ဒေသ သတင်းအချက်အလက်များကို ခေတ်နှင့်အညီပေးပို့ရေး နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ရုံးဝန်ထမ်းများအနေဖြင့် ဒေသတွင်း သတင်းအချက်အလက်များကို ခေတ်နှင့်အညီ အချိန်မီ မြန်မြန်ဆန်ဆန် တိကျလုံခြုံစွာ ပေးပို့ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ထားဝယ်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Commumity Centre ခန်းမ၌ နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက် နှစ်ရက်ကြာ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်နီနီချို က နည်းပညာဆိုင်ရာဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး သင်တန်း နည်းပြ နှစ်ဦးက တိုင်းဒေသကြီးအတွင်းရှိခရိုင်၊ မြို့နယ်နှင့် မြို့ ရုံးများမှ ဝန်ထမ်း ၂၀ အား EDMS (Electronic Document Management System) နည်းပညာ၊ Google Drive နည်းပညာ၊ ဒေသ သတင်းအချက်အလက်များကို ပေးပို့ဆောင်ရွက်နိုင်ရေး၊ Social Media နည်းပညာများဖြင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး၊ ပြည်သူနှင့်အစိုးရအကြား အပြန်အလှန် သတင်းအချက်အလက်ပေးပို့ရာတွင် ဝန်ဆောင်မှုပေးနိုင်ရေး စသည်တို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ ဆုများချီးမြှင့်

**ဘားအံ နိုဝင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကျင်းပသော (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ၏ ဆုပေးပွဲကို ဘားအံမြို့ကန်သာယာကန်တွင်း၌ နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။ (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားလေးမျိုး ကျင်းပခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက်မှစ၍ အမျိုးသား ငါးတက်လှော်ပြိုင်ပွဲတွင် ၂၅ သင်း၊ အမျိုးသား သုံးတက်လှော်ပြိုင်ပွဲတွင် ၂၃ သင်း၊ အမျိုးသမီး ငါးတက်လှော်နှင့် သုံးတက်လှော် ပြိုင်ပွဲတွင် ငါးသင်းစီ၊ ဖိတ်ခေါ် အမျိုးသား အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများတွင် ငါးသင်းစီ၊ သုံးသင်းစီနှင့် နှစ်သင်းစီ ယှဉ်ပြိုင်စေပြီး နိုဝင်ဘာ ၆ ရက် ညနေပိုင်းတွင် ဆီမီးဖိုင်နယ်ပြိုင်ပွဲများကို ကျင်းပခဲ့သည်။ ဖိုင်နယ်ပွဲများကို နိုဝင်ဘာ ၇ ရက်တွင် ကျင်းပပြီး ပြိုင်ပွဲများကို တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်နှင့်ဇနီး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံ လှေလှော်ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် အမျိုးသား ငါးတက်လှော်ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီမောင်အသင်း၊ ဒုတိယဆုရ အိုးစတား အမှတ်(၉)အသင်း၊ တတိယဆုရ ကဒီခံအသင်း၊ အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲတွင် ပထမဆုရ ဇနီလာဖင့်မင်အသင်း၊ ဒုတိယဆုရ တဝယ်မှိုင်းချိအသင်းနှင့် တတိယဆုရ ဖော့လာနိုင် အသင်းများကိုလည်းကောင်း၊ အမျိုးသား အမျိုးသမီး သုံးတက်နှင့် တစ်ဦးချင်း ပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း ကရင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးအေးလွင်၊ ခရိုင်ဦးစီးမှူး ဦးစတင်အောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# သီတဂူ ဆေးရုံတော်ကြီးတွင် မျက်စိ ဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ် ကုသပေးမည်



**ထားဝယ် နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သီတဂူ အာရောဂျဒါနဆေးရုံတော်ကြီးတွင် (၁၂)ကြိမ်မြောက်ကျန်းမာရေး အလှူတော်အဖြစ် သီတဂူဆရာတော်ကြီး၏ အစီအစဉ်ဖြင့် သမားတော်ကြီး ဒေါက်တာမြအောင် ဦးဆောင်သော စစ်ကိုင်း သီတဂူ ဇီဝိတဒါန ဆေးရုံတော်ကြီးမှ အထူးကုဆရာဝန်များ၊ အထောက်အကူပြုအဖွဲ့များ၊ ထားဝယ်သီတဂူအကျိုးတော်ဆောင်အဖွဲ့၊ ဝိဝဋ္ဋဒါနအလှူရှင်များ၊ အထူးကုဆရာဝန်များ ပူးပေါင်းကာ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေး၍ အလင်းဒါနလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

သမားတော်ကြီး ဒေါက်တာမြအောင် ဦးဆောင်သည့် ဆရာဝန်အဖွဲ့က နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ မျက်စိစမ်းသပ်ပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ မျက်စိခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း၊ ဘာသာလူမျိုးမရွေး လာရောက် ကုသနိုင်ကြပြီး ပါဝိမျက်မှန်လှူဒါန်းခြင်းအစီအစဉ် မပါရှိကြောင်း၊ မျက်စိရောဂါနှင့် မျက်စိခွဲစိတ်ဝေဒနာရှင်များအတွက် သီးသန့်အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ကုသမှုခံယူလိုသည့် မျက်စိဝေဒနာရှင်များအနေဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင် တစ်ဦးဦးကသော်လည်းကောင်း ထားဝယ်မြို့ ဘုမ္မော်ရပ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအတွင်းရှိ သီတဂူ အာရောဂျဒါနဆေးရုံတော်ရုံးခန်းတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့်လည်း မျက်စိဝေဒနာရှင်တစ်ဦး ခွဲစိတ်ခြင်းအတွက် အလှူငွေကျပ် လေးသောင်းနှုန်းဖြင့် အထက်ပါရုံးခန်းလိပ်စာသို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ ထားဝယ် KBZ ဘဏ်စာရင်းအမှတ် - ၀၄၇၁၂၂ ၀၀၀၆၄၆၂ သို့ ထည့်သွင်း၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ယင်းမာပင်ခရိုင်ဗိုလ်စွဲ

**ယင်းမာပင် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယင်းမာပင်ခရိုင်အားကစားကွင်း၌ နိုဝင်ဘာ ၆ ရက်က ကျင်းပကာ ယင်းမာပင်ခရိုင်နှင့် ကသာခရိုင်တို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ယင်းမာပင်ခရိုင်အသင်းက နှစ်ဂိုး-တစ် ဂိုးဖြင့် ဗိုလ်စွဲအနိုင်ရခဲ့သည်။

အဆိုပါ အမျိုးသမီးဘောလုံးပြိုင်ပွဲကိုတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုမှ ဘောလုံးအသင်း ၁၀ သင်း ပါဝင်၍ အောက်တိုဘာ ၂၅ရက်မှ စတင်ယှဉ်ပြိုင်ခဲ့ကြပြီး ယင်းမာပင်ခရိုင်နှင့် ကသာခရိုင်အသင်းများက ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်စွဲသည့် ယင်းမာပင်ခရိုင် အမျိုးသမီးဘောလုံးအသင်းအား တံခွန်စိုက်ဆုနှင့် ကျပ်သုံးသိန်း၊ ဒုတိယဆုရသည့် ကသာခရိုင်အသင်းအား ကျပ်နှစ်သိန်းနှင့်ဆုတံဆိပ်၊ တတိယဆုရသည့် ကလေးခရိုင်အသင်းအား ကျပ် တစ်သိန်းနှင့်ဆုတံဆိပ်တို့ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး နေရာအလိုက် အကောင်းဆုံးကစားသမားဆု ငါးဆုကိုလည်း ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲကို ပြီးခဲ့သည့်နှစ်က အလွတ်တန်းအဖြစ် စတင်ကျင်းပခဲ့ရာမှ ယခုနှစ်တွင် မျိုးဆက်သစ် အမျိုးသမီးဘောလုံးသမားများ ပေါ်ပေါက်လာစေရန် အသက် ၂၅ နှစ်အောက်အဖြစ် ပြောင်းလဲသတ်မှတ်၍ ကျင်းပခဲ့ကြောင်း သိရသည်။ လာမည့် ဒီဇင်ဘာလအတွင်း ခရိုင်ပေါင်းစုံ အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကိုလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရ သည်။ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းကလည်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲကို မုံရွာမြို့နယ် ပြည်သူ့အားကစား ကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံတွင် ကျင်းပခဲ့ရာ ကန့်ဘလူခရိုင်အသင်းက ဗိုလ်စွဲခဲ့ကြောင်း သိရသည်။

**သံတိုင်ထွန်း(မုံရွာ)**



# ရှမ်း နှစ်သစ်ကူးပွဲတော် မီးရှူးခံ မင်္ဂလာ ဂါရဝပြုပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၈**

ရှမ်းသက္ကရာဇ် ၂၁၁၂ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် ရှမ်းတိုင်းရင်းသားများ သာရေး၊ နာရေးအသင်း(မန္တလေး)က ကြီးမှူး၍ (တုတ်ဆူး)မီးရှူးခံ မင်္ဂလာဂါရဝပြုပွဲကို နိုဝင်ဘာ ၅ ရက်က မန္တလေးမြို့ ၃၅ လမ်းရှိ အဆိုပါအသင်း၌ ကျင်းပရာ ဂါရဝပြုဆုတောင်းပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာယုယုမေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရှမ်းတိုင်းရင်းသားများ သာရေး၊ နာရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဦးစိုင်းဆိုင်မိုင်းနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးဆွမ်းတော်ပြင်အဖွဲ့နှင့် လူငယ်မောင်မယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ရှမ်းလူငယ်မောင်မယ်များက ရှမ်းရိုးရာ နှစ်သစ်ကူးသီချင်းဖြင့် သီဆိုဂါရဝပြုကြပြီး အမျိုးသမီး ဆွမ်းတော်ပြင်အဖွဲ့က သစ်သီးခြင်းဖြင့် ဂါရဝပြုကြသည်။ ဆက်လက်၍ အသင်း၏ အမှတ်တံဆိပ်ဖြစ်သည့် ကိန္နရီ၊ ကိန္နရာအကများ၊ ရိုးရာအကပဒေသာများဖြင့် ဂါရဝပြုတင်ဆက်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား အသင်းဥက္ကဋ္ဌက ရှမ်းသက္ကရာဇ် ၂၁၁၂ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ချီးမြှင့်ပေးရန် ရှမ်းရိုးရာ လက်ဖက်ထုပ်နှင့် ပွဲဖိတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားကာ ရှမ်းလူငယ်မောင်မယ်များက ရှမ်းရိုးရာသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**တင်မောင်**

# မိုင်းနှင့် မိုင်းအန္တရာယ် ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ် အသုံးပြုနည်း ဆင့်ပွား သင်တန်းဖွင့်



**ကလေး နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ရဲတပ်ဖွဲ့၏ မိုင်းအခြေခံသဘောတရားနှင့် ၂၀၁၇- ၂၀၁၈ လေ့ကျင့်ရေးနှစ်အတွင်း ဖွင့်လှစ်ရန်ကျန်ရှိသည့် Green Book ပါ သင်တန်းများအနက် မိုင်းနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း လုပ်ငန်းခွင်ဆင့်ပွားသင်တန်း အမှတ်စဉ် (၂/၂၀၁၇)ကို နိုဝင်ဘာ ၆ ရက်က ကလေးမြို့ ညောင်ပင်သာရပ်ကွက်ရှိ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးရွှေဝင်း၊ ခရိုင်ရဲတပ်ဖွဲ့ရုံးမှ ဒုတိယရဲမှူးဦးစီး ဒုတိယရဲမှူးမောင်မောင်နှင့် ရဲအရာရှိများ၊ နည်းပြများ၊ သင်တန်းသားတပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင် ရဲတပ်ဖွဲ့မှူးက သင်တန်းအကြောင်း အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် ကလေး၊ တမူး၊ မော်လိုက်နှင့် ခန္တီးခရိုင်များမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၆ ရက်မှ ၁၇ ရက်ထိ ၁၂ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ခရိုင်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဖာပွန် နိုဝင်ဘာ ၈**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ကျင်းပခဲ့သော ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာ ပေါင်းစုံအသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၆ ရက်က ဖာပွန်မြို့မအားကစားကွင်းတွင် ကျင်းပရာ ဖာပွန်အမှတ်(၂)ရပ်ကွက် ဘောလုံးအသင်းနှင့် ဖာပွန်မြို့နယ် ရှမ်းသွေးသစ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး အမှတ်(၂) ရပ်ကွက်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပကာ ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ဦး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြာညိုနှင့် ဆုရအသင်းများနှင့် တစ်ဦးချင်းဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

**အောင်မျိုးလွင်(ပြန်/ဆက်)**

# ရေစကြိုမြို့နယ်အတွင်းက ကျွန်းထဲကျေးရွာ အခမဲ့ ဆေးခန်းလေး

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ဖြုံဘူးကျေးရွာသည် ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်ကြားရှိ ကျွန်းထဲကျေးရွာတစ်ရွာဖြစ်ပြီး သွားလာရေး ခက်ခဲသည်။ ထို့ကြောင့် ကျေးရွာနေပြည်သူများမှာ ကျန်းမာရေးကိစ္စတစ်စုံတစ်ရာ ကြုံကြရပါက သာမန်ဖျားနာခြင်းမျိုးနှင့် မီးဖွားခြင်းအတွက် ကျေးရွာတွင်းရှိ အရပ်ဆရာဝန်(ခေါ်) ဒေါက်တာရမ်းကုများဖြင့်သာ ကုသကြလေ့ရှိပြီး ရောဂါကြီးမားပါက ဖြုံဘူးရွာနှင့် သုံးမိုင်ခန့်ဝေးသော ရောဝတီမြစ်ကမ်းဘေးရှိ မြေတော်တိုက်နယ်ဆေးရုံသို့ လှည်းဖြင့်လည်းကောင်း၊ ရေစကြိုမြို့ဆေးရုံကြီးသို့ လှည်းတစ်တန် စက်လှေတစ်တန်ဖြင့် ချင်းတွင်းမြစ်ကို ဖြတ်ကျော်၍လည်းကောင်း ခက်ခက်ခဲခဲ သွားလာ၍ ဆေးကုသခဲ့ကြရသည်။

ထိုသို့ကျန်းမာရေးအခက်အခဲများရှိနေသော ဒေသခံပြည်သူများ အဆင်ပြေစေရန်အတွက် အခမဲ့ ဆေးခန်းနှင့် အခမဲ့ သားဖွားခန်းကို ဦးသန့်ဇော်ကွန်းက ၂၀၁၁ ခုနှစ် ဇူလိုင် ၁၅ ရက်က စတင်ဆောက်လုပ် လှူဒါန်းခဲ့ရာ ယခုနှစ်တွင် ခြောက်နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ဆောက်လုပ်ထားသော အဆိုပါ မူလဆေးခန်း အဆောက်အအုံမှာ သေးငယ်နေသည့်အတွက် လက်ရှိအချိန်တွင် လူနာများနှင့် မလုံလောက်သောကြောင့် ဆေးခန်းဝိုင်းအကျယ် ပေ (၁၈၀ × ၉၀) နှင့် အကျယ်၄၅ ပေပတ်လည်ရှိ ဆေးခန်းအဆောက်အအုံသစ်ကို ယခုနှစ်အတွင်း ကျပ်သိန်း ၁၁၀၀ အကုန်အကျခံ၍ အလှူရှင်ဦးသန့်ဇော်ကွန်းကပင် ထပ်မံဆောက်လုပ်လှူဒါန်းခဲ့ရာ အခမဲ့ဆေးခန်းနှင့် အခမဲ့သားဖွားခန်း ခြောက်နှစ်ပြည့်အထိမ်းအမှတ်နှင့် ဆေးခန်းသစ်တည်ဆောက်ဖွင့်လှစ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။

ဆေးခန်းသစ်ကို ရေစကြိုမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် အလှူရှင် ဦးသန့်ဇော်ကွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။ အခမဲ့ ဆေးခန်းနှင့် အခမဲ့သားဖွားခန်းဖွင့်လှစ်ခဲ့ခြင်းနှင့် ဆေးခန်းသစ် တည်ဆောက်ဖွင့်လှစ်ခြင်းတို့နှင့် ပတ်သက်၍ ဦးသန့်ဇော်ကွန်းက "ကျွန်တော်က ဒီဖြုံဘူးရွာမှာမွေး ဒီရွာမှာကြီးတာပါ၊ ကျွန်တော်တို့ရွာက မြစ်တွေချောင်းတွေခြားတော့ ကျန်းမာရေးတစ်ခုခုဖြစ်ခဲ့ရင် ရွာမှာ အရပ်ဆရာဝန်ပဲရှိတယ်၊



ကျေးလက်ကျန်းမာရေးမှူးတွေတော့ရှိတယ်၊ ကျန်းမာရေးမှူးတွေကုသလို့ မရတဲ့ရောဂါတွေဖြစ်လာခဲ့ရင် လိုအပ်လာလို့ရှိရင် ရွာမှာတင် ကုသလို့ရအောင် ကိုယ်ချင်းစာစိတ်နဲ့ လှူဒါန်းခဲ့တာပါ၊ ဒီဖြုံဘူးရွာမှာ စတင်ပြီးတော့ ကွန်းဖောင်ဒေးရှင်းကို တည်ထောင်ခဲ့တာပါ၊ ဖြုံဘူးရွာနဲ့ ရွာနားနီးချင်းတွေ ကျန်းမာရေးကိစ္စအတွက် အဆင်ပြေအောင် အခမဲ့ ဆေးခန်းနဲ့ အခမဲ့သားဖွားခန်းကို ဖွင့်ခဲ့တာပါ"ဟု ပြောပြသည်။

ဖြုံဘူးကျေးရွာတွင် အခမဲ့ဆေးခန်းနှင့် အခမဲ့သားဖွားခန်းများ ဖွင့်လှစ်ထားပြီးနောက် ဒေသခံများ၏ ကျန်းမာရေးကိစ္စများတွင် အဆင်ပြေလာပုံကို ဖြုံဘူးကျေးရွာမှ ကိုသန်းနိုင်က ပြောပြသည်။ "ဆေးခန်းမရှိခင်တုန်းကဆိုရင် ထိခိုက်ရှနာတို့ သွေးထွက်လွန်တို့နဲ့ တစ်ခုခုဖြစ်ခဲ့ရင် မြေတော်တိုက်နယ်ဆေးရုံကို သွားဖို့ဆိုတာက အင်မတန်ခက်ခဲပါတယ်၊ အရင်ကတော့ နီးနီးနားနားမှာရှိတဲ့ အရပ်ဆရာတွေ ဆီမှာ ချုပ်ရတာပေ့ါ၊ သွေးထွက်များလွန်းသွားပြီဆိုရင်တော့ ရေစကြိုတို့၊ မြေတော်တိုက်နယ်ဆေးရုံတို့ကို သွားရတာပေ့ါ၊ အခုကတော့ အခမဲ့ဆေးခန်းဆိုတော့ ကုန်ကျမှုမှာလည်း တော်တော်ကွာသွားတာပေ့ါ၊ ကျန်းမာရေးပြဿနာဖြစ်ရင် အခမဲ့ဆိုတော့ ကျွန်တော်တို့အတွက် ကျန်းမာရေးအခက်အခဲမှာ ပိုက်ဆံမကုန်ဘဲ လွယ်ကူအဆင်ပြေသွားတာပေ့ါ"ဟု ပြောသည်။

ကွန်းဖောင်ဒေးရှင်းကိုလည်း တည်ထောင်ထားသူ ဆေးခန်းအလှူရှင် ဦးသန့်ဇော်ကွန်းသည် ယနေ့အချိန်တွင် အခမဲ့ ဆေးခန်းနှင့် အခမဲ့သားဖွားခန်း လေးခုကို လှူဒါန်းဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ ဆေးခန်းများမှာ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်တွင်တစ်ခု၊ ကချင်ပြည်နယ် ဖားကန့်မြို့တွင် နှစ်ခုနှင့် ဖြုံဘူးရွာတွင် တစ်ခုတို့ဖြစ်သည်။ အဆိုပါ အခမဲ့ဆေးခန်းများ၏ ကုန်ကျစရိတ်များ၊ ဆရာဝန်နှင့် သူနာပြုများ ငွေရမ်းခများကိုလည်း ဦးသန့်ဇော်ကွန်းကပင် ကုသိုလ်ပြုလျက်ရှိရာ တစ်လလျှင် လစဉ် ကျပ် သိန်းတစ်ရာမှ ၁၂၀ ကြား ကုန်ကျကြောင်း သိရသည်။

**အိမွန်ဆွေ (ရေစကြို)**

# မကွေးတိုင်းဒေသကြီး၏ မွေးမြူရေးကဏ္ဍတွင် ပါဝင်သူများ အကျိုးစီးပွားဖြစ်ထွန်းနေ

**မကွေး နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ဒေသတွင်းအစိုးရက အားပေးမှုများရှိနေပြီး နောက်ဆက်တွဲအကျိုးရလဒ်များအဖြစ် တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဌာနဆိုင်ရာ ဝင်ငွေများ ရရှိလျက်ရှိသည့်အပြင်မွေးမြူရေး တောင်သူများနှင့် ကုမ္ပဏီများလည်း အကျိုးစီးပွားဖြစ်ထွန်းနေကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

"ပြီးခဲ့တဲ့ နှစ်လအတွင်းမှာကို ကုမ္ပဏီငါးခုကနေ ဆိတ်နဲ့ ပတ်သက်ပြီး တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀ လောက်ဝင်တယ်၊ တစ်ကောင်ကို ငွေကျပ်၅၀၀ နှုန်းနဲ့ကောက်တာ၊ နိုင်ငံတော်ကလည်း ဆိတ်တန်ဖိုးရဲ့ ၂ ရာခိုင်နှုန်း ကုန်သွယ်ခွန်ရတယ်၊ ဌာနအနေနဲ့လည်း တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခ ဆိုပြီးတစ်ကောင်ကိုငွေကျပ် ၂၀၀၀ နှုန်းဌာနငွေစာရင်း ခေါင်းစဉ်ကနေ နိုင်ငံတော်ကိုဝင်တယ်၊ ပခုက္ကူခရိုင်ထဲက ရွာတွေမှာဆို ဆိတ်မွေးမြူရေးနဲ့ပဲ ကြီးပွားနေကြတာ အများကြီးပဲ" ဟု မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်စိုးဦးက ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် မွေးမြူထုတ်လုပ်ရေးကုမ္ပဏီ ၁၁ ခုရှိပြီး ပြီးခဲ့သည့်ဘတ်ဂျက်နှစ်က ဆိတ်အကောင်ရေ ၉၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အစိုးရက လက်ခံထားရှိပြီးဖြစ်သည့် ကျွဲ၊ နွားအရှင်များ ပြည်ပသို့တင်ပို့ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းမူကြမ်းကိုဆက်လက်အကောင်အထည် ဖော်ရန်ရှိနေပြီး မွေးမြူရေးကဏ္ဍအတွက် ချေးငွေများလည်း ပေးရန် အစီအစဉ်ရှိနေကြောင်း ညွှန်ကြားရေးမှူးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို က "တစ်နှစ်ကို မှောင်ခိုထွက်တဲ့ နွားတစ်သိန်းခန့်ရှိတယ်လို့ တိမွေးကုကပြောတယ်၊ သယ်ဆောင်ခအနေနဲ့ မျှောစာပေးတာတစ်ကောင်ကို ၃၀၀၀ ပဲကောက်ဦး တစ်နှစ်ကို သိန်းပေါင်း ၃၀၀၀ လောက် နစ်နာနေတယ်၊ နွားမှောင်ခိုကိစ္စတင်၊ တရားဝင် တင်ပို့နိုင်အောင်၊ ထုတ်လုပ်နိုင်အောင် အစိုးရကိုယ်တိုင်က ဒါကိုကြိုးစားနေတယ်၊ အရင်တုန်းကတော့ ဝက်မွေးတို့၊ နွားမွေးတို့ကို ပက်မြန်မာတို့ဘာတို့က ထောက်ပံ့ကြေးပေးတာတွေရှိတယ်၊ ဒီအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေကို ငွေချေးမယ်၊ ကျွန်တော်တို့ကြိုးစားနေတယ်"ဟု မီဒီယာများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ဆိတ်မွေးမြူရေးလုပ်ငန်းများ အခြေအနေကောင်းမွန်နေမှုကြောင့် ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်မှု ကျဆင်းနေသည့် ဒေသများရှိလာပြီး ကျွဲ၊ နွားများ တရားဝင်သယ်ဆောင်ခွင့်ရခြင်းဖြင့် မွေးမြူရေးတောင်သူများအနေဖြင့် ထိုက်တန်သောဈေးနှုန်းရရှိခြင်း၊ တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေ တိုးတက်ခြင်းစသည့် ရလဒ်ကောင်းများ ပိုင်ဆိုင်လာမည်ဖြစ်ကြောင်း၊ ကောင်းမွန်သော မွေးမြူရေးဆိုင်ရာကျင့်စဉ်များက မွေးမြူရေးကဏ္ဍကိုတိုးတက်စေကာ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဆက်သွယ်နေသော စိုက်ပျိုးရေးလုပ်ငန်းနစ်နာမှုများကို ကုစားပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ဇေယျတု(မကွေး)**

**ဓာတ်ပုံ-တင်ဌေး(မကွေး)**



ဆိတ်မွေးမြူရေးလုပ်ငန်းတစ်ခုကိုတွေ့ရစဉ်

# ကင်းတားရေလှောင်တမံ ရေဝပ်ဧရိယာအတွင်း စက်တပ်ရေယာဉ်များနှင့် ကျူးကျော်အိမ်များကို အရေးယူဆောင်ရွက်သွားမည်

**မြစ်သား နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်တွင် ကင်းတားဘက်စုံရေလှောင်တမံကြီးကို ၁၉၈၀ ပြည့်နှစ်က စတင်တည်ဆောက်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။ ကင်းတားတမံသည် အမျိုးအစားအနေဖြင့် ကျောက်ဖြည့်တမံဖြစ်ပြီး တမံအမြင့်မှာ ၂၃၆ ပေနှင့် တမံအလျားမှာ ၂၀၃၄ ပေဖြစ်သည်။ ကင်းတားရေလှောင်တမံမှာ လက်ဝဲတူးမြောင်း/လက်ယာတူးမြောင်းနှင့် ပန်းလောင်မြစ်မှုတစ်ဆင့် ရေသောက်စနစ်ဖြင့် တောင်သူလယ်သမားများကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

နောက်ပိုင်းတွင် ရေလှောင်တမံ၏ အနီးတစ်ဝိုက်ရှိ တောတောင်များတွင် တရားမဝင်သစ်ခုတ်သူများ၊ တမံရေဝပ်ဧရိယာအတွင်း၌ တရားမဝင်သစ်ဆွဲရေယာဉ်များနှင့် တမံဆည်ပေါင်ဘေးအနီးတွင် ကျူးကျော်တဲအိမ်များ ဆောက်လုပ်နေထိုင်သူများရှိလာခြင်းကြောင့် တောတောင်များပြုန်းတီးလာသလို ကင်းတားဆည်ကန်အတွင်းသို့ ရေဝင်ရောက်မှုနည်းပါးလာခြင်းစသည့် အချက်များကြောင့် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာသို့ ယခုနှစ်စက်တင်ဘာ ၂ ရက်မှစ၍ ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

ကင်းတားရေလှောင်တမံ အနီးပတ်ဝန်းကျင်ဆည်ပေါင်များပေါ်၌ ယခင်က ကျူးကျော်နေအိမ်၊ ဈေးဆိုင်များ အများအပြားရှိခဲ့သလို တရားမဝင်သစ်ဆွဲရေယာဉ်များ၊ သစ်ကားများလည်း အများအပြား သွားလာမှုများရှိခဲ့ကြောင်း၊ ယခုနောက်ပိုင်းတွင် သက်ဆိုင်ရာဌာနများက မကြာခဏဆိုသလို ဖမ်းဆီးခြင်းများ ဆောင်ရွက်သောကြောင့် ယခုအခါ နည်းပါးလာကြောင်း ဒေသခံကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

မြစ်သားမြို့နယ် ဒိုင်ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက "ကူမဲ-ကင်းတား ရေလှောင်တမံ ၂၁ မိုင်လမ်းပိုင်တွေပေါ်မှာ အရင်ကတရားမဝင်သစ်ကားတွေ သွားလာနေသော်လည်း အခုအခါ သက်ဆိုင်ရာတာဝန်ရှိသူတွေက မကြာခဏဖမ်းဆီးခြင်းကြောင့် တရားမဝင်သစ်ကားတွေ သွားလာမှုလျော့နည်းသွားပေမယ့် ကျွန်တော်တို့ ဒိုင်ကျေးရွာအုပ်စုမှာတော့ တရားမဝင်သစ်ခွဲစက်တွေရှိနေတုန်းပါ၊ မြစ်သားသစ်တောဌာန အပိုင်နယ်မြေဖြစ်တဲ့ ရေအေးစိတ်သစ်တောဘိနယ်အနေနဲ့ ဖမ်းဆီးမှုအားနည်းနေတာကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ဆောင်ရွက်စေချင်ပါတယ်"ဟု ပြောသည်။




ကင်းတားရေလှောင်တမံကြီးသည် ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားပြီး မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးရေးအတွက် အဓိကအားကိုးအားထားပြုနေရသည့် ဆည်တမံတစ်ခုဖြစ်မည်။

အဆိုပါ ရေလှောင်တမံကြီးရေရှည်တည်တံ့နေစေရေးအတွက် ယခုအခါ သက်ဆိုင်ရာတာဝန်ရှိသူများက ကင်းတားရေလှောင်တမံ ရေဝပ်ဧရိယာအတွင်း၌ တရားမဝင်သစ်ဆွဲရေယာဉ်များ၊ ကျူးကျော်တဲများ မရှိစေရန် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားသလိုလိုက်နာမှုမရှိသူများကိုလည်း တည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးနည်း သင်တန်းဖွင့်

**တနင်္သာရီ နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော မှိုသီးနှံစိုက်ပျိုးနည်းနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်စိုက်ပျိုးနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံးသင်တန်းခန်းမ၌ နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းတွင် မှိုသီးနှံနှင့်ပတ်သက်၍ ကောက်ရိုးမှိုစိုက်ပျိုးနည်း၊ ကြွက်နားရွက်မှိုစိုက်ပျိုး နည်း၊ ငွေနှင်းမှို စိုက်ပျိုးနည်း၊ မှိုမျိုးထုတ်လုပ်နည်းစနစ်များနှင့် ဆေးဖက်ဝင်မှိုထုတ်လုပ်မှုနည်းစနစ်များအပြင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်တို့နှင့် ပတ်သက်၍ သိပ္ပံနည်းကျ GAP စနစ်ဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း၊ သစ်သီးဝလံ၊ ဥယျာဉ်ခြံမြေပြုစုပျိုးထောင်နည်း၊ ဆေးဖက်ဝင်သစ်ခွစိုက်ပျိုးနည်းစနစ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ သင်တန်းသားစုစုပေါင်း ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# သွားဆေးတက္ကသိုလ် ရန်ကုန်မှ ကျောင်းသူနှစ်ဦးဂျပန်သို့ထွက်ခွာ

**ရန်ကုန် နိုင်ဝင်ဘာ ၈**

နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရန်ကုန်မှ ထူးချွန်ကျောင်းသူများဖြစ်ကြသော မရတီမြတ်နိုးဦးနှင့် မသီရိနိုင်တို့ နှစ်ဦးသည် နိုဝင်ဘာ ၈ ရက်မှ ၁၇ ရက်အထိ ဂျပန်နိုင်ငံ ဟီရိုရှီးမားတက္ကသိုလ်၌ ကျင်းပပြုလုပ်မည့် Sakura Short Term Program သို့ တက်ရောက်ရန်အတွက် ယနေ့ နံနက်က ဂျပန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုံးခွမြို့နယ်၌ လျှပ်စစ်မီးပြတ်တောက်မှုအား အချိန်မီ ပြင်ဆင်

**သုံးခွ နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ နိုဝင်ဘာ ၆ ရက်က လျှပ်စစ်မီးရုတ်တရက်ပြတ် တောက်သွား၍ ပြည်သူများအား အချိန်မီဓာတ်အား ပြန်လည်ဖြန့်ဝေနိုင်ရန် မြို့နယ်အင်ဂျင်နီယာဦးသက်မောင်ထွေးနှင့် လိုင်းဝန်ထမ်းများကလိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ခဲ့ရာ ကံမြင့်ကျေးရွာအဝင်လယ်ကွင်းအတွင်း၌ ၃၃ ကေဗွီ သန်လျင်-သုံးခွဓာတ်အားလိုင်းကြိုးတည်ဆောက်ထားသောသံတန်းပေါ်တွင် ဇီးကွက်ငှက်တစ်ကောင်၏တောင်ပံသည် လျှပ်စစ်စက်ကွင်း အတွင်းရောက်ရှိပြီး ဓာတ်အားပြတ်တောက်သွားရာ အမြန်ပြင်ဆင်ခဲ့သဖြင့် ညနေ ၄ နာရီ၂၅ မိနစ်တွင် ဓာတ်အားပြန်လည်လွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအချိန်သည် စပါးရိတ်သိမ်းရာသီဖြစ်ကာ လေလွင့်ကောက်ရိုးမျှင်များကြောင့် မီးပြတ်တောက်မှုများဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။ အဆိုပါ ၃၃ကေဗွီသန်လျင်-သုံးခွဓာတ်အားလိုင်းသည်ခရမ်းမြို့ သုံးခွမြို့ တံတားမြို့နှင့် လျှပ်စစ်မီးရယူထားသော ကျေးရွာတို့ကို ဓာတ်အားပေးထားသောလိုင်းဖြစ်သဖြင့် အဆိုပါနေရာများတွင်လည်း ဓာတ်အားပြတ်တောက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# အသက် ၇၅ နှစ်ပြည့် သက်ကြီး သတင်းထောက်ကြီးများအား ပူဇော်ကန်တော့

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့မှ အဖွဲ့ဝင် အသက် ၇၅ နှစ်ပြည့် သက်ကြီးသတင်းထောက်ကိုးဦးအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၅ ရက်က ရန်ကုန်မြို့ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ) ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာ့အလင်းသတင်းစာ လူမှုကူညီရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ဝင်းက ပူဇော်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာ့အလင်းသတင်းစာသတင်းထောက်မှူး ဦးမြင့်ဆွေက မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း (သန်လျင်)က ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားပြီး သက်ကြီးသတင်း ထောက်ကြီးများအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် ပူဇော်လှူဒါန်းငွေတစ်ဦးလျှင် ငွေကျပ် ၇၀၀၀၀နှင့် ကန်တော့လက်ဆောင်ပစ္စည်းများကို အဖွဲ့ဝင်များက ပေးအပ်ကြကြောင်း သိရသည်။



ထို့နောက် အပူဇော်ခံသတင်းထောက်ကြီးများဖြစ်သော ဦးကျော်လှ (တောင်ငူ)၊ ဦးဆိုက်ကျင် (သုံးခွ)၊ ဦးစိုးဝင်း(ကျောက်တန်း)နှင့် ဦးမျိုးမြင့် (စာတည်း-ငြိမ်း) တို့က ဆုပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

# မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ငွေရတုသဘင် ၂၀၁၈ ခုနှစ်၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

၁၉၉၃ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (Myanmar Floricultuerist Association) သည် လာမည့် ၂၀၁၈ ခုနှစ်တွင် ငွေရတုသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ရာ အကြိုညှိနှိုင်း အစည်းအဝေးအဖြစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ၈/၂၀၁၇ အစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ အသင်းရုံးခန်း အဆောင်၌ ကျင်းပသည်။



အစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး အသင်း၏ စည်းရုံးရေး၊ ဘဏ္ဍာရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်းကော်မတီအလိုက် ဆွေးနွေး တင်ပြကြသည်။

၂၀၁၈ ခုနှစ်တွင် ကျရောက်မည့် ငွေရတုသဘင်အကြိုအဖြစ် အသင်းနာယကကြီးများအပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ၁၉၉၃ ခုနှစ်မှ ယနေ့အထိ အသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် သင်တန်းအသီးသီးမှ သင်တန်းဆင်းများ၊ အသင်းဝင်များ၏ စုံညီအစည်းအဝေးကို လာမည့်နိုဝင်ဘာ ၂၅ ရက်တွင် အသင်းရုံးခန်းမဆောင်တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတစ်ဝန်းမှ သင်တန်းဆင်းများနှင့် အသင်းသားများ တက်ရောက်နိုင်ကြောင်း သိရသည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ၌ ရုက္ခဗေဒဆိုင်ရာသင်တန်းများ ပို့ချရန်ရောက်ရှိနေကြသည့် အမေရိကန်နိုင်ငံ နယူးယောက် ရုက္ခဗေဒဥယျာဉ်မှ သုတေသနပညာရှင် ဒေါက်တာကိတ် အမ်းစထရောင်း (Ms. Kate Armst-rong-Ph.D)နှင့် မစ်ဇူရီရုက္ခဗေဒဥယျာဉ်မှ ဒေါက်တာရစ်ချတ်ဗီဘော့ (Dr. Richard V Bott) တို့ နှစ်ဦးနှင့် အသင်းဗဟိုအမှုဆောင်များ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ ပညာရှင်နှစ်ဦးနှင့်အတူ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဒုတိယဥက္ကဋ္ဌ သစ်ခွပညာရှင် ဒေါက်တာစောလွင်နှင့် အသင်းဗဟိုအလုပ်အမှုဆောင် ရုက္ခဗေဒပညာရှင် ဒေါက်တာသက်ယုနွယ်နှင့် မန္တလေးတက္ကသိုလ်ရုက္ခဗေဒဌာနမှ ဆရာ ဆရာမများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြမည်ဖြစ်သည်။ ထို့နောက် အဆိုပါသင်တန်းမှ သင်တန်းသား သင်တန်းသူများသည် ပြင်ဦးလွင်ရုက္ခဗေဒဥယျာဉ်နှင့် နောင်ချိုမြို့နယ်ပတ်ဝန်းကျင်ဒေသများသို့ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ သွားရောက်ကာ သိပ္ပံနည်းကျ အပင်စုဆောင်းခြင်းနှင့် မျိုးခွဲခြားပညာရပ်များကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **မြတ်စိုး(လှိုင်)**



**ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ဥယျာဉ်ခြံ၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မက္ကဒေးမီးယား ပျိုးခင်းများကို နိုဝင်ဘာ ၆ ရက်က ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

စိုင်း(သီပေါ)

# ရခိုင်သမိုင်းနှင့် စာပေသုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**မြောက်ဦး နိုဝင်ဘာ ၈**

ရခိုင်စာပေဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းသည် ရခိုင်သမိုင်း၊ ယဉ်ကျေးမှု၊ စာပေသုတေသနစာတမ်းဖတ်ပွဲနှင့် ရခိုင်-မြန်မာပဏ္ဍိတ်ဦးဦးသာထွန်း နှစ် (၁၀၀) ပြည့် အမှတ်တရ ကောင်းမှုကုသိုလ်ပြု စကားဝိုင်းဆွေးနွေးပွဲကို မြောက်ဦးမြို့တစ်ဖက်ဆည်ကျောင်းပရိဝုဏ်၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ရခိုင်သမိုင်း အထောက်အကူပြု သမိုင်းစာပေ၊ ကျောက်စာ၊ ဒင်္ဂါးစာပေဆိုင်ရာ ပညာရှင်များ၏ အယူအဆသစ်များ၊ အတွေးအခေါ်သစ်များ ပေါ်ထွန်းလာစေရန်၊ ရခိုင်သမိုင်းနှင့် စာပေအသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတွေ့အကြုံအသိအမြင်ဗဟုသုတများ ဖလှယ်ခြင်း အားဖြင့် ပိုမိုကျယ်ဝန်းသော ပညာရပ်တစ်ခုပေါ်ထွန်းလာစေရန်၊ ရခိုင်နှင့် ရခိုင်မျိုးနွယ်စုဝင်တို့၏ သမိုင်းကြောင်းနှင့် စာပေကို ပိုမိုထိန်းသိမ်းလာစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ တက်ကြွနိုးကြားလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်သည်။

ပွဲတော်သို့ ရခိုင်ပြည်နယ်နှင့် ရန်ကုန်ရောက် ရခိုင်စာပေပညာရှင်များက စာတမ်းရှင်များ ဖိတ်ခေါ်ထားရှိပြီး ရန်ကုန်မြို့အယနာစာပေအဖွဲ့၏ အနန္တစန္ဒြကျောက်စာနှင့် ခေတ်အဆက်ဆက်၏ ရခိုင်ဒင်္ဂါးများပါ စာပေအက္ခရာများကို စနစ်တကျလေ့လာဖတ်ရှုသုတေသနပြုလုပ်ထားသည့် ကျောက်စာ၊ ဒင်္ဂါးချပ်များနှင့် ပါဝါပွိုင့်ဆလိုက်ပြခန်းတစ်ခုအနေဖြင့် ပြသရန်စီစဉ်ထားမှုသည် ပြည်သူများ လွယ်လင့်တကူသမိုင်းခေတ်မှတ်တမ်းမှတ်ရာများကို တစ်စုတစ်စည်းတည်း လေ့လာနိုင်မည်ဖြစ်သည်။

စာတမ်းရှင်များက ပေးပို့သည့် ရခိုင်သမိုင်း၊ စာပေ၊ ကျောက်စာ၊ ဒင်္ဂါးစာ၊ ယဉ်ကျေးမှုဆိုင်ရာစာတမ်းများကို နိုဝင်ဘာ ၂၂ ရက်တွင် ဖတ်ကြားသွားမည်ဖြစ်ပြီး ရခိုင်-မြန်မာပဏ္ဍိတ်ဦးဦးသာထွန်း နှစ် (၁၀၀) ပြည့် အမှတ်တရစကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်ကျော့(ပလက်ဝ)**

# လွှတ်လပ်ရေးကျောက်တိုင် စိုက်ထူရန် ပန္နက်တင်

**ကန်ပက်လက် နိုဝင်ဘာ ၈**

ချင်းပြည်နယ် ကန်ပက်လက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအတွင်း၌ လွှတ်လပ်ရေးကျောက်တိုင် စိုက်ထူရန်အတွက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၅ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကန်ပက်လက်မြို့ တောင်တန်းဒေသပြုဗဟိုကျောင်းဆရာတော်ထံမှ ငါးပါးသီလဆောက်တည်ကြပြီး ဆရာတော်များက ပရိတ်တော်များနှင့် အန္တရာယ်ကင်းဂါထာတော်များချီးမြှင့်ကြကာ ရွှေအုတ်၊ ငွေအုတ်တို့ကို ဆက်ကပ်ကြသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်ဦးဆွေနှင့် နေ့သင့် နံသင့် ပုဂ္ဂိုလ်လေးဦးတို့က ပန္နက်တိုင်ကို စိုက်ထူကြသည်။ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်ဆွေလွန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မူခင်း အသိပညာပေး ဟောပြော

**မော်လမြိုင် နိုဝင်ဘာ ၈**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ မြို့နယ်ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းတို့ ကြီးကြပ်မှုဖြင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူများသိရှိနိုင်ရန် မူခင်းအသိပညာပေး ဟောပြောပွဲများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ အောက်တိုဘာလပထမပတ်မှ နိုဝင်ဘာလ ပထမပတ်အထိ မော်လမြိုင်မြို့ မြိုင်သာယာ နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ထွန်းဦး ဦးဆောင်သော အဖွဲ့နှင့်နယ်မြေအလိုက် တာဝန်ကျအဖွဲ့များက မြိုင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌လည်းကောင်း၊ မုပွန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လည်းကောင်း၊ ဘုရားကုန်း(အမက)ကျောင်းရှေ့၌လည်းကောင်း၊ လှိုင်အဝေးပြေးကားဝင်းတွင်လည်းကောင်း၊ ဇေယျာသီရိအုပ်ချုပ်ရေးမှူးရုံးရှေ့၌ လည်းကောင်း၊ ကွမ်းသဲကျေးရွာ၊ အထက(ခွဲ)ကျောင်းရှေ့၌ လည်းကောင်း၊ လုကဖိုင်းကျေးရွာ၌ လည်းကောင်း ပညာပေးဟောပြောပွဲများ ပြုလုပ်ပြီးတက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

*စာမျက်နှာ ၁၇ မှအဆက်*

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားမှုကြောင့် ကွဲထွက်ရာမှ အက်ကွဲကြောင်းများကို ဖြစ်ပေါ်လာစေသည်။ ကမ္ဘာ့ဒေသအနှံ့တွင် လှုပ်ခတ်ခဲ့သော ငလျင်များ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပြတ်ရွေ့ကြောင်း (Fault)ဟု ခေါ်ဆိုကြသော အဆိုပါ အက်ကွဲကြောင်းများ တစ်လျှောက်နှင့် အနီးတစ်ဝိုက်၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သမုဒ္ဒရာရေပြင်အောက် တောင်တန်းများအထိ ရောက်ရှိသော ယင်းအက်ကွဲကြောင်းများမှတစ်ဆင့် နက်ရှိုင်းသော အတွင်းပိုင်းရှိအလွန်ပူလောင်သည့် ကျောက်ချော်ရည်များသည် ဖိအားကြောင့် ပြင်းထန်စွာပေါက်ကွဲပြီး အပြင်သို့တိုးထွက်လာကြကာ ကျောက်ချပ်လွှာများကို တွန်းတိုက်ရွေ့လျားစေခြင်းဖြင့် ပြင်းထန်သော ငလျင်များကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာပေါ်ရှိ ပြတ်ရွေ့ကြောင်းကြီးများအနက် San Andreas Fault သည် အလွန်ထင်ရှားသော ကမ္ဘာသိပြတ်ရွေ့ကြောင်းကြီးဖြစ်သည်။ ယင်းပြတ်ရွေ့ကြောင်းသည် အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေရှိ ကယ်လီဖိုးနီးယားပြည်နယ်အတွင်း၌ တည်ရှိသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကြီးသည် ကျောက်ချပ်လွှာကြီးနှစ်ခုပေါ်၌ ခွလျက်တည်ရှိနေသည်။ ပစိဖိတ်ကျောက်ချပ်လွှာပေါ်၌ တစ်စိတ်တစ်ပိုင်း တည်ရှိနေပြီး မြောက်အမေရိကကျောက်ချပ်လွှာပေါ်၌ ကျန်အစိတ်အပိုင်းက တည်ရှိနေသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကို ဆန်အန်ဒရီးစ်ပြတ်ရွေ့ကြောင်းကြီးက ပိုင်းခြားထားလျက်ရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ်၏ တစ်စိတ်တစ်ပိုင်း တည်ရှိရာနေရာဖြစ်သော ပစိဖိတ်ကျောက်ချပ်လွှာသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနေစဉ် ကျန်တစ်စိတ်တစ်ပိုင်း တည်ရှိနေသော မြောက်အမေရိက ကျောက်ချပ်လွှာကြီးက ဆန့်ကျင်ဘက်အရပ်ဖြစ်သော အရှေ့တောင်ဘက်သို့ ရွေ့လျားလျက်ရှိနေသည်။ ထို့ကြောင့်ပင်လျှင် ကျောက်ချပ်လွှာကြီးနှစ်ခု၏ဆုံရာဖြစ်သော ဆန်အန်ဒရီးစ် ပြတ်ရွေ့ကြောင်းကြီး တစ်လျှောက်နှင့် အနီးတစ်ဝိုက်တွင် ငလျင်ကြီးများ ဖြစ်ပေါ်လေ့ရှိသည်။

သာဓကအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၉၄ ခုနှစ်က အင်အားအလွန်ပြင်းထန်သော ငလျင်ကြီး လှုပ်ခဲ့ပြီးဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့သည် ဆန်အန်ဒရီးဒ် ပြတ်ရွေ့ကြောင်းကြီးမှ ကီလိုမီတာ ၅၀ ခန့်သာ ကွာဝေးသလို မြို့ပတ်ဝန်းကျင်၌လည်း သေးငယ်သော ပြတ်ရွေ့ကြောင်းများ အများအပြားတည်ရှိနေသည်။ ၁၉၉၄ ခုနှစ်ငလျင်ကြီးသည် ထိုပြတ်ရွေ့ကြောင်းငယ် ကလေးများထဲမှ ပြတ်ရွေ့ကြောင်းတစ်ခုကို ဗဟိုပြုခဲ့ခြင်းဖြစ်သည်။

အလားတူပင် ၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ၌လှုပ်ခဲ့ သော အင်အားပြင်းငလျင်ကြီးသည်လည်း ပြတ်ရွေ့ကြောင်းများနှင့် နီးကပ်သောနေရာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါငလျင်ကြီးသည် မြို့တော် တိုကျိုနှင့် ယိုကိုဟားမားဆိပ်ကမ်းမြို့များကို ဆိုးဆိုးရွားရွားပျက်စီးစေခဲ့သည်။

ထို့အတူ သမ္မတနန်းတော် အဆောက်အအုံကြီးပါ ပြိုကျခဲ့သည့်အတွက် အုပ်ချုပ်ရေးယန္တရားကိုပါ တုံ့ဆိုင်းသွားစေခဲ့သော ဟေတီငလျင်သည်လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှုကြီးမားလွန်းသောကြောင့် လမ်းပန်းဆက်သွယ်ရေးကိုပါ ပြတ်တောက်သွားစေခဲ့သော ချီလီ ငလျင်သည်လည်းကောင်း၊ လူအသေအပျောက် အလွန်များခဲ့သည့် တရုတ်နိုင်ငံ စီချွမ်ငလျင်သည်လည်းကောင်း၊ မြို့တစ်မြို့လုံးနီးပါးကို အသစ်ပြန်လည် တည်ဆောက်ခဲ့ရသည့် ဂျပန်နိုင်ငံ ကိုဘေးငလျင်သည်လည်းကောင်း၊ မျက်မှောက်ကာလနှင့် အနီးကပ်ဆုံးအချိန်များအတွင်းက ဖြစ်ပွားခဲ့သော နီပေါငလျင်နှင့် အီကွေဒေါ ငလျင်တို့သည်လည်းကောင်း အရွယ်အစား အမျိုးမျိုးရှိကြသည့် ပြတ်ရွေ့ကြောင်း ကြီးငယ်အသွယ်သွယ်တို့ကို ဗဟိုပြုလျက် သို့တည်းမဟုတ် ပြတ်ရွေ့ကြောင်းများ၏ အနီးပတ်ဝန်းကျင်ကို ဗဟိုပြုလျက် ဖြစ်ပွားခဲ့ကြခြင်းပင် ဖြစ်သည်။ ။

# မနေ့းတမ်း အပြေးလှမ်းလာစေချင်သည့် သာယာလှပလှသည့် ကလောမြို့ဆီ

ဆည်းဆာ



ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့လေးသည် ရာသီဥတုအေးမြပြီး တောင်ကုန်းတောင်တန်းများ လျှိုမြောင်များပေါ်များကာ ချယ်ရီ၊ စိန်ပန်းတို့နှင့် လှပသည့် သဘာဝအလှရှုခင်းများဖြင့် သာယာလှပသောမြို့လေးတစ်မြို့ဖြစ်သည်။ ဒေသခံပြည်သူများ၏ ရိုးသားပျူငှာမှုများအပြင် ကလောမြို့လေးသည် အမှိုက်များ ကင်းစင်ပြီး ပတ်ဝန်းကျင်စိမ်းလန်းကာ သာယာလှပခြင်းကြောင့် ပြည်တွင်း ပြည်ပဧည့်သည်များ အများဆုံးလာရောက်လည်ပတ်လေ့ရှိသည့် အေးချမ်းသာယာလှပသည့် တောင်ပေါ်မြို့လေးအဖြစ် ထင်ရှားကျော်ကြားလျက်ရှိနေသည်။

ကလောမြို့သည် ပင်လယ်ရေမျက်နှာပြင်အမြင့် ၄၃၁၅ ပေတွင်တည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၅၉၃,၃၁၅ မိုင်ကျယ်ဝန်းသည်။ အရှေ့ဘက်တွင် ရှမ်းပြည်နယ်၏ မြို့တော်တောင်ကြီး၊ အနောက်ဘက်တွင် သာစည်မြို့နယ်၊ တောင်ဘက်တွင် ပင်လောင်းမြို့နယ်နှင့် မြောက်ဘက်တွင် ပင်းတယမြို့တို့ရှိသည်။ ကလောမြို့ ကလေးကို ၁၉ ရာစုမတိုင်မီကပင် ပလောင်တိုင်းရင်းသားလူမျိုးစုများမှ ပလောင်ဘာသာဖြင့်“ကလောက်” မြန်မာလို “ဒယ်အိုး” (အလွန်မြင့်မားသောတောင်တန်းများဝန်းရံထားသောရွာ)ဟု အမည်ပေးပြီး အေးချမ်းသာယာလှပသည့် ရွာငယ်လေးအဖြစ် တည်ထောင်ခဲ့ကြပြီးနောက် ပလောင်လူမျိုးများ စတင်နေထိုင်ခဲ့ကြသည်။

၂၀ ရာစု အစောပိုင်းတွင် ဗြိတိသျှလူမျိုးများသည်အေးချမ်းသာယာလှပသော“ကလောက်” ဟူသည့် ရွာကလေးကို သဘောကျနှစ်ခြိုက်သွားပြီး ထိုရွာကလေး ပိုမိုလှပသာယာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဝေးပြေးလမ်းမကြီးများ၊ မီးရထား ဘူတာရုံ၊ ဘာသာရေးအဆောက်အအုံများ ကွန်ဗင့်ကျောင်းများ၊ စာသင်ကျောင်းများ တည်ဆောက်ခဲ့ကြပြီး “ကလောက်”ဟူသော ရွာငယ်လေးကိုလည်း “ကလော”ဟုပြောင်းလဲခေါ်ဝေါ် ခဲ့ကြသည်။

ကလောမြို့လေးသည် အစိုးရရုံးများစိုက်ရာ ဒေသဖြစ်ပြီး ဝန်ထောက်ရုံးအပြင် အပန်းဖြေတောင်စခန်းမြို့လေးတစ်မြို့ဖြစ်ရန်အထိ အင်္ဂလိပ်လူမျိုးများက ရည်ရွယ်ထားခဲ့ကြသည်။ အေးချမ်းသာယာလှပသော ကလောမြို့လေးကို ရာသီဥတုအေးမြပြီး တောတောင်သဘာဝရှုခင်းများနှင့် လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ခြင်းတို့ကြောင့် သာယာကြည်နူးစရာကောင်းလှသော တောင်စခန်းမြို့လေးအဖြစ် သတ်မှတ်ခဲ့ကြပြီး ရှမ်းမြေလတ်ဒေသ ကလောကို အင်္ဂလိပ်တို့က မြန်မာပြည်၏စကော့တလန်ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်းသိရသည်။

ကလောမြို့လေးတွင် ထင်ရှားလှပသော နေရာများစွာအနက် အလွန်မြင့်မားသည့် မှိုင်းလုံးတောင်သာသနာ့အဆောက်အအုံများနှင့် ကလောမြို့၏ ရှုမျှော်ခင်းများအားလုံးကို အပေါ်စီးမှ မြင်တွေ့နိုင်သည့် တိမ်တောင်သဘာဝဂူဘုရားများဖြင့် ကျော်ကြားထင်ရှားနေသည့် မြင်းမထိတောင်၊ ရှမ်းအိုးစည်ကဲ့သို့ သဘာဝအတိုင်းတည်ရှိနေသည့် အိုးစည်တောင်ရွှေဥမင်ဘုရား၊ နှစ်ပေါင်း ၅၀၀ ကျော်ခန့်က ရှေးဟောင်းနှီးဘုရားရုပ်ပွားတော်၊ ဥရောပဟန်ဖြင့် တည်ဆောက်ထားခဲ့သည့် မီးရထားဘူတာရုံ၊ ကလောမြို့မဈေးကြီး၊ မောမြေဦးပန်းခြံနှင့် ကလောတစ်မြို့လုံးကို သောက်သုံးရေများ ဖြန့်ဖြူးပေးဝေလျက်ရှိသည့်“ကလောရေအေးကန်”စသည်တို့ကလည်း ကလောမြို့၏ ဂုဏ်ကို မြှင့်တင်ပေးနေပါသည်။

ထို့အပြင် ယခုအခါ စစ်ဦးစီး တက္ကသိုလ်လမ်းနှင့် မောမြေဦးပန်းခြံရှေ့မင်းလမ်းဆုံနေရာတို့တွင် တည်ဆောက်နေသည့် ကလောမြို့အထိမ်းအမှတ် နာရီစင် "KALAW TOWER" ကိုတည်ဆောက်ပြီးစီးပြီဖြစ်သည်။

ယခင်က မင်းလမ်းဆုံရှေ့တွင်တည်ဆောက်ထားသော နာရီစင်အဟောင်းအား ၂၁.၉. ၂၀၁၆ တွင် ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ ၂၆.၉.၂၀၁၆ ရက်နေ့တွင် နာရီစင်အလှူရှင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကာ ပန္နက်ရိုက်ခဲ့ကြပြီး ၂၉.၉.၂၀၁၆ တွင် ရတနာအုပ်စီမင်္ဂလာအခမ်းအနားကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

ကလောနာရီစင်(KALAW TOWER)၏ အကျယ်မှာ ၁၂×၁၂ ပေပတ်လည်ရှိပြီး မြေပြင်မှ အမိုးထိပ်ထိအမြင့်ပေ ၄၅ ပေ၊ ၆လက်မ ရှိသည်။ အဆောက်အအုံမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ နာရီစင်တည်ဆောက်ရာတွင် ကုန်ကျစရိတ်မှာငွေကျပ်သိန်း ၄၀၀ ဖြစ်ပြီး ဥရောပနိုင်ငံမှ မှာယူထားသောနာရီလေးလုံး၏တန်ဖိုးမှာ ငွေကျပ်သိန်း ၁၂၀ ကုန်ကျပြီး နာရီစင်တစ်ခုလုံး၏ တန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၅၂၀ ကုန်ကျမည်ဖြစ်သည်။

ကလောမြို့ အထိမ်းအမှတ် (KALAW TOWER)နာရီစင်ဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၏ ကလောမြို့ မောမြေဦးပန်းခြံရှေ့ စစ်ဦးစီး တက္ကသိုလ်လမ်းနှင့် ပြည်ထောင်စုလမ်းမကြီးလမ်းလယ်ကျွန်းနေရာတွင် ဥရောပဟန်ဖြင့် ခံ့ညားလှပစွာတည်ဆောက်ထားသော ကလောနာရီစင်ကို ခမ်းနားစွာဖွင့်လှစ်ပေးခဲ့ပါသည်။ ထိုနာရီစင်မှာလည်း ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့၏ အထင်ကရနေရာများစွာအနက် ဥရောပဟန်ဖြင့် ထင်ရှားလှပနေပြီး သာယာလှပသော ကလောမြို့လေး၏ဂုဏ်ကို ထပ်ဆောင်းမြှင့်တင်ပေးနိုင်ဦးမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## အုန်းသီး အခြေခံ တန်ဖိုးမြှင့်လက်မှုနည်းပညာ သင်တန်းဖွင့်

မော်လမြိုင် နိုဝင်ဘာ ၈

မွန်ပြည်နယ်အတွင်းရှိ SME Entrepreneur များ၊ SME Start Up စတင် ပြုလုပ်သူများ SME လုပ်ငန်းရှင်များ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် ထိုင်းနိုင်ငံပညာရှင်များ ပူးပေါင်း၍ လုပ်ငန်းရှင်များအား အုန်းသီးအခြေခံအသိပညာအတတ်ပညာဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ အော်ဂဲနစ်မြေသြဇာအရည်အသွေးမြင့်မားစေရေး ထုတ်လုပ်မှု သင်တန်းဖွင့်ပွဲကို မော်လမြိုင်မြို့ကုန်စည်ဒိုင်ခန်းမ၌ နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အုန်းသီးပင်စိုက်ပျိုးသူများကို မြေရရှိအောင်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်က အုန်းသီးအခြေခံတန်ဖိုးမြှင့်လက်မှုနည်းပညာလူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်နှင့် အော်ဂဲနစ်မြေသြဇာထုတ်လုပ်သည့် သင်တန်းကို တတိယအကြိမ် နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ သင်တန်းသား ၅၁ ဦးကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးမျိုးဝင်းက အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများ တောင်သူများ၏ လူနေမှုဘဝမြှင့်တင်ပေးနိုင်ရေးအတွက် ကောင်းစွာ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံဖြစ်ပြီး စိုက်ပျိုးချိန်၌ အော်ဂဲနစ်မြေသြဇာကို မဖြစ်မနေထည့်သွင်းအသုံးပြုသင့်ကြောင်း အုန်းသီးပင်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများစသည်တို့ကို ရှင်းလင်းပြောကြားသည်။

မုဒုံ-မောင်မောင်


# ရုပ်ရှင်အစည်းအရုံးဝင်များ သိရှိစေရန်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှကြီးမှူး၍ သင်းလုံးကျွတ်ညီလာခံကို ၁၂-၁၂-၂၀၁၇ရက်တွင် အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များအနေဖြင့် မိမိတို့အခြေခံအလွှာအလိုက် ပြုပြင်ပြောင်းလဲသင့်သည့် အကြံပြုချက်များကို ၇-၁၂-၂၀၁၇ရက် နောက်ဆုံးထားပြီး ပေးပို့ကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဆောက်လုပ်ရေးလုပ်ငန်းအတွက် စိတ်ဝင်စားလွှာဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၇) မြို့ရှောင်လမ်းဘေးရှိ ကုမ္ပဏီပိုင် ယာဉ်ရပ်နားစခန်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်းရဲကျော်စွာ လမ်းမကြီးဘေးရှိ ယာဉ်ရပ်နားစခန်းများ၌ Steel Structure အဆောက်အအုံဖြင့်ဖြစ်စေ၊ သံကူကွန်ကရစ် အုတ်ညှပ်အဆောက်အအုံဖြင့်ဖြစ်စေ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောက်လုပ်ပေးရန်အတွက် စိတ်ဝင်စားသူကုမ္ပဏီများကို ဖိတ်ခေါ်ပါသည်။

ဆောက်လုပ်လိုသည့်လုပ်ငန်းများမှာ အုပ်ချုပ်မှုရုံး၊ အစည်းအဝေးခန်း၊ ယာဉ်မောင်းနားနေဆောင်၊ ယာဉ်ပြင်နှင့်ရေဆေးဆီထိုးအလုပ်ရုံများကို ဆောက်လုပ်ပေးလိုသော စိတ်ဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုအဆိုပြုလွှာ၊ အဆောက်အအုံ ဒီဇိုင်းပုံစံနှင့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ဒါရိုက်တာအမည်စာရင်း(ပုံစံ ၂၆)၊ လုပ်ငန်းအတွေ့အကြုံ၊ Profile များ ပြည့်စုံစွာဖော်ပြပြီး အောက်ဖော်ပြပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

